# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 16 April 2020 ၉၉၈၄






Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် မွန်ပြည်နယ်မှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် မွန်ပြည်နယ်မှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး

နေပြည်တော် ဧပြီ ၁၅

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် မွန်ပြည်နယ်မှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐


**COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်**

ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ကာကွယ်ဆေး စမ်းသပ်မှုတွေ ဘယ်အခြေအနေရှိနေပြီလဲ


ဆောင်းပါး စာမျက်နှာ » ၁၀


ကိုဗစ်-၁၉ လူနာများအတွက် ဉာဏ်ရည်တုနည်းပညာသုံး ပထမဆုံးဆေးရုံ သြစတြေးလျ၌ ဖွင့်


စာမျက်နှာ » ၁၃


COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း


စာမျက်နှာ » ၁၅



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## ဘုံရန်သူကိုအောင်နိုင်ဖို့ ညီညွတ်ကြပါစို့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အားလုံး၏ ဘုံရန်သူဖြစ်သည့် ကိုဗစ်-၁၉ကို အောင်နိုင်ဖို့သာ ညီညီညွတ်ညွတ် လုပ်ကြရန် လိုအပ်မှုနှင့်ပတ်သက်၍ ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှ ဧပြီလ ၁၄ ရက်နေ့က အသိပေးပြောကြားလိုက်သည်။

မျက်မှောက်ကာလတွင် မြန်မာပြည်သူ ပြည်သားများသာမက ကမ္ဘာ့လူသားအားလုံး ကြုံတွေ့နေရသော ဘေးအန္တရာယ်မှာ ကိုဗစ်-၁၉ ဟူသော ကပ်ရောဂါဘေးဆိုး ဖြစ်သည်။ ထိုကပ်ရောဂါဘေးသည် လူသားအားလုံး၏ ဘုံရန်သူဖြစ်၍ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးရှိ အစိုးရများနှင့် ပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ၍ ကာကွယ်တိုက်ဖျက်နေကြသည်။

ညီညွတ်ခြင်းသည် အင်အားဖြစ်၍ မည်သည့်အန္တရာယ်၊ ရန်စွယ်ကိုမဆို အချိန်ကာလအတိုင်းအတာတစ်ခုတွင် မုချမသွေတွန်းလှန်ဖယ်ရှားပေးနိုင်ပါသည်။ သို့သော် ညီညွတ်ဖို့တော့လိုမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ပြည်သူတွေက ကျွန်မတို့အားလုံးရဲ့ ဘုံရန်သူဖြစ်တဲ့ ကိုဗစ်-၁၉ ကို အောင်နိုင်ဖို့ကိုသာ ညီညီညွတ်ညွတ်နဲ့ လုပ်ကြပါ။ ယခုအချိန်မှာ အရေးကြီးဆုံး လိုအပ်ချက်တစ်ခုက Quarantine ကိစ္စကို ထိထိရောက်ရောက် ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။ အစိုးရဌာနတွေ၊ ဝန်ထမ်းတွေချည်း လုပ်ရတာ မနိုင်မနင်းဖြစ်နေပါတယ်။ မေတ္တာ၊ စေတနာ၊ သတ္တိတို့နဲ့ ဝိုင်းဝန်းကူညီကြတဲ့ လူငယ်တွေ့ရဲ့ လုပ်အားက ကြီးမားတဲ့ အထောက်အပံ့ ဖြစ်ပါတယ်။ ဒီလို နိုင်ငံ့သားကောင်း သမီးကောင်းတွေကို အများကြီးကျေးဇူးတင်ပါတယ်"ဟု သတင်းစကားပါးခဲ့သည်။

မြန်မာနိုင်ငံတွင် ဧပြီလ ၁၅ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရသူ ၇၄ ဦး ရှိနေပြီဖြစ်သည်။ ယမန်နေ့က တစ်ရက်တည်းတွင် လူ ၂၁ ဦး ကူးစက်ခံရသည်ကို သင်ခန်းစာယူရမည် ဖြစ်သည်။ ထိုသို့ နောင်မဖြစ်စေရန်အတွက် နိုင်ငံတော်၏လမ်းညွှန်ချက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၊ ပြည်သူ ပြည်သားများ လိုက်နာဆောင်ရွက်ရမည့်အချက်များကို အားလုံးအတူတကွ ညီညီညွတ်ညွတ် တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

အဓိကမှာ လက်ရှိကာလ၌ နေအိမ်တွင်သာ နေထိုင်ကြရန်၊ မတတ်သာ၍ အပြင်ထွက်ရလျှင်လည်း နှာခေါင်းစည်းတပ်ဆင်ရန်၊ လူစုလူဝေး မပြုလုပ်ရန်၊ တစ်ဦးနှင့်တစ်ဦး သတ်မှတ်ထားသော အကွာအဝေးမှ ခပ်ခွာခွာနေရန်၊ ပြီးလျှင် လက်ကိုဆပ်ပြာဖြင့် ဆေးကြောရန်တို့ကို မပျက်မကွက် လုပ်ဆောင်ကြရမည် ဖြစ်သည်။ ပြင်ပတွင် လူအချင်းချင်းနှင့်ဆက်ဆံရာတွင် ရောဂါပိုးရှိသူသည် မည်သူမှန်းမသိနိုင်သဖြင့် လူတို့နှင့်အနီးကပ်ဆက်ဆံလျှင် အန္တရာယ်ရှိသည်ကို သတိချပ်ရမည်ဖြစ်သည်။ ရောဂါနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုဖြစ်ခြင်း၊ မဖြစ်ခြင်းနောက်တွင် ဒေါသများပါလာတတ်ရာ လူအချင်းချင်း ရန်လိုမုန်းဖက်ပြုမှုခြင်းမလုပ်ဘဲ စေတနာ၊ မေတ္တာတရားဖြင့် ဝိုင်းဝန်းဖေးမကူညီကြရမည် ဖြစ်သည်။

ရောဂါကူးစက်ခံရမှု တိုးလာသည်နှင့်အမျှ စိုးရိမ်ကြောင့်ကြမှုများလည်း များလာမည်ဖြစ်သည်။ ရောဂါရှိနိုင်သည်ဟု သံသယရှိလျှင် အစစ်အဆေး ခံကြရမည်ဖြစ်သည်။ စောစောသိပြီး စောစောဆေးကုသခံယူခြင်းသည် အကောင်းဆုံးဖြစ်ပြီး ရောဂါသက်သာပျောက်ကင်းနိုင်ပါသည်။ စောင့်ကြည့်စစ်ဆေးခြင်းကို မခံခြင်း၊ ရှောင်ဖယ်ခြင်း၊ အသိပေးထုတ်ပြန်ထားမှုများကို မလိုက်နာခြင်းတို့သည် မိမိအတွက်သာမက အခြားလူများအား အန္တရာယ် ဒုက္ခပေးနိုင်သည်ကို သတိပြုရမည် ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ကြုံတွေ့နေရသော ရောဂါဘေးသည် ကမ္ဘာသူကမ္ဘာသားအားလုံး ရင်ဆိုင်နေရသည့် ဘုံရန်သူဖြစ်၍ မိမိတို့စိတ်ဆန္ဒများကို ဦးစားမပေးဘဲ လူသားအားလုံး ရောဂါဘေးမှ ကင်းဝေးရမည်ဟူသည့် ခံယူချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်၊ သက်ဆိုင်ရာဌာနများ၏ အသိပေးထုတ်ပြန်ချက်များကို အတိအကျလိုက်နာကာ ဘုံရန်သူကို တွန်းလှန်ဖယ်ရှား အောင်မြင်နိုင်ဖို့ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြပါစို့ဟု အသိပေးနှိုးဆော်အပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကျောက်ဆည်မြို့၌ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါနှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ကျောက်ဆည် ဧပြီ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါနှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်းက နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့၏ အမိန့်ညွှန်ကြားချက်များနှင့်အညီ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးတွင် အဓိကကျသည့် လုပ်ငန်းဖြစ်သော လူစု၊ လူဝေးများ လုပ်ဆောင်မှုများမရှိစေရေး၊ ပြည်သူများ လိုက်နာဆောင်ရွက်ကြရေး၊ ကျောက်ဆည်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆေးရုံကြီးတွင် ဆောင်ရွက်ထားရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က မြို့နယ်အတွင်းရှိ နေရာများအလိုက် ကန့်သတ်စောင့်ကြည့်ရေးစင်တာ ၇၄ ခု ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုများ၊ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ အကြောင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးလင်းထူးက ကျေးလက်ကျန်းမာရေးဌာနများတွင် ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ခြင်း လုပ်ငန်းများနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေး လုပ်ငန်းများအကြောင်း၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက ပြည်သူများသို့ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အခြေအနေများနှင့် ပေါင်းစည်းမေတ္တာ ပရဟိတ အသင်းဥက္ကဋ္ဌ ဦးကိုကိုထွေးက ၎င်းတို့၏ အသင်းဝင်များက ကူညီဆောင်ရွက် ပေးလျက်ရှိသည့် လုပ်ငန်းအခြေအနေများကို အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



ကျောက်ဆည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ကူးစက်လူနာမရှိစေရေး၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၊ ပြည်သူများ ပူးပေါင်းပြီး ကာကွယ်ရေးလုပ်ငန်းများကို နေရာအနှံ့အပြားတွင် အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ကသာမြို့ ဘူတာဈေး၌ ဈေးသူ၊ ဈေးသားများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေ

**ကသာ ဧပြီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီက ကသာမြို့တွင်းဈေးရှိ ဈေးဝယ်သူနှင့် ဈေးရောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ပေးဝေခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဘူတာဈေးတွင် ဆောင်ရွက်ခဲ့သည်။

ကသာမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဒုတိယဦးစီးမှူး(ဈေးအရာရှိ) ဦးဆောင်သော ဝန်ထမ်းများသည် ဘူတာဈေးတွင်ဈေးစည်းကမ်းထိန်းသိမ်းရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဈေးအတွင်းဝင်ရောက်လာသောသူများနှင့် ဈေးရောင်းချသူများအား နှာခေါင်းစည်း အခု ၁၀၀ ပေးဝေခြင်း၊ ဈေးဝယ်သူများအနေဖြင့် ဈေးဝယ်လျှင် သုံးပေအကွာမှ ဝယ်ယူကြရန်၊ ဈေးရောင်းသူများအား သတ်မှတ်ထားသည့်ဧရိယာအတွင်း ဈေးရောင်းချကြရန် အတွက် အသိပေးကြေညာခြင်း၊ ဈေးရောင်း ဈေးဝယ်များအား ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ စည်ပင်သာယာရေးကော်မတီမှ အဆိုပါဈေးသိမ်းချိန်တွင် ဈေးအတွင်း ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဘူတာဈေးမှာက ရောဝတီမြစ်တစ်ဖက်ကမ်းက မြစ်ကိုကျော်ပြီး ဈေးလာရောင်းတဲ့ ဈေးသည်တွေ ပိုများတဲ့အတွက် အဲဒီဈေးသည်တွေကို အဓိကထားပြီး နှာခေါင်းစည်းတွေ ပေးဝေခဲ့တယ်။ ပြီးတော့ ဈေးအတွင်းမှာ ဈေးရောင်း ဈေးဝယ်သူတွေ စည်းကမ်းတကျ ဝယ်ယူရောင်းချနိုင်ဖို့ ခြောက်ပေ၊ သုံးပေအကွာ သတ်မှတ်စည်းကမ်းတွေကို စနစ်တကျဆောင်ရွက်ပေးထားပြီး ဈေးရောင်း ဈေးဝယ်သူတွေအနေနဲ့ ညွှန်ကြားချက်နဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ပါတယ်။ ဈေးရှိရေမြောင်းတွေကို သန့်ရှင်းရေးလုပ်ပြီး ပိုးသတ်ဆေးဖျန်းတဲ့ လုပ်ငန်းတွေဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ ဒုတိယဦးစီးမှူး ဒေါ်ဇာဇာဝင်းက ပြောသည်။

**ရဲအောင်(ကသာ)**



## လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နေအိမ်အတွက် ထောက်ပံ့ငွေနှင့် ဆန်ဖိုးငွေ ပေးအပ်

**တနသ်ာရီ ဧပြီ ၁၅**

မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း ဧပြီ ၁၃ ရက် ညနေ ၆ နာရီခွဲခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သော အရှေ့မော်တုန်းကျေးရွာအုပ်စု အရှေ့မော်တုန်းရွာနေ ဦးသားချို၏ နေအိမ်အတွက် တနင်္သာရီမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူးဦးကျော်ဆန်းက အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် တစ်သိန်း၊ ဆန်ဖိုးခုနစ်ရက်စာထောက်ပံ့ငွေ မိသားစုဝင်သုံးဦးအား ငွေကျပ် ၆၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါဝင်သည့် သေတ္တာပုံး တစ်လုံး တို့ကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ(ကိုယ်စား) တပ်ဖွဲ့ဝင် ဆန်းလင်းထိုက်နှင့် တပ်ဖွဲ့ဝင်သုံးဦးတို့က တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်း (တစ်လစာအတွက်) တစ်ပုံးတို့ကိုလည်းကောင်း ဧပြီ ၁၄ ရက် နံနက် ၁၁ နာရီက အိမ်တိုင်ရာရောက်သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါနေအိမ်သည် အလျား ၁၂ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၁၀ ပေရှိပြီး ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း၊ သစ်တိုင်အမျိုးအစားဖြစ်သည်။ ၎င်းမိသားစုဝင်များသည် နေအိမ်ပြိုကျစဉ်က နီးစပ်ရာဆွေမျိုးများ နေအိမ်တွင် ယာယီပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

**နန်းသာရီ၊ ထိန်ဝင်း(ပြန်/ဆက်)**

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် မွန်ပြည်နယ်မှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးစဉ်။

- **အရေးကြီးသည်မှာ ကာယကံရှင် ပြည်သူများကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်**
- **ပြည်သူများအတွက် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုသည် မိမိကိုယ်တိုင်သာလျှင် အဓိကဖြစ်**
- **COVID-19 ရောဂါသည် ကူးစက်လွယ်သဖြင့် လက်ဆေးကြရမည်၊ Mask ကို တပ်ဆင်ကြရမည်၊ ပြင်ပသွားလာမှုများကို ဆင်ခြင်ကြရမည်ဖြစ်**
- **Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို တာဝန်အရ လုပ်ဆောင်ရသည်ဖြစ်စေ၊ စေတနာ့ဝန်ထမ်းအဖြစ် စေတနာအရ ဆောင်ရွက်ရသည်ဖြစ်စေ အမှန်တကယ် ဆောင်ရွက်ရမည့်အချိန်တွင် မိမိတို့အလုပ်ကို ပီပီပြင်ပြင်ဆောင်ရွက်ခြင်းသည် နိုင်ငံအပေါ် စေတနာထားခြင်းဖြစ်သည်ဟု သတ်မှတ်**

❐ ရေှ့ဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မွန်ပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက် ဦးဆောင်ကော်မတီမှ ဦးဘိုဘိုဝင်းက ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှု ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ COVID–19 ကာကွယ်ထိန်းချုပ် စောင့်ကြပ်ကြည့်ရှုနိုင်ရေး ကျန်းမာရေးစစ်ဆေးဆောင်ရွက်မှုများ၊ Community Based Facility Quarantine (CBFQ) တွင် ပြည်တော်ပြန်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ မွန်ပြည်နယ် ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝတ်မှုံက ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် အရေးပေါ်လိုအပ်ချက်များကို ပြည်နယ် အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ ကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲတွင် ကြီးကြပ်ဆောင်ရွက်နေမှုများ၊ ဆေးဝါးလိုအပ်ချက် များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြတောင်းခံခြင်းနှင့် ပြန်လည်ခွဲဝေချထားခြင်းဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်က COVID–19 ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မော်လမြိုင်တက္ကသိုလ် (၁၀) မြို့နယ်အဆောင်တွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာကြသည့် Community Based Facility Quarantine (CBFQ) စခန်းရှိ ပြည်သူများအား စားသောက်ရေး၊ နေထိုင်ရေးနှင့် သွားလာရေး စီစဉ်ဆောင်ရွက်ပေးနေမှုများ၊ လုပ်ငန်းရှင်များ၊ အလှူရှင်များနှင့် ပူးပေါင်းလှူဒါန်းမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ COVID–19 ရောဂါနှင့်ပတ်သက်၍ အသိပညာပေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ နှင့် စေတနာ့ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်မှသာ COVID– 19 ရောဂါကို ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ ကာယကံရှင် ပြည်သူများကိုယ်တိုင် ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကျန်းမာရေးကို မိမိတို့ တန်ဖိုးထား ကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကို တန်ဖိုးထားလာကြလျှင် ညွှန်ကြားချက် များကို လိုက်နာလာကြမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုများကို ထပ်ခါတလဲလဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ Positive လူနာ ၇၄ ဦး ရှိလာပြီ ဖြစ်ပါကြောင်း၊ COVID–19 ရောဂါသည် ကူးစက်လွယ်သဖြင့် လက်ဆေးကြရ မည်၊ Mask ကို တပ်ဆင်ကြရမည်၊ ပြင်ပသွားလာမှုများကို ဆင်ခြင်ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ရောဂါကူးစက်မှု လျော့ကျလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ထုတ်လွှင့်သည့် သတင်းများကို နားထောင်ကြစေလိုပါကြောင်း၊ ပြည်သူများအတွက် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုသည် မိမိကိုယ်တိုင် သာလျှင် အဓိကဖြစ်ပါကြောင်း၊ ပြည်သူများသည်သာ အဓိကဖြစ်ပါကြောင်း၊ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို တာဝန်အရ လုပ်ဆောင်ရသည်ဖြစ်စေ၊ စေတနာ့ဝန်ထမ်းအဖြစ် စေတနာအရ ဆောင်ရွက်ရသည်ဖြစ်စေ အမှန်တကယ် ဆောင်ရွက်ရမည့်အချိန် တွင် မိမိတို့အလုပ်ကို ပီပီပြင်ပြင် ဆောင်ရွက်ခြင်းသည် နိုင်ငံအပေါ် စေတနာ ထားခြင်းဖြစ်သည်ဟု သတ်မှတ်ပါကြောင်း၊ ကုသိုလ်အကျိုးတရားများကို အပြည့်အဝ အလျင်အမြန် ခံစားကြရပါစေ၊ လာမည့်နှစ်သစ်တွင် ကျန်းကျန်း မာမာချမ်းချမ်းသာသာဖြင့် နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေဟု ဆုတောင်းအပ် ပါကြောင်း၊ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID–19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေး ပညာပေးညွှန်ကြားချက်များကို သိရှိအောင် လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျ ဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေး စောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပါအဝင် ခါတ်ခွဲနမူနာယူ စစ်ဆေးသူ ၃၂ ဦးလုံးတွင် ရောဂါပိုး မတွေ့ရှိ

နေပြည်တော် မေ ၁၅

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပါအဝင် ခါတ်ခွဲနမူနာယူ စစ်ဆေးသူ ၃၂ ဦးလုံးတွင် ရောဂါပိုးမတွေ့ရှိ (မတွေ့ရှိ) ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့တွင် ၎င်း၏ ဖေ့စ်ဘွတ် စာမျက်နှာမှတစ်ဆင့် ရေးသားထားသည်။

၎င်းက ဒုတိယသမ္မတကြီးနှင့် မိသားစုဝင်များ၊ အနီးကပ် ထိတွေ့ရသည့် ဝန်ထမ်းများအားလုံးကို ယမန်နေ့က ခါတ်ခွဲနမူနာရယူပြီး စစ်ဆေးခဲ့ကြောင်း၊ ဒီကနေ့ မနက်စောစော (ယမန်နေ့ည နှောင်းပိုင်း)မှာ အဖြေသိရှိခဲ့ရကြောင်း၊ ခါတ်ခွဲနမူနာယူ စစ်ဆေးသူအားလုံး ၃၂ ဦးရှိပြီးတော့ ၃၂ ဦးလုံးမှာ ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ)ရပါကြောင်း ရှင်းလင်းရေးသားခဲ့သည်။

ထို့ပြင် ၎င်းက COVID-19 ဟာ မြန်မာနိုင်ငံမှာ မတ် ၂၃ ရက်နေ့မှာမှ စတင်တွေ့ရှိခဲ့တာဖြစ်ကြောင်း၊ လူမှုကွန်ရက်မှာ ပျံ့နှံ့နေတဲ့ ခါတ်ပုံပါတွေ့ဆုံမှုဟာ ဖေဖော်ဝါရီလ ၈ ရက်နေ့ဖြစ်ပြီး ပြန်ကြည့်ရင် Case 1 မတွေ့မီ ၄၂ ရက်အကွာမှာ တွေ့ဆုံခဲ့တာဖြစ်ကြောင်း၊ အခုဆိုရင် အချိန်ကာလအားဖြင့် (၂) လကျော်ကြာမြင့်ပြီဖြစ်သော်လည်း ခါတ်ပုံပါပုဂ္ဂိုလ် COVID-19 စစ်ဆေးချက် Positive တွေ့ရှိပြီးတဲ့နောက် ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုတွေ ပြေပျောက်အောင်၊ စိုးရိမ်ပူပန်သူတွေ သံသယကင်းရှင်းအောင် ဒုတိယသမ္မတကြီး၊ သူ့ မိသားစုနဲ့ အနီးကပ်တာဝန်ထမ်းဆောင်သူအားလုံး အခုလို ဆေးစစ်ခံခဲ့တာ ဖြစ်ကြောင်း ဖော်ပြထားသည်။

ဆက်လက်၍လည်း ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက နိုင်ငံတော်အကြီးအကဲတွေရဲ့ ကျန်းမာရေးအခြေအနေတွေနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ COVID-19 ကူးစက်မှု ဖြစ်ပွားနေတဲ့ အချိန်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြစေလိုကြောင်းလည်း ဒုတိယသမ္မတကြီးက စကားပါးလိုက်ပါကြောင်း ရေးသားထားသည်ကို တွေ့ရသည်။

**ထက်လျှံ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာလုပ်ငန်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁၅

IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိ**

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် IDP စခန်းနှင့် တိုက်ပွဲရှောင်စခန်းများရှိ စခန်းစီမံခန့်ခွဲသူများနှင့် စခန်းနေသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် စခန်းနေသူများအား ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန် အသိပေးနှိုးဆော်ချက်များကို IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများသို့ အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ညှိနှိုင်းဆွေးနွေးပွဲတွင် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြပေးစေလိုကြောင်း ပြောကြားသည်။



ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကချင်ပြည်နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက (၁၅-၄-၂၀၂၀) ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် IDP စခန်း၌ ကိုဗစ် -၁၉ အသိပညာပေးခြင်း၊ လက်ဆေးဆပ်ပြာနှင့် နှာခေါင်းစည်းများ ဖြန့်ဝေခြင်းများ ဆောင်ရွက်စဉ်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ဧပြီ ၁၅ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ IDP စခန်းခြောက်ခုဖြစ်သော တပ်ကုန်းနှစ်ခြင်း၊ တပ်ကုန်း အင်ဂျန်ဒုံ၊ တပ်ကုန်း ဂါလိလဲ၊ တပ်ကုန်း မောနွေလ၊ တပ်ကုန်း စံပြနှစ်ခြင်း၊ တပ်ကုန်းရာဒါကောင်းဘီ COC တို့တွင် လက်ဆေးဘေစင်များ တပ်ဆင်ဆောင်ရွက်ပေးခြင်း၊ ဆပ်ပြာနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်းရှိ IDP စခန်းများဖြစ်သော အေးလင်းမြတ်ရှင်စခန်းနှင့် မြတ်ပန်းဝတ်မှုံစခန်းတို့၌ ဆပ်ပြာနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်ဆမီးရှိ တိုက်ပွဲရှောင်စခန်း ခုနစ်ခုတွင် ဆပ်ပြာထောက်ပံ့ပေးခြင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဝိဘဇ္ဇာဝါဒီဘုန်းကြီးကျောင်း၊ နန်းရွှေဂူ ဘုန်းကြီးကျောင်းနှင့် ဓမ္မာရာမဘုန်းကြီးကျောင်း၊ မဏိရတနာ ဘုန်းကြီးကျောင်းရှိ တိုက်ပွဲရှောင်များအတွက် ဆပ်ပြာနှင့် နှာခေါင်းစည်းများထောက်ပံ့ပေးခြင်း၊ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ (၅)ရပ်ကွက်ရှိ IDP စခန်း နှင့် (၆)ရပ်ကွက်ရှိ IDP စခန်း၊ နမ္မတူမြို့နယ်ရှိ လီဆူး IDP စခန်းနှင့် ကချင်နှစ်ခြင်း IDP စခန်း၊ နမ့်ခမ်းမြို့နယ်ရှိ ဂြေဲ (၁) IDP စခန်းများတွင် ဆပ်ပြာနှင့် နှာခေါင်စည်းများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက IDP စခန်းများ၊ တိုက်ပွဲရှောင်စခန်းများအားလုံးတွင် ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အသိ၊ သတိဖြင့် အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နေမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဒလမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်စေရေး ဆောင်ရွက်

ဒလ မေ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို မြို့နယ်အဆင့် အဖွဲ့အစည်းများက အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြသကဲ့သို့ မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းမှစ၍ ရပ်ကွက်၊ ကျေးရွာများ၌ ရပ်ကွက်၊ ကျေးရွာသားများ စုပေါင်းအားဖြင့် ရပ်ကွက်အဝင်၊ ရွာအဝင်လမ်းပေါ်၌ ဂိတ်များပြုလုပ်ကာ တင်းတင်းကျပ်ကျပ် အသိပေးစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တံတားချောင်းကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းရှေ့၊ ရွာအဝင်လမ်းပေါ်တွင် ထိုကျေးရွာမှ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် စေတနာရှင်များ စုပေါင်း၍ ဂိတ်ပြုလုပ်ကာ စျေးသွားစျေးလာ ရွာသူရွာသားများနှင့် အခြားခရီးသွားများအားရပ်နားစေပြီး ကိုယ်အပူချိန်တိုင်းခြင်း၊ ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်သွားလာကြရန် အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ အံ့ကြီးအနောက်ရပ်ကွက် အမှတ် (၁၃) အခြေခံပညာမူလတန်းကျောင်းရှေ့ ဗိုလ်ချုပ်လမ်းပေါ်၌ လည်းကောင်း၊ ၆ ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ ရပ်ကွက်အဝင်လမ်း၌လည်းကောင်း ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများစုပေါင်း၍ လက်ဆေးစင်များ၊ ဆပ်ပြာရည်များထားရှိကာ ခရီးသွားပြည်သူများအား ရပ်နားစေ၍ လက်ဆေးစေကာ မြို့နယ်မှ သတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာများ လိုက်နာနေထိုင်ကြရန် အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဌေး (ဒလ)**

## IDP စခန်းများနှင့်တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ် ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- စခန်းများတွင်တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကိုစနစ်တကျ မကြာခဏ ဆေးကြောပါ၊
- အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ၊
- စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ၊
- နေ့စဉ်ကိုယ်ပူချိန်တိုင်းခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ဆေးခြင်းနှင့် ပညာပေးခြင်းတို့ကို စခန်းတွင်းရှိစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စနစ်တကျအလှည့်ကျတာဝန်ယူ ဆောင်ရွက်ပါ၊
- စခန်းတွင်းနေထိုင်သူများ ပြင်ပသို့သွားလာခြင်း မပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာခြင်း၊ ခွဲစိတ်ခန်းသုံးပါးစပ်နှင့်နှာခေါင်းစည်း (သို့မဟုတ်) အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လက်ဆေးခြင်းများကို တိကျစွာ ဆောင်ရွက်ပါ၊
- စခန်းတွင်းသို့ ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ၊
- COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီတင်ပြဆောင်ရွက်ပါ၊
- COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ၊
- COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှု စတဲ့အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားၝပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ]*





နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် (၅)မျိုး ထောက်ပံ့ပေးအပ်စဉ်။

❂ နေပြည်တော်ကောင်စီနယ်မြေမှ

စုစုပေါင်း ၁၄၀၈၄၈ စုရှိပြီး ဇမ္ဗူသီရိမြို့နယ်၌ အိမ်ထောင်စု ၅၅၁၉ စု၊ ပုဗ္ဗသီရိမြို့နယ်၌ အိမ်ထောင်စု ၁၂၄၅၇ စု၊ ဒက္ခိဏသီရိမြို့နယ်၌ အိမ်ထောင်စု ၆၁၈၇ စု၊ ဥတ္တရသီရိမြို့နယ်၌ အိမ်ထောင်စု ၉၁၈၆ စု၊ ဇေယျာသီရိမြို့နယ်၌ အိမ်ထောင်စု ၁၁၆၅၅ စု၊ ပျဉ်းမနားမြို့နယ်၌ အိမ်ထောင်စု ၂၇၄၂၈ စု၊ လယ်ဝေးမြို့နယ်၌ အိမ်ထောင်စု ၃၈၄၉၈ စုနှင့် တပ်ကုန်းမြို့နယ်၌ အိမ်ထောင်စု ၂၉၉၁၈ စုရှိပြီး ထောက်ပံ့ရန်ကျန်ရှိသည့် အိမ်ထောင်စုများကို ယနေ့တွင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဆက်လက်ထောက်ပံ့ပေးအပ်လျက်ရှိသည်။

အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရာတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက စနစ်တကျရှိစေရေးအတွက် စာရင်းရေးသွင်းထုတ်ပေးကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများ အတိုင်း ဖြန့်ဝေပေးလျက်ရှိသည်။

ဥတ္တရသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဦးက "ဥတ္တရသီရိမြို့နယ်မှာ ရပ်ကွက် ၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈ အုပ်စုက အိမ်ထောင်စု ကိုးထောင်ကျော်ကို စားသောက်ကုန်(၅)မျိုးမှာ ဆန်၊ ကြက်သွန်၊ ဆားနဲ့ ပဲ ပစ္စည်းလေးမျိုး ထောက်ပံ့တာ အကုန်ပြီးနေပါပြီ။ ဆီတစ်မျိုးတည်း အိမ်ထောင်စု နှစ်ထောင်ကျော် ထောက်ပံ့ပေးဖို့ ကျန်သေးတယ်။ ဆီကိုလည်း သွားထုတ်ယူနေပါပြီ။ မနက်ဖြန်ကျရင် ဆက်လက်ထောက်ပံ့ပေးသွားမှာပါ"ဟု ပြောသည်။

နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် အခြေခံလူတန်းစား မိသားစုများကို သတ်မှတ်စားသောက်ကုန်များ ထောက်ပံ့ပေးလျက်ရှိရာတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့မှ ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် တာဝန်ရှိသူများက သတ်မှတ်ကာကွယ်ရေးပစ္စည်းများ အသုံးပြုပြီး အိမ်အရောက်ပို့စနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ ထို့အတူ စားသောက်ကုန်ပစ္စည်းများ ဖြန့်ဝေပေးရာတွင် ပြည်သူများကို တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကိုလည်း မျှဝေပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စုများကို နိုင်ငံတော်က စားသောက်ကုန်(၅)မျိုး ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ပရဟိတအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် လုပ်ငန်းရှင်များကလည်း အခြေခံလူတန်းစားပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများကို လိုက်လံလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်း-ဟန်လင်းနိုင်၊ ဓာတ်ပုံ-ထန်းဖုန်**

■ မြဝတီမြို့မှ

ဖြန့်ဝေပေးခဲ့သည်။ ထိုသို့ဖြန့်ဝေရာတွင် အိမ်ထောင်စု(၁)စုလျှင် အခြေခံစားသောက်ကုန် (၅) မျိုးဖြစ်သော ဆန် (၈)ပြည်၊ ဆီ(၅၀) ကျပ်သား၊ ပဲ(၁) ပိဿာ၊ ဆား(၅၀)ကျပ်သား၊ ကြက်သွန်နီ(၁)ပိဿာတို့ ပါဝင်ပြီး ပထမဦးစားပေးစာရင်းအရ ဖြန့်ဝေပေးနေခြင်းဖြစ်သည်။

မြဝတီမြို့နယ်အနေဖြင့် ဧပြီ ၁၀ ရက်က အိမ်ထောင်စု ၂၀၀ စု၊ ၁၁ ရက်က အိမ်ထောင်စု ၁၁၅၀၊ ၁၂ ရက်က အိမ်ထောင်စု ၁၁၀၀၊ ၁၃ ရက်က အိမ်ထောင်စု ၅၀၀၊ ၁၄ ရက်က အိမ်ထောင်စု ၂၅၀၀ နှင့် ယနေ့တွင် အိမ်ထောင်စု ၃၅၀၀ အား ဆက်လက်ဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များ ဝန်ထမ်းများထံ ထပ်ဆင့်ထောက်ပံ့ပေးအပ်

**မိတ္ထီလာ ဧပြီ ၁၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆန်၊ ဆီ အပါအဝင် အခြေခံစားသောက်ကုန်များကို မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ထပ်ဆင့်ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက အဆိုပါဦးစီးဌာန၌ ပြုလုပ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းတွေကို ထောက်ပံပေးအပ်တဲ့ အခြေခံစားသောက်ကုန်တွေ ထပ်ဆင့်ထောက်ပံ့ပေးအပ်တာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေမှာ တက်တက်ကြွကြွ လိုက်ပါဆောင်ရွက်နေတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းတွေကို အသိအမှတ်ပြုထောက်ပံ့ပေးအပ်တာဖြစ်ပါတယ်။ ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ကုလားပဲ (၅၀)ကျပ်သား၊ ခေါက်ဆွဲခြောက် (၅)ထုပ်၊ ငါးသေတ္တာ (၃)ဘူး၊ မုန့် (၁)ထုပ်၊ နှာခေါင်းစည်း ၃၀ ကို ဝန်ထမ်း စုစုပေါင်း ၁၀၁ ဦးအတွက် ထောက်ပံ့ပေးအပ်တာဖြစ်ပါတယ် "ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က ပြောသည်။

မန္တလေးတိုင်ဒေသကြီးအစိုးအရအဖွဲ့က မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာခရိုင်ထွေ/အုပ်ရုံးဝန်ထမ်း ၄၈ ဦးအပါအဝင်၊ မိတ္ထီလာ ၁၀၁ ဦး၊ မလှိုင် ၈၅ ဦး၊ သာစည် ၁၁၇ ဦး၊ ဝမ်းတွင်း ၁၀၁ ဦး စုစုပေါင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၄၅၂ ဦးအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျောက်တံတားမြို့နယ်၌ လမ်းသွားလမ်းလာများ၊ ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများ နှာခေါင်းစည်း တပ်ဆင်ထားမှု ရှိ၊ မရှိ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဧပြီ ၁၅**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆောင်ရွက်မှုအနေဖြင့် လမ်းသွားလမ်းလာများ၊ ယာဉ်မောင်းများနှင့် လိုက်ပါစီးနင်းသူများအား နှာခေါင်းစည်း တပ်ဆင်ထားမှု ရှိ၊ မရှိနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အနော်ရထာလမ်းပေါ်၌ ပြုလုပ်လျက်ရှိသည်။

ကျောက်တံတားမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့(၄၁) တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဝင်းဌေးက "သက်ဆိုင်ရာ ရပ်မိရပ်ဖတွေနဲ့ပူးပေါင်းပြီး လမ်းသွားလမ်းလာတွေ၊ ယာဉ်မောင်းနဲ့တကွ ယာဉ်ပေါ်မှာပါရှိတဲ့သူတွေကို ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေတာပါ။ အဓိကကတော့ နှာခေါင်းစည်း တပ်ဆင်ထားမှု ရှိ၊ မရှိစစ်ဆေးတယ်။ နှာခေါင်းစည်းပါရှိပြီး မတပ်ထားတဲ့သူတွေကို တပ်ဖို့အသိပေးတယ်။ နှာခေါင်းစည်းမပါလို့ မတပ်တဲ့သူတွေကိုလည်း ကျွန်တော်တို့က နှာခေါင်းစည်းတွေ အခမဲ့ဖြန့်ဝေပြီး တပ်ဆင်ပေးနေတာပါ။ အခုအချိန်မှာ ပြည်သူတွေအနေနဲ့လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ ထုတ်ပြန်မှုကို အထူးဂရုပြုပြီး လိုက်နာဖို့လိုပါတယ်" ဟု ပြောသည်။



ယင်းသို့ ဆောင်ရွက်ရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့သည် လမ်းသွားလမ်းလာတွေ၊ ယာဉ်မောင်းများနှင့် စီးနင်းလိုက်ပါလာသူများအား နှာခေါင်းစည်း တပ်ဆင်ထားမှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ခဲ့သည့်အပြင် သွားလာမည့် တည်နေရာနှင့် အကြောင်းအရာများကို မေးမြန်းမှုများ ပြုလုပ်ကာ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသည့် ကျန်းမာရေးနှင့်ပတ်သက်သည့် လိုက်နာနေထိုင်ရမည့် အချက်အလက်များကိုလည်း ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျောက်တံတားမြို့နယ် အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဒေါ်ဌေးဌေးရီးက "အခုလိုဆောင်ရွက်တဲ့အခါမှာ နှာခေါင်းစည်းပါပေမယ့် အများစုက လူရှင်းလို့ဆိုပြီး မတပ်တဲ့သူတွေရှိတာ တွေ့ရတယ်။ အချို့ကလည်း ကားမောင်းနေရင်းနဲ့ လူတောထဲသွားနေတာမဟုတ်လို့ တပ်စရာမလိုဘူးအထင်နဲ့ မတပ်တာတွေရှိတယ်။ အသက်ရှူမွန်းလို့ဆိုပြီး တမင်တကာ မတပ်တဲ့သူတွေလည်း တွေ့ရတယ်" ဟုပြောသည်။

နှာခေါင်းစည်း တပ်ဆင်ထားမှုရှိ၊ မရှိနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ဧပြီ ၁၃ ရက်မှ စတင်ကာ ကျောက်တံတားမြို့နယ်ရှိ ဖြတ်သန်းသွားလာမှု အများဆုံးနေရာများဖြစ်သော လမ်းမကြီးများပေါ်၌ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# ကိုရိုနာဗိုင်းရပ်စ်၏စီးပွားရေးသက်ရောက်မှု၊ အကျိုးဆက်နှင့် အနာဂတ်အတွက်ပြင်ဆင်မှု

စောနိုင် ( အသုံးချဘောဂဗေဒ)

(၁)

ကမ္ဘာ့ကပ်ရောဂါအသစ် ကိုဗစ်-၁၉ ရောဂါ ခေါ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ကူးစက် ရောက်ရှိသွားနေခဲ့ပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) ၏ အစီရင်ခံစာများအရ ဧပြီလ ၁၅ ရက်နေ့အထိ အခြေအနေမှာ တစ်ကမ္ဘာလုံးကူးစက်သူဦးရေ နှစ်သန်းကျော်နှင့် သေဆုံးသူဦးရေ တစ်သိန်းနှစ်သောင်းကျော် ရှိနေပြီဖြစ်သည်။ အခြေအနေအရပ်ရပ်သည် ကျန်းမာရေး ကဏ္ဍနှင့် တိုက်ရိုက်သက်ဆိုင်နေသော်လည်း အခြားသောကဏ္ဍများကိုပါ ဆက်စပ်သက်ရောက်မှုများ ဖြစ်လာနေသည်။ အထူးသဖြင့် ကမ္ဘာ့စီးပွားရေးကို မျှော်လင့်မထားသည့် အခြေအနေဆိုး တစ်ရပ်ဆီသို့ ဦးတည်သွားစေနိုင်သည်ဟု သုံးသပ်သူများက မှန်းဆနေကြသည်။

(၂)

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် အကျိုးဆက်များသည် အမေရိကန် သမ္မတ အိုင်ဆင်ဟောင်ဝါး စတင်ခေါ်ဝေါ်ခဲ့သည့် ဒိုမီနို သက်ရောက်မှု (Domino effect) ကဲ့သို့ ဖြစ်ပေါ်နေပြီလော။ အမေရိကန်နိုင်ငံသား သင်္ချာဘာသာနှင့် မိုးလေဝသပညာရှင် အက်ဝပ် လောရင့်ဇ် ဖော်ထုတ်ခဲ့သည့် လိပ်ပြာတောင်ပံခတ်သက်ရောက်မှု (butterfly effect)အခြေအနေမျိုးလော။ မည်သို့ပင်ဆိုစေကာမူ ကိုရိုနာဗိုင်းရပ်စ်သောကများသည် ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးသို့ သက်ရောက်နေခဲ့ပြီဖြစ်သည်။ အိုင်တီနည်းပညာ တိုးတက်မှု၊ အဆင့်မြင့်နည်းပညာသုံး သယ်ယူပို့ဆောင်ရေးယာဉ်ယန္တရားများ ထွန်းကားလာမှုနှင့်အတူ ဂလိုဘယ်လိုက်ဖေးရှင်း အရှိန်တက်နေသော ကမ္ဘာသည် ဒိုမီနို သက်ရောက်မှု၊ လိပ်ပြာတောင်ပံခတ် သက်ရောက်မှုများကို ယခင်ကာလများထက် ပို၍အရှိန်ပြင်းစွာ၊ ပို၍လျင်မြန်စွာ ခံစားနေရပြီဖြစ်သည်။

(၃)

ကမ္ဘာအရပ်ရပ်ရှိ စီးပွားရေးလုပ်ငန်းများ မည်သို့ရင်ဆိုင်နေကြရသနည်း။ တစ်စုံတစ်ရာသော မျှော်လင့်ချက်ဖြင့် အားလုံးရုန်းကန်နေကြရမည်မှာသေချာ၏။ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှု၊ ကုန်သွယ်မှု စသည့်နိုင်ငံတကာ စီးပွားရေးအခြေအနေများအပေါ်တွင် သက်ရောက်မှုများစွာ ရှိလာခဲ့ပြီ။ ဘဏ္ဍာရေးဈေးကွက်များသည်လည်း ရုတ်ခြည်းကျဆင်းနေခဲ့ပြီဖြစ်သည်။ လွန်ခဲ့သောဆယ်စုနှစ်များက မကြုံတွေ့ခဲ့ဖူးသည့် ဆုံးရှုံးမှုအခြေအနေမျိုး၊ ဆိုးဆိုးရွားရွားအခြေအနေမျိုးကို ရင်ဆိုင်နေကြရပြီဟုဆိုကြသည်။ ရင်းနှီးမြှုပ်နှံသူများ စိုးရိမ်ကြီးစရာအဖြစ် ခံစားနေရစဉ်မှာပင် အကျိုးဆက်များမှာ တဖြည်းဖြည်းထင်ထင်ရှားရှား ဖြစ်လာနေသည်။ ဈေးကွက်များအားလုံးသည် ယုံကြည်မှုမဲ့ခြင်းကိုခံနေကြရပြီး နိုင်ငံအသီးသီးတွင် စီးပွားရေးအားထုတ်မှုများ၌ ဟန့်တားမှု၊ နှောင့်နှေးမှုများစွာ ဖြစ်ပေါ်နေခဲ့ပြီဖြစ်သည်။

(၄)

ယနေ့ကမ္ဘာတွင် စစ်ရေး၊ နိုင်ငံရေး၊ နယ်နိမိတ်ရေး စသဖြင့် ပြဿနာများစွာ ပိုမိုရှုပ်ထွေးလာနေသည့်တိုင် ဥစ္စာဓန၏ အခန်းကဏ္ဍသည် ယခင်ကထက် ပိုမိုကြီးမားလျက်ရှိနေသည်။ ထို့ကြောင့် လူသားတို့နေရာ ဤကမ္ဘာသည် ဓနအဓိက ကြီးစိုးလွှမ်းမိုးရာနေရာအဖြစ် ပိုမိုပီပြင်လာနေ၏။ ဤသို့သော ဥစ္စာဓနကြွယ်ဝမှု ပိုမိုအလေးထားလာသည့် ကမ္ဘာထဲ၌ ယခုကဲ့သို့ အခြေအနေမျိုး ဖြစ်ပေါ်နေချိန်တွင် နိုင်ငံအစိုးရများ၏အကြီးမားဆုံးသော စိုးရိမ်သောကသည် စီးပွားရေးအဆောက်အဦအတွင်း အလုပ်လက်မဲ့ မြင့်မားလာမှုဖြစ်သည်။ ယခုထိုအခြေအနေဆိုးများမှ ရှောင်လွှဲနိုင်ရန်အတွက် အားထုတ်နေကြရ၏။ နိုင်ငံသားများ၏အလုပ်အကိုင် အခွင့်အလမ်းများကို အကာအကွယ်ပေးနိုင်ရေးရည်ရွယ်ချက်ဖြင့် ကူညီပံ့ပိုးရေးအစီအစဉ်များ၊ အမိန့်များ၊ ကြေညာချက်များ ထုတ်ပြန်နိုင်ရေးတို့အတွက် ပြင်ဆင်နေကြရသည်။

ကိုရိုနာဗိုင်းရပ်စ်သည် နိုင်ငံအသီးသီး၏ ထုတ်လုပ်မှုများကို အလိုအလျောက် သက်ရောက်လာလျက်ရှိနေသည်။ ကဏ္ဍအသီးသီးတွင် လူမှုရေးကုန်ကျစရိတ်ပမာဏ မြင့်တက်လာတော့မည်။ ဘဏ်များ၏ အခန်းကဏ္ဍသည်ပို၍အရေးပါလာပြီး ထိထိရောက်ရောက် လှုပ်ရှားနိုင်ရန် အားထုတ်ရတော့မည်။ ဗဟိုဘဏ်များသည်လည်း ချေးငွေများ သက်သက်သာသာ ထုတ်ပေးနိုင်ရေး၊ ငွေကြေး အသုံးစရိတ်သုံးစွဲမှုကို ပိုမိုအားပေးနိုင်ရေး၊ စီးပွားရေး အဆောက်အဦအတွင်း ငွေကြေးလည်ပတ်မှု နှေးကွေးလေးလံမှု မဖြစ်စေရန် ငွေကြေးများထည့်သွင်းပေးနိုင်ရေးအတွက်လည်း စီစဉ်နေကြရသည်။

(၅)

ကိုရိုနာဗိုင်းရပ်စ်ကြောင့်ထိခိုက်မှုအများဆုံးစီးပွားရေးလုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းကဏ္ဍ ပါဝင်သည်။ အစိုးရများ၏ဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်ရန် အရိုးရှင်းဆုံးနည်းလမ်းဖြစ်သော ခရီးသွားလာမှု ကန့်သတ်၊ပိတ်ပင်ခြင်း နည်းလမ်းကျင့်သုံးခြင်း၏ အကျိုးဆက်ဖြစ်သည်။ လေယာဉ်ခရီးစဉ်အပါအဝင် ခရီးသွားအချိန်ဇယားများ၊ အစီအစဉ်များ အပြောင်းအလဲများစွာ ဖြစ်ကုန်သည်။ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလမ်းညွှန်လုပ်ငန်း၊ အခြားဆက်စပ် အစီအစဉ်များ၊ လုပ်ငန်းများပါ ထိခိုက်သွားခဲ့သည်။ အချိန်တိုအတွင်းမှာပင် နိုင်ငံတကာစီးပွားရေးဝန်းကျင်အပေါ် သက်ရောက်မှုကြီးမားသွားခဲ့၏။

အစိုးရများ၏ အားထုတ်လုပ်ဆောင်မှုများသည် စီးပွားရေးအဆောက်အဦအတွင်း အပေးအယူသဘောဖြစ်သွားသည်။ အစိုးရများ၏ကန့်သတ်ချုပ်ချယ်မှု၊ ပိတ်ပင်တားဆီးမှုများသည် ကူးစက်ရောဂါဖြစ်ပွားမှုကို ဟန့်တားလျှော့ချရာတွင် အထောက်အကူများစွာဖြစ်စေခဲ့သော်လည်း စီးပွားရေးကဏ္ဍအပါအဝင် အခြားသောကဏ္ဍများကိုမှ ထိခိုက်နစ်နာမှုများစွာဖြစ်စေခဲ့သည်။ ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေးနယ်ပယ်များအတွင်း ငွေကြေးလည်ပတ်စီးဆင်းမှုကို နှေးကွေးလေးလံသွားစေခဲ့သည်။ တစ်နည်းဆိုသော် ငွေဖြစ်လွယ်မှုပြဿနာ (Liquidity problem) ကို ဖန်တီးလိုက်သကဲ့သို့ ဖြစ်သွားခဲ့သည်ဟုလည်း ထောက်ပြကြ၏။ ငွေရှိသူများ ဝယ်ယူသုံးစွဲမှုနှေးကွေးသွားသကဲ့သို့ ငွေကြေးအလုံအလောက်မရှိသူများသည်လည်း အရေးကြီး ကုန်ပစ္စည်းများကိုသာ အလေးထားဝယ်ယူနေရသဖြင့် အခြားနှစ်သက်သော ကုန်ပစ္စည်းများကို စိတ်မဝင်စားနိုင်၊ တစ်ဦးချင်း ငွေကြေးစုဆောင်းမှုကိုလည်း အလေးထားနိုင်သည့်အခြေအနေ မရှိတော့ပေ။

တစ်ကမ္ဘာလုံးနိုင်ငံများရှိစက်ရုံ၊ အလုပ်ရုံများ ထုတ်လုပ်မှုများ နှေးကွေးကျဆင်းသွားနေသည်။ သယ်ယူပို့ဆောင်ရေးကန့်သတ်မှုများကြောင့် ကုန်ကြမ်းဝယ်ယူမှုများလည်း ယခင်ကကဲ့သို့မလွယ်ကူ၊ ကုန်ကျစရိတ်များသည်လည်း ပမာဏများစွာမြင့်တက်လာခဲ့သည်။ ထုတ်လုပ်ရေးလုပ်ငန်းများ ကျဆင်းမှုသည် ဈေးကွက်အတွင်းရောင်းလိုအား လျော့ကျမှုကိုဦးတည်သွားသည်။ ကန့်သတ်ပိတ်ပင်မှု အခြေအနေအမျိုးမျိုးတို့ကြောင့် ဈေးကွက်အတွင်း ကုန်ပစ္စည်းအမျိုးမျိုးတို့၏ ဝယ်လိုအားသည်လည်း နည်းပါးလာလျက်ရှိနေသည်။ နိုင်ငံတကာဈေးကွက်များ၊ ဒေသတွင်း ဈေးကွက်များ၊ ပြည်တွင်းဈေးကွက်များမှစ၍ မိမိတို့အိမ်အနီးအနားရှိ ဈေးကွက်ငယ်လေးများအထိ အခြေအနေ မကောင်းကြတော့။ ရောင်းလိုအားကျဆင်းနေသကဲ့သို့ မသေချာမရေရာသော ဝယ်လိုအားကို ကြုံတွေ့လျက်ရှိနေကြသည်။

နိုင်ငံအတော်များများသည် ၎င်းတို့နိုင်ငံသားများ၏ လာမည့်အချိန်ကာလများအတွင်း ဖြစ်လာနိုင်သည့် ကျန်းမာရေးအခြေအနေများကို ကြိုတင်သုံးသပ်မှုများ ပြုလုပ်လျက် အဆက်အစပ်ရှိနေသော စီးပွားရေးလုပ်ငန်းများ၏ အလားအလာများကို မှန်းဆကြ၏။ အတိတ်ကာလ ကြုံတွေ့ခဲ့ရသော စီးပွားရေးကျဆင်းမှုဖြစ်စဉ်များကို ပြန်လည်လေ့လာ၍ နည်းလမ်းအမျိုးမျိုးကြံဆစဉ်းစား၊ ပြင်ဆင်နေကြပြီဖြစ်သည်။ အခြေအနေအရပ်ရပ်သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုတစ်ရပ်ဆီသို့ ဦးတည်နေသည်ဟု သုံးသပ်နေကြသည်။

(၆)

လူအချင်းချင်း ထိတွေ့ဆက်ဆံမှုသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအတွက် အဓိကအကြောင်းရင်းဖြစ်သည်ဟု ကျန်းမာရေးဌာနများက အသိပေးထားခြင်းနှင့် လိုက်နာစေရန်စီမံဆောင်ရွက်ခြင်းတို့ကို အလေးထားပြုလုပ်နေကြသဖြင့် နေ့စဉ်ထိတွေ့ပြောဆိုဆက်ဆံမှုများတွင် social distancing ဟု ခေါ်သည့်ခပ်ခွာခွာဆက်ဆံမှုဖြင့်နေရခြင်း၊ လူစုလူဝေးကိုဖြစ်နိုင်သမျှ ရှောင်ရှားနိုင်ရေးအတွက် အချို့သောလုပ်ငန်းများကို ရုံးကိုမသွားရစေဘဲ အိမ်မှ အလုပ်လုပ်ရသည့်အခြေအနေ (Work from Home) သို့ပြောင်းလဲခြင်း၊ လူအများကိုလည်း ဖြစ်နိုင်သမျှ အိမ်အပြင်ဝန်းကျင်သို့ မထွက်စေဘဲ အိမ်အတွင်း၌သာနေစေခြင်း(Home Stay)တို့ကို ပြုလုပ်လာကြသည်။ ထိုအခြေအနေများကြောင့် ယခင်ကတည်းက အသုံးတည့်နေသော အွန်လိုင်းဆက်သွယ်ရေးသည် လူအားလုံးတို့၏ နေ့စဉ်ဘဝတွင် ပို၍တွင်ကျယ်လာခဲ့သည်။

သို့သော် အချင်းချင်းဆက်သွယ်၊ ပြောဆိုမှုများ၌ မိုဘိုင်းလ်ဖုန်းများ၊ ဆိုရှယ်မီဒီယာများ အသုံးပြုမှုမှာ အတိုင်းအတာတစ်ခုအထိ ကျင့်သားရနေကြပြီးဖြစ်သောကြောင့် အခက်အခဲများစွာမရှိသော်လည်း နေအိမ်မှ အလုပ်ခွင်ဝင်ခြင်းကိစ္စအတွက်မှာမူ အများစုမှာ ယခုအချိန်မှသာစ၍ အသုံးပြုရသောကြောင့် အခက်အခဲ အနည်းနှင့်အများ ရှိလာသည်။ နေ့စဉ်ရောင်းရေးဝယ်တာကိစ္စများတွင်လည်း လုပ်ငန်းအချို့မှာ ယခုအချိန်မှ စမ်းသပ်အသုံးပြုခြင်းဖြစ်သော်လည်း အချို့မှာမူ လူမှုကွန်ရက်များမှတစ်ဆင့် ဆက်သွယ်ရောင်းဝယ်မှုများကို ယခင်ကတည်းက ပြုလုပ်နေကြပြီးဖြစ်သည်။ မည်သို့အခက်အခဲများရှိစေကာမူ ရေရှည်ကာလ၌ နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ပိုမိုကောင်းမွန်သော အွန်လိုင်းနည်းလမ်းများကို အသုံးပြုနိုင်သည့်စီးပွားရေးနယ်ပယ် ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာနိုင်သည်ဟု အကောင်းမြင်စိတ်ဖြင့် မျှော်လင့်ရပေသည်။

(၇)

ကိုရိုနာဗိုင်းရပ်စ်၏ခြိမ်းခြောက်မှုအခြေအနေများသည် စိုးရိမ်သောက စိတ်ခံစားရမှုနှင့် ဆုံးရှုံးနစ်နာမှု အခြေအနေများ ဖြစ်စေခဲ့သော်လည်း အိုင်တီနည်းပညာ အထောက်အကူဖြင့် ပိုမိုကောင်းမွန်သော လူမှုဝန်းကျင် တစ်ခုအဖြစ်သို့ရောက်ရှိနိုင်ရေးအတွက် တွန်းအားတစ်ခု ဖြစ်စေခဲ့သည်ဟုလည်း ကောက်ချက်ချရမည်သာ။ လုပ်ငန်းများစွာအတွက် ယခင်သမားရိုးကျ လုပ်ကိုင်နေမှုများမှ အွန်လိုင်းလုပ်ငန်းများအဖြစ် ပြောင်းရွှေ့လှုပ်ရှားနိုင်ရန် အကြောင်းဖန်လာခဲ့ပြီဖြစ်သည်။ ယနေ့ ကမ္ဘာသည် အွန်လိုင်းမှလွဲ၍ အခြားသောရွေးချယ်စရာများ မရှိတော့ပြီ။ ၂၁ ရာစုမှစ၍ ကမ္ဘာသူ ကမ္ဘာသားတို့၏ အနာဂတ်ဘဝများသည် အွန်လိုင်းကမ္ဘာထဲတွင်သာ ဖြစ်တည်နေတော့မည်။

ကိုရိုနာဗိုင်းရပ်စ်၏ခြိမ်းခြောက်မှုအခြေအနေများသည် စိုးရိမ်သောက စိတ်ခံစားရမှုနှင့် ဆုံးရှုံးနစ်နာမှုအခြေအနေများ ဖြစ်စေခဲ့သော်လည်း အိုင်တီနည်းပညာအထောက်အကူဖြင့် ပိုမိုကောင်းမွန်သော လူမှုဝန်းကျင် တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်ရေးအတွက် တွန်းအားတစ်ခုဖြစ်စေခဲ့သည်ဟုလည်း ကောက်ချက်ချရမည်သာ။ လုပ်ငန်းများစွာအတွက် ယခင်သမားရိုးကျ လုပ်ကိုင်နေမှုများမှ အွန်လိုင်းလုပ်ငန်းများအဖြစ် ပြောင်းရွှေ့လှုပ်ရှား နိုင်ရန် အကြောင်းဖန်လာခဲ့ပြီဖြစ်

လုပ်ငန်းကြီး၊ ငယ်များအားလုံးသည် ကပ်ဘေးအန္တရာယ်၏စိန်ခေါ်မှုကိုကျော်လွှားနိုင်ရန် အားထုတ်ရင်း ကပ်ကျော်ကာလ အခွင့်အလမ်းများကို ချိန်ဆမျှော်လင့်လျက် အလျင်အမြန်ပင် ပြန်လည်ဖွဲ့စည်းမှုများပြင်ဆင်ပြုလုပ်နေကြပြီ။ လုပ်ငန်းကြီးများမှစ၍ မိမိတို့ပတ်ဝန်းကျင်တွင် နေ့စဉ် မြင်တွေ့၊ ထိတွေ့ နေရသည့် လက်လီဆိုင် အရောင်းဆိုင်၊ ကုန်စုံဆိုင်လေးများအထိပင် ၎င်းတို့၏ လုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်ရေး၊ ဖောက်သည်များကို ထိန်းသိမ်းထားနိုင်ရေးအတွက် ပြင်ဆင်မှုများကို အစွမ်းကုန်လုပ်ဆောင်လုပ်နေကြရသည်။ ယခင်က ရပ်တည်နေခဲ့ရသော သက်သောင့်သက်သာ ရပ်တည်၍ လုပ်ကိုင်ရောင်းဝယ်နေသည့် အခြေအနေ၊ တစ်နည်းဆိုသော် သက်သောင့်သက်သာရှိသော ဝန်းကျင် (Comfort Zone) ကို ကျော်လွန်စဉ်းစား၍ လိုအပ်ချက်အသစ်များကို အမြဲမပြတ် တီထွင်ဖန်တီးနေရမည့် အခြေအနေ တစ်ရပ်ဆီသို့ တွန်းပို့နေသည်ကို သဘောပေါက်နေကြပြီဖြစ်သည်။

(၈)

လူသားတို့တွင် အခြေအနေအမျိုးမျိုး၌ ခံစားမှုအမျိုးမျိုးရှိနေ၏။ ရလဒ်အမျိုးမျိုးကို မျှော်ကြ၏။ လူအချို့သည် အွန်လိုင်းကမ္ဘာပေါ်တွင် သက်သောင့်သက်သာ ရှိနေကြပြီဖြစ်သကဲ့သို့ လူအများစုသည်လည်း အွန်လိုင်းကမ္ဘာတွင်နေထိုင်ရပ်တည်နိုင်ရေး အားထုတ်ပြင်ဆင်နေကြပြီဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး များစွာသောဝန်ဆောင်မှုလုပ်ငန်းများသည် အွန်လိုင်းပေါ်သို့ အလွယ်တကူ ပြောင်းရွှေ့နေနိုင်ကြလိမ့်မည်ထင်သည်။ အသုံးပြုမည့် နည်းပညာများကိုလည်း ကုန်ကျစရိတ်သက်သာစွာ၊ လွတ်လပ်စွာဖြင့် အလွယ်တကူ အသုံးပြုနိုင်ပြီဖြစ်သဖြင့် အွန်လိုင်းစီးပွားရေး ကမ္ဘာသည် အနာဂတ်တွင် သေချာပေါက် ယခုထက်ပိုမို ကျယ်ပြန့်လာပေလိမ့်မည်။

ထို့ကြောင့် အခက်အခဲအကျပ်အတည်းများ မည်မျှပင်ရှိနေစေကာမူ စီးပွားရေးအဆောက်အဦကြီး၏ တစ်စိတ်တစ်ပိုင်းသည် အွန်လိုင်းပေါ်တွင် ဆက်လက်လည်ပတ်လုပ်ဆောင်နေနိုင်လိမ့်မည်။ စီးပွားရေးလုပ်ငန်း တစ်ခုချင်းစီသည်လည်း မိမိတို့၏လုပ်ငန်းများသည် အွန်လိုင်းနည်းပညာဖြင့် မည်သို့ဆက်စပ်လုပ်ကိုင်ရမည်ကို ချင့်ချိန်တွေးဆရမည့်အချိန်ကောင်းဟု ယူဆနိုင်သည်။ စက်ရုပ်များ၊ ဒရုန်းများ အသုံးပြုခြင်း၊ Artificial Intelligence System ဟုခေါ်သည့် လူသားဉာဏ်ရည်ကဲ့သို့ လုပ်ဆောင်နိုင်သည့် အဆင့်မြင့်တီထွင်မှုစနစ်များ အသုံးပြုခြင်းတို့လည်း ပိုမိုတွင်ကျယ်လာလိမ့်မည်ဟု မျှော်လင့်ရသည်။

(၉)

ပါဠိအားဖြင့် “ကပ္ပ” ဟုခေါ်သည့် ကပ်ဆိုသော ဝေါဟာရသည် ပျက်စီးခြင်းဟူသော အဓိပ္ပာယ်ရှိသည်။ ကပ်သည် ယခုအချိန်ကာလရောက်မှဖြစ်ပေါ်လာသည် မဟုတ်။ ရှေးနှစ်ပေါင်းများစွာကတည်းက ကမ္ဘာ့လူသားတို့သည် ကပ်ရောဂါပေါင်းများစွာကြုံတွေ့ခဲ့ရဖူးပြီဖြစ်၏။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဘုရားဟောကပ်ကြီးသုံးပါး အကြောင်းကြားဖူးကြ၏။ ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် အရိုအသေပြဦးချရှိခိုးတိုင်း ရွတ်ဆိုနေကျ ဘုရားရှိခိုး ကန်တော့စာ၏ နောက်ဆုံးစာသားထဲ၌ မြတ်စွာဘုရားအားကန်တော့ခြင်း၏ အကျိုးကြောင့် လွတ်ကင်းစေလိုသည့် အရာများကို ဆုတောင်းရာတွင် ကပ်(၃)ပါး လွတ်မြောက်စေရန်လည်း ပါဝင်ပေသည်။

စာမျက်နှာ ၇ သို့ ❖

## ဝမ်းတွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအား စားနပ်ရိက္ခာနှင့် နှာခေါင်းစည်းများထောက်ပံ့

**ဝမ်းတွင်း ဧပြီ ၁၅**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သော စားနပ်ရိက္ခာနှင့် နှာခေါင်းစည်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိဝန်ထမ်းများအား ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်က အဖွင့်အမှာစကားပြောကြားခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက မိမိတို့ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်၊တာဝန်ကျေစွာဆောင်ရွက်ခဲ့မှုများအတွက်လည်း ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သော စားနပ်ရိက္ခာများနှင့် ကျန်းမာရေးသုံးပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးတင့်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးမိုးသူ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌတို့က ပေးအပ်ခဲ့ရာ ဝန်ထမ်းများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်တာဝန်ထမ်းဆောင်သောဝန်ထမ်းအင်အား ၁၀၂ ဦးရှိပြီး ဝန်ထမ်းတစ်ဦးချင်းအလိုက် ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ခေါက်ဆွဲ (၁၀) ထုပ်၊ ကုလားပဲ (၅၀) ကျပ်သား၊ မုန့် (၂) ထုပ်၊ ကော်ဖီအထုပ်သေး (၅) ထုပ်၊ နှာခေါင်းစည်း အခု (၅၀) စုစုပေါင်းငွေကျပ် ၁၄၉၃၉ တန်ဖိုးရှိပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲမျိုးသက်(မြို့နယ် ပြန်/ဆက်)



## ပခုက္ကူမြို့အဝင်လမ်းများ၌ စောင့်ကြည့်စစ်ဆေးရေးဂိတ်များထားရှိ၍ ကျန်းမာရေးစစ်ဆေး

**ပခုက္ကူ ဧပြီ ၁၅**

လတ်တလောဖြစ်ပွားနေသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ကိုရိုနာဗိုင်းရပ်စ် ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပခုက္ကူမြို့အဝင်လမ်းများတွင် စောင့်ကြည့် စစ်ဆေးရေးဂိတ်များ ထားရှိကာ ယနေ့မှစ၍ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကြကြောင်း သိရသည်။

အဆိုပါကျန်းမာရေးစစ်ဆေးမှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် စေတနာရှင် ပြည်သူများပူးပေါင်း၍ ယနေ့မှစ၍ ပခုက္ကူမြို့အဝင် ရောဝတီတံတားထိပ်၊ ပေါက်မြိုင်၊ ရေစကြိုအဝင်လမ်းများတွင် စောင့်ကြည့်စစ်ဆေးရေးဂိတ်များ ထားရှိပြီး ဝင်ထွက်သွားလာသည့် ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို ၂၄ နာရီအပြည့် အလှည့်ကျစနစ်ဖြင့် စောင့်ကြည့်စစ်ဆေးကာ ခရီးသွားပြည်သူများ၏ အခြေခံကျန်းမာရေးအချက်အလက်များကို မှတ်တမ်းရယူသွားမည်ဖြစ်ကြောင်းသိရသည်။



ဆလိုင်းကိုကီး



## ကျောက်ဆည်မြို့နယ် ကျေးရွာ ၁၅ ရွာ၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး လက်ဆေးဘေစင်များတပ်ဆင်

**ကျောက်ဆည် ဧပြီ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိကျေးရွာ ၁၅ ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်ဆေးဘေစင်များ တပ်ဆင်ပေးခြင်း၊ ပညာပေးဗီနိုင်းပိုစတာစိုက်ထူခြင်း၊ ရေနှင့်လက်ဆေးဆပ်ပြာများဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့တပ်ဆင်ဆောင်ရွက်ပေးရာတွင် ကျောက်ဆည်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်း၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုးနှင့် ဝန်ထမ်းများက အင်ဒိုင်း၊ သင်တောင်း၊ လက်ပန်၊ ငယ်တိုး၊ ရွှေဒါး၊ ဖျောက်ဆိပ်ပင်၊ မှိုင်းပန်၊ ကုလားကျောင်း၊ ပနန်၊ ကုန်းကြီး၊ စင်းကွန်း၊ မင်းစု၊ ဟံမြင့်မိုရ်၊ ဆူးလေကုန်း၊ သံရွာ ကျေးရွာ ၁၅ရွာရှိ လူစည်ကားသောနေရာများဖြစ်သည့် ကျေးလက်ဈေးများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ စာသင်ကျောင်းများတွင် အလွယ်တကူ လက်ဆေးနိုင်ရန် အများသုံးလက်ဆေးဘေစင်များ၊ လက်ဆေးဆပ်ပြာများ၊ အသိပညာပေးဗီနိုင်းပိုစတာများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုးထံမှ သိရသည်။

ငြိမ်းသူ

## မယ်စဲ့မြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်မည့်နေရာအား ပိုးသတ်ဆေးဖျန်း

**မယ်စဲ့ ဧပြီ ၁၅**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသွားအလာကန့်သတ်စောင့်ကြည့်မည့် အထက(မယ်စဲ့) စာသင်ခန်းများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယမန်နေ့ညနေက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အသွားအလာကန့်သတ်စောင့်ကြည့်မည့် အထက(မယ်စဲ့) စာသင်ခန်းများအား မြို့နယ်မီးသတ်ဦးစီးဌာန၏ အစီအစဉ်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဝတ်ရည်(ပြန်/ဆက်)

**ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

❖စာမျက်နှာ ၆ မှ

အဆိုပါ ကပ်ကြီး(၃) ပါးတွင် လောဘလွှမ်းမိုးမှုကြီးမားခြင်းကြောင့် အစားအစာ ငတ်မွတ်ခေါင်းပါး၍ ပျက်စီးရသည့် ဒုဗ္ဘိက္ခန္တရကပ်၊ ဒေါသလွှမ်းမိုးမှုကြီးမားခြင်းကြောင့် လက်နက်ကိရိယာများဖြင့်ထိခိုက်၍ပျက်စီးရသည့် သတ္ထန္တရကပ်၊ မောဟ လွှမ်းမိုးမှုကြီးမားခြင်းကြောင့် ရောဂါဘယ နှိပ်စက်၍ ပျက်စီးရသည့် ရောဂန္တရကပ်တို့ဖြစ်သည်။ ထိုကပ်အမျိုးမျိုးတို့သည် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ကမ္ဘာ့လူသားများထံသို့ လာရောက်လျက်ရှိနေသည်။

(၁၀)

ယခုရင်ဆိုင်ကြုံတွေ့နေရသော ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် ကမ္ဘာပေါ်ရှိလူသားတို့ ရင်ဆိုင်ကြုံတွေ့ရမည့် ကမ္ဘာ့ကပ်ကြီးများထဲမှ တစ်ခုသာဖြစ်သည်ဟု ပြောရပေမည်။

လောဘ၊ ဒေါသ၊ မောဟ စသည်တို့သည် လူသားတို့၏မွေးရာပါ ကိလေသာ အညစ်အကြေးများ ဖြစ်ကြ၏။ လူတို့သည် ထိုလောဘ၊ ဒေါသ၊ မောဟတို့ဖြင့် လောကီရေးရာများတွင် ဖြစ်တည်လှုပ်ရှားနေကြရ၏။ လောကီလူသားတို့ကိုတပ်မက်မှုဖြစ်စေသော ဥစ္စာခနေ၊ ဂုဏ်ပကာသန၊ ထင်ပေါ်ကျော်ကြားမှု စသည့် အမျိုးမျိုးရယူပိုင်ဆိုင်လိုမှုများအတွက် စိတ်ဆန္ဒ၏စေစားရာအတိုင်း အသိဉာဏ်ပညာကို သတိမေ့လျော့လျက် လိုက်ပါရင်း လောဘ၊ ဒေါသ၊ မောဟတို့ ရှိသင့်သည်ထက် ပိုမိုလွန်ကဲမှုများ ရှိလာခဲ့ပါလျှင် လူသားတို့မှီတင်းနေထိုင်ရာ ဤကမ္ဘာကြီးပေါ်၌ ကပ်ရောဂါကြီးများ တစ်ချိန်မဟုတ် တစ်ချိန်၌ ဖြစ်ပွားလာကြဦးမည်ဟု ကြားခဲ့ဖူးသည်။

သာမန်လူတစ်ယောက်ဖြစ်သော်လည်း ငွေကြေးလှူဒါန်းမှုအားကောင်း၍ ပရဟိတနှလုံးသားကြီးမားသူ၊ ကွန်ပျူတာလုပ်ငန်းရှင် အမေရိကန်သူဌေးကြီး ဘီလ်ဂိတ်ကပင် ၎င်း၏ ၂၀၁၅ ခုနှစ် မတ်လကပြုလုပ်ခဲ့သည့် ဟောပြောမှုတစ်ခု၌ လာမည့်ဆယ်စုနှစ်များအတွင်း လူသားများကို အကြီးမားဆုံးခြိမ်းခြောက်မှုသည် စစ်ပွဲမဟုတ် ကူးစက်မှုပြင်းထန်သော ဗိုင်းရပ်စ်ပိုးမွှားပင်ဖြစ်သည်ဟု ခန့်မှန်း သတိပေးခဲ့ပြီးဖြစ်သည်။

(၁၁)

လူသားအားလုံးသည် ဖြစ်၊ တည်၊ ပျက်ကမ္ဘာထဲတွင် ကျင်လည်နေကြ၏။ အဆုံးမရှိသော တီထွင်ဆန်းသစ်မှုများပေါ်ထွက်လျက်ရှိသည့် အနာဂတ်ကမ္ဘာသည် ပိုမိုများပြားလာသော ဘေးအန္တရာယ်တို့၏ စိန်ခေါ်မှုများဖြင့်လည်း ပျက်စီးခြင်းဆီသို့ ယခင်ကာလများထက် ပိုမိုဦးတည်နေလျက်ရှိနေပေသည်။ သတိမမူဘဲ နေထိုင်ခဲ့ကြ၍သာ ဖြစ်ခြင်း၊ ပျက်ခြင်းအခြေအနေတို့အပေါ်တွင် အံ့သြခြင်း၊ ထိတ်လန့်ခြင်းတို့ ခံစားနေရခြင်းဖြစ်သည်။ နယ်ပယ်စုံတွင် တီထွင်ကြံဆမှုများဖြင့် တိုးတက်မှုများရှိနေသော်လည်း ယခုကဲ့သို့ ဘေးအန္တရာယ်ကပ်ဆိုးကြီးများကို ကာကွယ်ရန် အဆင်သင့် မရှိခဲ့ကြပေ။

(၁၂)

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးတွင် လူသားတို့ လက်တွေ့ကျကျပိုင်ဆိုင်သည်မှာ ယခုလက်ရှိပစ္စုပ္ပန်ကာလပင်ဖြစ်သည်။ လတ်တလောကာလတွင် ကမ္ဘာကြီး ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်မှ ပြန်လည်ရုန်းထလာနိုင်ရေးအတွက် အားထုတ်ကုစားရင်း ထပ်မံဖြစ်ပေါ်လာနိုင်သည့် အနာဂတ်ကာလ မသေချာမှုများ၊ ဘေးအန္တရာယ်အမျိုးမျိုးအတွက် ပြင်ဆင်ရန် အချိန်ကောင်းဟုသာ မှတ်ယူရပေမည်။

အနာဂတ်ကမ္ဘာကို ခြိမ်းခြောက်လာနိုင်သည့် ဘေးအန္တရာယ်မျိုးစုံတို့သည် လူသားတို့ စိတ်နေစိတ်ထားအပြောင်းအလဲတို့နှင့် ဆက်စပ်မှုများရှိနေသည်။ လူသားတို့၏ရပ်တည်မှုကို ထိခိုက်ပျက်စီးစေမည့် အနာဂတ်ကာလ ဘေးအန္တရာယ်များအတွက် ကြိုတင်မြော်တွေး၍ ရုပ်ပိုင်းဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို မပြတ်လုပ်ဆောင်နေရန် လိုသကဲ့သို့ လွန်ကဲတတ်လွန်းသော လောဘ ၊ ဒေါသတို့ လျှော့ချနိုင်ရေး၊ ကမ္ဘာမြေပေါ်တွင် အတူတကွ မှီခိုအသက်ရှင်နေကြသော လူသားအချင်းချင်း ကိုယ်ချင်းစာစိတ်များထားနိုင်ရေး၊ လူအပါအဝင် သတ္တဝါများစွာတို့ မှီခိုရာကမ္ဘာ ဂြိုဟ်အပါအဝင် အခြားသော ဂြိုဟ်ပေါင်းများစွာ လှည့်လည်တည်ရှိနေသည့် စကြဝဠာအတွင်း မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များအပေါ် မေတ္တာစိတ်နှလုံးသွင်းနေထိုင်နိုင်ရေး စသည့်စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုများကိုပါပြုလုပ်ကြရန် လိုအပ်ပေသည်။ သို့မှသာ အနာဂတ်တွင် ကြုံတွေ့လာလတ္တံ့သော ဘေးအန္တရာယ်အမျိုးမျိုးကို အထိတ်တလန့်ခံစားကာ ပျာယာခတ်လျက်ပြင်ဆင်နေစရာမလိုဘဲ တည်ငြိမ်ရင့်ကျက်သောအနေအထားဖြင့် လှုပ်ရှားတုံ့ပြန်နိုင်ပေလိမ့်မည်ဖြစ်ပေသည်။ ။

ကိုးကား။ https://towardsdatascience.com

## ညောင်ဦးမြို့နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်သန့်ဆေး၊ နှာခေါင်းစည်းများ ဖြန့်ဝေပေး

**ညောင်ဦး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ ပရဟိတအသင်းသားများက ညောင်ဦးမြို့နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသံချဲ့စက်ယာဉ်ဖြင့် မေ ၁၄ ရက် နံနက် ၉ နာရီခွဲက ညောင်ဦးမြို့နှင့် ပုဂံမြို့တွင်း အဓိကလမ်းတစ်လျှောက် လှည့်လည်ပြီး ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းနှင့် လမ်းတစ်လျှောက်တွင်တွေ့ရှိသော ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်၊ လက်သန့်ဆေးရည်များနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ ပရဟိတအသင်းသားများက မေ ၈ ရက်မှစတင်ကာ နေ့စဉ် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ညောင်ဦးမြို့နှင့် ပုဂံမြို့တွင်း လမ်းများတစ်လျှောက် အသံချဲ့စက်ယာဉ်ဖြင့် ကိုဗစ် - ၁၉ ရောဂါနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်ရမည့်အချက်များ စနစ်တကျ လက်ဆေးနည်းများ၊ နှာချေ၊ ချောင်းဆိုးရာတွင် လိုက်နာရမည့်အချက်များ၊ ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ပုံနည်းလမ်းများကို လိုက်လံသတိပေးနှိုးဆော်၍ လမ်းတစ်လျှောက်ရှိသော ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်၊ လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ညောင်ဦးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ ဆေးကုသမှုခံယူနေသော လူနာများနှင့် လူနာစောင့်များကို တွေ့ဆုံ၍ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ပညာပေးဆွေးနွေးပြီး လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ မြို့အဝင်အထွက်(တိုးဂိတ်)များရှိ ကျန်းမာရေးစစ်ဆေးရေးအဖွဲ့များနှင့် မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသနေသော လူနာများနှင့် လူနာစောင့်များအား လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ အဖွဲ့ဝင် ဦးဝင်းလှိုင်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





## ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ မဟာသင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန် (၅) မျိုး ဆက်လက်ဝေငှ

**ရန်ကုန် မေ ၁၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် မဟာသင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သော အခြေခံစားသောက်ကုန်(၅)မျိုးအား ယနေ့နံနက် ၇ နာရီက ဆက်လက်ဝေငှပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန်များကို နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန် (၅)မျိုးအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များက အိမ်တိုင်ရာရောက်သွားရောက်ကာ ဝေငှပေးလျက်ရှိကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## တီးတိန်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်

**တီးတိန် မေ ၁၅**

ချင်းပြည်နယ် တီးတိန်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မတ် ၂၆ ရက်မှ စတင်၍ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ တီးတိန်မြို့ အဝင်၊ အထွက်ငါးနေရာတွင် လက်ဆေးကန်များထားရှိပြီး ခရီးသွားပြည်သူများ လက်ဆေးခြင်း၊မှတ်တမ်းရယူခြင်း၊ အပူချိန်တိုင်းပေးခြင်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသည်။

အလားတူ မြို့နယ်အတွင်းကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများပူးပေါင်းပြီး ကျေးရွာအတွင်း၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါအကြောင်းအသိပညာများနှင့် နှိုးဆော်ချက်များ၊အသွားအလာကန့်သတ်ကာသတ်မှတ်နေရာများ၌ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူများထံ အသံချဲ့စက်ဖြင့် အသိပညာပေးခြင်းများ ဆောင်ရွက်သည်။

ယနေ့ လိုင်လွီးကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အသံချဲ့စက်ဖြင့် ကျေးရွာအတွင်း နှိုးဆော်မှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပေါင်ကျင့်မုန်(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဈေးသည်များ အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကျွန်းလှ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် စည်ပင်သာယာဈေး၊ သစ်ရာမြိုင်ရပ်ကွက်ဈေး၊ ပိတောက်မြိုင်ရပ်ကွက်ဈေးတို့တွင် ယနေ့ နံနက် ၇ နာရီက ဈေးသည်များ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်ဝန်ထမ်းများ၊ ဈေးကော်မတီများပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့ပေါ်ဈေးများတွင် နေ့စဉ် ရောင်းချလျက်ရှိသော ဈေးသည်များအား တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ရောင်းချရေး၊ ဝယ်သူများအား သုံးပေအကွာမှ ဝယ်ယူရေး၊ နှာခေါင်းစည်းများတပ်ဆင်ရေး အသိပညာပေးဆော်ဩလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးထွန်းလင်းဇော်က ပြောသည်။



**မျိုးဝင်းညို (ကျွန်းလှ)**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လက်ဆေးကန်များ ကျေးရွာအရောက် တပ်ဆင်ပေး

**ဖားဆောင်း မေ ၁၅**

ကယားပြည်နယ် ဖားဆောင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရာတွင် ကျေးလက်နေပြည်သူများ လက်ဆေးသည့် အလေ့အကျင့်ကောင်းများ လုပ်ဆောင်တတ်စေရန် ရည်ရွယ်၍ ကျေးရွာများအရောက် လက်ဆေးကန်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းစိုးနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျေးရွာများရှိ လူစည်ကားရာနေရာများဖြစ်သော ကျေးလက်ဈေး၊ ကားဂိတ်များ၊ ဘာသာရေးအဆောက်အဦများ၊ ကျေးလက်ကျန်းမာရေးဌာနတို့တွင်လက်ဆေးဘေစင်များ လိုက်လံတပ်ဆင်ပေးခြင်း၊ အသိပညာပေးပိုစတာများ ချိတ်ဆွဲခြင်းနှင့် လက်သန့်ဆေးရည်၊ နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာတို့ကို ပေးအပ်ခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ကယားပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့တွင် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြစ်ရာ ဖားဆောင်းမြို့ပေါ်နှင့် ဖားဆောင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာတို့၌ လုပ်ငန်းပေါင်း ၁၄ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၃ ဒသမ ၂၅သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းစိုးထံမှ သိရသည်။

**မေဇင်**

# ကိုဗစ်-၁၉ ကာကွယ်ဆေး စမ်းသပ်မှုတွေ ဘယ်အခြေအနေရှိနေပြီလဲ

ကိုကို(စက်မှုတက္ကသိုလ်)

**တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ကူးစက်ခံရသူတွေ နှစ်သန်းနီးပါး ခပ်မြန်မြန်ရောက်လာတဲ့အလျောက် အဲဒီရောဂါကပ်ဘေးကြီးအဆုံးသတ်စေဖို့ ကာကွယ်ဆေးပေါ်လာမယ့်ရက်ကို ကမ္ဘာကြီးက အလွန်အမင်းတောင့်တနေပါပြီ။ နောက်ဆုံးတော့ မျှော်လင့်ချက်ရောင်ခြည်ပေါ်ထွန်းလာပါတယ်။ တရုတ်နိုင်ငံကပါ။ ကာကွယ်ဆေးက တစ်ခုတည်းမဟုတ်ပါဘူး။ တရုတ်ပြည်တွင်းက စမ်းသပ်နေတာ ကာကွယ်ဆေးသုံးမျိုးဖြစ်ပါတယ်။ အဲဒီသုံးမျိုးလုံးဟာ လူတွေနဲ့စမ်းသပ်မယ့်အဆင့် ရောက်ရှိလာပါပြီ။ တရုတ်သိပ္ပံပညာရှင်တွေနဲ့ သုတေသနပညာရှင်တွေက ကာကွယ်ဆေးအတွက် နေ့မအား ညမနား ကြိုးစားစမ်းသပ်နေကြပေမယ့် တစ်ကမ္ဘာလုံးပူးပေါင်းဆောင်ရွက်ဖို့က အင်မတန်မှ ပဓာနကျနေတာပါ။ ကာကွယ်ဆေးအတွက် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းတွေ အရှိန်မြှင့်ဆောင်ရွက်ဖို့အတွက်သာမကဘဲ အနာဂတ်သေရေးရှင်ရေးကာလအတွက်လည်း ပိုပြီးအတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မယ့် ပလက်ဖောင်းတစ်ခုအတွက်လည်း နည်းလမ်းရှာကြရမှာဖြစ်ပါတယ်။**

တရုတ်တပ်မတော်ရဲ့ ကူးစက်ရောဂါဆိုင်ရာ ထိပ်တန်းပညာရှင်တစ်ဦး စမ်းသပ်ထားတဲ့ ကာကွယ်ဆေးကို ပြီးခဲ့တဲ့အပတ်က ဒုတိယအဆင့်စမ်းသပ်မှုတွေ စတင်နေချိန်မှာ နောက်ထပ်အင်အက်တီဗက်တစ် ကာကွယ်ဆေးနှစ်မျိုးကိုလည်း ပထမအဆင့်စမ်းသပ်မှုတွေပြုလုပ်ဖို့ တရုတ်အာဏာပိုင်တွေက ခွင့်ပြုလိုက်ပါတယ်။ အင်္ဂါနေ့ကပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လူမှုဘဝတိုးတက်ရေး သိပ္ပံနှင့် နည်းပညာဌာနညွှန်ကြားရေးမှူးချုပ် ဝူယွမ်ဘင်းက အဲဒါကို အတည်ပြုပြောကြားခဲ့တာဖြစ်ပါတယ်။

တရုတ်တပ်မတော်ရဲ့ ကူးစက်ရောဂါပညာရှင် ချင်ဝေးနဲ့အဖွဲ့က စမ်းသပ်နေတာက အင်ဒီနိုဗိုင်းရပ်စ်ဗက်တာအမျိုးအစား ကာကွယ်ဆေးဖြစ်ပြီး တနင်္လာနေ့ ညနေ ၅ နာရီအထိ စေတနာနဲ့ကူညီသူ ၂၇၃ ဦးနှင့် ဒုတိယအဆင့် စမ်းသပ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို အစမ်းသပ်ခံပေးကြသူတွေထဲမှာ ဝူဟန်မြို့က အသက် ၈၄ နှစ်အရွယ် အဘိုးအိုတစ်ဦးလည်း ပါဝင်ခဲ့ပါတယ်။ ဒီကာကွယ်ဆေးကတော့ ကမ္ဘာပေါ်မှာ ဒုတိယအဆင့်စမ်းသပ်နိုင်တဲ့ တစ်ခုတည်းသော ကာကွယ်ဆေး ဖြစ်ပါတယ်။

ပထမအဆင့်စမ်းသပ်မှုဟာ ကာကွယ်ဆေးရဲ့ အန္တရာယ်ကင်းစိတ်ချရမှုနဲ့ ရောဂါပြီးနိုင်မှုအတွက် ရည်ရွယ်ပြီး ဒုတိယအဆင့်နဲ့တတိယအဆင့်ကတော့ ကာကွယ်ဆေးရဲ့ အာနိသင်ကိုစမ်းသပ်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

### အပြိုင်အဆိုင်ရှာဖွေနေကြ

ယခုအချိန်မှာ တစ်ကမ္ဘာလုံးမှာ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးပေါင်း အနည်းဆုံး ၇၀ ကျော် စမ်းသပ်မှုတွေပြုလုပ်နေကြပါတယ်။ နိုင်ငံပေါင်း ၁၀ နိုင်ငံက သုတေသနနှင့်ဖွံ့ဖြိုးရေးအဖွဲ့ပေါင်း ၆၀ ကျော် က စမ်းသပ်နေကြတာပါ။ ဒီရောဂါမဖြစ်ဖို့ ကုထုံးကို ရှေ့တန်းမှာရှိနေကြတဲ့ ဆေးဝါးကုမ္ပဏီတွေ၊ ဇီဝနည်းပညာလုပ်ငန်းတွေ၊ အစိုးရကထောက်ပံ့ပေးထားတဲ့ ပညာရှင်တွေနဲ့ တက္ကသိုလ်တွေက အပြိုင်အဆိုင်ရှာဖွေနေကြရတာ ဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အစီရင်ခံစာတစ်ခုအရ အင်္ဂါနေ့အထိဆိုရင် နောက်ထပ်ကာကွယ်ဆေးနှစ်မျိုးဟာ ဒုတိယအဆင့် လူသားနဲ့စမ်းသပ်တဲ့အဆင့် ရောက်လာဖို့ နီးကပ်နေပြီလို့သိရပါတယ်။ အဲဒီကာကွယ်ဆေးနှစ်မျိုးကို အမေရိကန်ဆေးကုမ္ပဏီတွေဖြစ်တဲ့ မိုဒါးနားနဲ့ အင်နိုဗီယိုဆေးဝါးလုပ်ငန်းတို့က စမ်းသပ်နေကြတာဖြစ်ပါတယ်။

တစ်ကမ္ဘာလုံးမှာ တရုတ်နိုင်ငံရဲ့ ကာကွယ်ဆေးသုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းက ထိပ်တန်းအဆင့်ရှိတဲ့အထဲမှာ ပါဝင်နေပါတယ်။ ပညာရှင်တွေရဲ့အဆိုအရ တရုတ်ဟာ ကမ္ဘာပေါ်မှာ ရိုးရာအခြေခံ ထုတ်လုပ်မှုနည်းပညာနဲ့ အင်အက်တီဗက်တစ်ကာကွယ်ဆေးလုပ်ငန်းတွေမှာ ဦးဆောင်တဲ့နေရာမှာရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနည်းလမ်းတွေက တရုတ်က သုတေသနစောလုပ်ခဲ့လို့ဖြစ်တယ်လို့ သိရပါတယ်။

### ဖြေနဲ့မေလမှာ လူတွေနဲ့ စမ်းသပ်ဖို့

အင်္ဂါနေ့သတင်းစာရှင်းလင်းပွဲမှာ မစ္စတာ ဝူက တရုတ်ပညာရှင်တွေဟာ နည်းပညာငါးမျိုးနဲ့ ကာကွယ်ဆေးကိုစမ်းသပ်နေကြတယ်။ အဲဒီအထဲမှာ အင်အက်တီဗက်တစ်နည်းနဲ့ နူကလစ်အက်ဆစ်နည်းတွေလည်း ပါတယ်လို့ ပြောပါတယ်။ အဲဒီကာကွယ်ဆေးတွေဟာ လာမယ့်ဧပြီနဲ့မေလမှာ လူတွေနဲ့ စမ်းသပ်ဖို့ ခွင့်ပြုချက်တောင်းလာဖို့ရှိနေတယ်လို့လည်း သူကပြောပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကိုကျော်လွှားဖို့နဲ့ လူအုပ်စုတွေ ရောဂါကင်းရှင်းစေဖို့အတွက် ကာကွယ်ဆေးဟာ အဓိကလက်နက်တစ်ခုလို့ အားလုံးကလက်ခံထားကြပေမယ့် စမ်းသပ်မှုတွေ ခပ်မြန်မြန်လုပ်ဖို့ အာဏာပိုင်တွေက ခွင့်ပြုနေတာတောင်မှ အရေးပေါ်သုံးနိုင်တဲ့အဆင့်ရောက်ဖို့ အနည်းဆုံး ခြောက်လကနေ ၁၂ လအထိ လိုအပ်နေဦးမှာဖြစ်ပါတယ်။

ဒီကာကွယ်ဆေးစမ်းသပ်မှုတွေဟာ မသေမချာမရေရာမှုတွေ၊ စိန်ခေါ်မှုတွေအပြည့်မို့ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်နေတယ်လို့ သူတို့က ပြောပါတယ်။

ပေကျင်းအခြေစိုက်တဲ့ အမည်မဖော်လိုတဲ့ ကာကွယ်ဆေးပညာရှင်တစ်ဦးက ကာကွယ်ဆေးဟာ အောင်မြင်ခဲ့ရင် တရုတ်နိုင်ငံမှာ အရင်ဆုံးစသုံးရမယ်၊ အခြားနိုင်ငံတကာဈေးကွက်ကိုသွားဖို့ဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးလို နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ထောက်ခံမှုလိုအပ်တယ်လို့ ဂလိုဘယ်တိုင်းမ်သတင်းစာကို အင်္ဂါနေ့က ပြောလိုက်ပါတယ်။

### စမ်းသပ်မှုအနည်းဆုံး သုံးဆင့်လောက်ထပ်လိုပါဦးမယ်

သုတေသနလုပ်ငန်းတွေ အားနည်းနေတဲ့ နိုင်ငံတွေအဖို့ တရုတ်ကာကွယ်ဆေးကို လက်ခံဖို့ ပိုလွယ်နိုင်ပေမယ့် ဥရောပနဲ့အမေရိကန်နိုင်ငံတွေဆိုရင်တော့ ခက်ခဲမှုရှိပါလိမ့်မယ်။ ကိုဗစ်-၁၉ ရဲ့ကူးစက်မှုက ပထဝီအနေအထားအရ ကွာခြားမှုရှိနိုင်တဲ့အတွက် တရုတ်နိုင်ငံက ထုတ်လုပ်လိုက်တဲ့ ကာကွယ်ဆေးကို အခြားနိုင်ငံတွေမှာ အာနိသင်ရှိပြီး လက်ခံအသုံးပြုနိုင်ဖို့အတွက် လူသားနဲ့စမ်းသပ်မှုအနည်းဆုံး သုံးဆင့်လောက်ထပ်လိုပါဦးမယ်။ အဲဒီအတွက် အချိန်တစ်ခုတော့ ယူရမှာဖြစ်ပါတယ်။

ကာကွယ်ဆေးတင်ပို့မှုအတွက် စိန်ခေါ်မှုတွေရှိနေပြီး နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှုပိုမိုလိုအပ်နေတဲ့ အမေရိကန်လို၊ ဥရောပနိုင်ငံတွေလို ဒေသဈေးကွက်တွေမှာ ရောင်းချဖို့ဆိုရင် ပြည်တွင်းအကဲဖြတ် စစ်ဆေးမှုစံချိန်စံညွှန်းတွေနဲ့ တရုတ်အဖွဲ့တွေက ထုတ်လုပ်လိုက်တဲ့ ကာကွယ်ဆေးက ကိုက်ညီဖို့ လိုတယ်လို့ အမည်မဖော်နိုင်တဲ့ အဲဒီပညာရှင်ကပြောလိုက်ပါတယ်။



ဒါပေမယ့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ထောက်ခံမှုနဲ့ အာဖရိကမှာ တရုတ်က အီဘိုလာကာကွယ်ဆေးတွေပေးခဲ့တဲ့ အတွေ့အကြုံတွေက တရုတ်နိုင်ငံရဲ့ အရည်အသွေးမီပြီး အာနိသင်ကောင်းတဲ့ ကာကွယ်ဆေးထုတ်လုပ်နိုင်စွမ်းကို ပြသနေတယ်လို့ ပညာရှင်တွေက အသိအမှတ်ပြုကြပါတယ်။

၂၀၁၄ ခုနှစ်တုန်းက ချန်ဝေနဲ့သူ့အဖွဲ့ကထုတ်လုပ်တဲ့ အီဘိုလာကာကွယ်ဆေးကို တရုတ်အစိုးရက အတည်ပြုပေးခဲ့ပြီး ဆီရာလီယွန်နိုင်ငံမှာ စမ်းသပ်ခဲ့ပါတယ်။ အဲဒီနေရာဟာ ၂၀၁၅ ခုနှစ်တုန်းက ကူးစက်မှုအများဆုံးနေရာတွေထဲက တစ်ခုပါ။ အီဘိုလာကာကွယ်ဆေးထုတ်လုပ်ခဲ့တဲ့ အတွေ့အကြုံတွေက ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်မှုကို အထောက်အကူပြုခဲ့ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တနင်္လာနေ့မှာ ထုတ်ပြန်ခဲ့တဲ့အစီရင်ခံစာအရ အဖွဲ့ကြီးရဲ့ ပေါင်းစပ်ညှိနှိုင်းပေးမှုအောက်မှာ ကိုဗစ်-၁၉ကာကွယ်ဆေးစမ်းသပ်နေကြတဲ့ ပညာရှင်အုပ်စုကြီး ရှိနေတယ်။ သူတို့ဟာမတူညီတဲ့ ကျောထောက်နောက်ခံတွေနဲ့ဖြစ်ကြတယ်လို့ဆိုပါတယ်။

အဲဒီသတင်းထုတ်ပြန်ချက်နဲ့တွဲပြီး ကမ္ဘာအနှံ့က ပညာရှင် ၁၀၀ ကျော်က လက်မှတ်ရေးထိုးထုတ်ပြန်လိုက်တဲ့ ကြေညာစာတမ်းတစ်စောင်ကိုပါ ပူးတွဲထုတ်ပြန်လိုက်ပါတယ်။ အဲဒီကြေညာစာတမ်းမှာ လက်မှတ်ရေးထိုးခဲ့သူတွေထဲမှာ တရုတ်တိရစ္ဆာန်သိပ္ပံတက္ကသိုလ်က ပါမောက္ခ ချင်းချွမ်းလည်းပါဝင်ပါတယ်။

တရုတ်နိုင်ငံဟာ ကာကွယ်ဆေးလုပ်ငန်းတွေအတွက် ကမ္ဘာ့အဖွဲ့အစည်းတွေ၊ နိုင်ငံခြားကုမ္ပဏီတွေနဲ့ ခပ်စောစောပိုင်းကတည်းက ပူးတွဲဆောင်ရွက်နေမှုတွေရှိကြောင်း တရုတ်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ရှုနန်ပင်းက မတ် ၂၆ ရက်သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့ပါတယ်။

ဥပမာအားဖြင့် တရုတ်ကုမ္ပဏီတွေဟာ ဒီအင်န်အေကာကွယ်ဆေးနဲ့ပတ်သက်ပြီး အင်နိုဗီယိုနဲ့ တွဲလုပ်နေတယ်။ အာရ်အင်န်အေကာကွယ်ဆေးနဲ့ ပတ်သက်ပြီး ဂျာမန်အခြေစိုက် ဘိုင်အိုအင်န်တက်ခ်နဲ့အတူ လုပ်နေတယ်၊ ရီကွန်ဗင်းနန့် ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ဗြိတိန်အခြေစိုက် ဂလက်ဇိုစမစ်ကလင်း နဲ့တွဲလုပ်နေတယ်လို့ မစ္စတာရှုကပြောပါတယ်။

### ကမ္ဘာကြီးကိုသတိပြုမိစေခဲ့

အင်္ဂါနေ့အထိ ကမ္ဘာပေါ်မှာ လူနှစ်သန်းနီးပါးကူးစက်ခဲ့ပြီး လူတစ်သိန်းနှစ်သောင်းခန့် သေဆုံးခဲ့ရတဲ့အတွက် ကိုဗစ်-၁၉ကပ်ရောဂါဆိုးကြီးကို ရင်ဆိုင်ရတဲ့အခါ ခုခံနိုင်စွမ်းမရှိပါလားလို့ ကမ္ဘာကြီးကို သတိပြုမိစေခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကို ၁၉၆၀ ပြည့်နှစ်များမှာ ရှာဖွေတွေ့ရှိခဲ့တာပါ။ ဒါပေမယ့် ကမ္ဘာ့သုတေသန ပညာရှင်တွေက အပြင်းအထန်ကြိုးစားခဲ့ကြပေမယ့် အဲဒီလိုဗိုင်းရပ်စ်အတွက် ကာကွယ်ဆေးက ဘယ်တုန်းကမှ ပေါ်မလာခဲ့ပါဘူး။ အဓိကက ဘာကြောင့်လဲဆိုရင် ကိုရိုနာဗိုင်းရပ်စ်ခံနိုင်ရည်ဥပဒေသတွေရဲ့ ရှုပ်ထွေးမှုကို နားလည်ရခက်တာရယ်၊ ဒုတိယအချက်က ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးအတွက် လုပ်မယ့်သူကနည်း၊ သုံးတဲ့ငွေက နည်းတာကြောင့်ရယ် ဖြစ်ပါတယ်။

ဆားစ်ရောဂါကူးစက်မှုတွေ ၂၀၀၃ ခုနှစ်မှာ ဖြစ်တုန်းကဆိုရင် ကမ္ဘာ့ဦးဆောင်သုတေသနပညာရှင်တွေ၊ အဖွဲ့တွေပါတဲ့ အုပ်စုတစ်ခုက တရုတ်နိုင်ငံကထွက်လာတဲ့ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးတစ်ခုကို လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါပေမယ့် နောက်ထပ်ကိုရိုနာဗိုင်းရပ်စ်တစ်ခု ခပ်မြန်မြန် ထပ်တိုက်ခိုက်လိမ့်မယ်လို့ နိုင်ငံတကာပညာရှင်တော်တော်များများက မျှော်လင့်မထားတဲ့အတွက် စမ်းသပ်မှုတွေဟာ မေ့မိန်ရပ်တန့်သွားခဲ့ရတယ်လို့ ဆားစ်နဲ့ပတ်သက်ပြီး ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးလုပ်ရာမှာပါဝင်ခဲ့တဲ့ အမည်မဖော်လိုသူပညာရှင်တစ်ဦးက ဂလိုဘယ်တိုင်းမ်ကို ပြောပါတယ်။

### ရောဂါတွေကို အမျိုးမျိုးကွဲပြားစေ

ကမ္ဘာပေါ်တွင် အလျှံပယ်ဆုံးဇီဝသက်ရှိများဖြစ်တဲ့အတွက် ဗိုင်းရပ်စ်အများစုဟာ သူတို့ကိုလက်ခံပေးတဲ့သူနဲ့ ရောဂပစ္စယဆက်ဆံရေးရှိကြပါတယ်။ ဆိုလိုတာကတော့ သူတို့ဟာ ခပ်ပျော့ပျော့ဖျားနာတာကနေ စိုးရိမ်ရတဲ့အခြေအနေအထိ ရောဂါတွေကို အမျိုးမျိုးကွဲပြားစေပါတယ်လို့ ပညာရှင်က ပြောပါတယ်။

ဒါပေမယ့် ပညာရှင်တွေက အများပြည်သူတွေ ဗိုင်းရပ်စ်အပေါ် အလွန် အမင်းကြောက်ရွံ့ကြတာကို လျှော့ပါးအောင်ကြိုးစားပေးကြပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်က ဗိုင်းရပ်စ်အများစုကိုခုခံပေးနိုင်ပြီး ဗိုင်းရပ်စ်တော်တော်များများက သဘာဝအရကို လူတွေကိုဒုက္ခမပေးကြလို့ ဖြစ်ပါတယ်။

အခုအချိန်မှာတော့ နည်းပညာတွေတိုးတက်လာတာနဲ့အမျှ လူတွေဟာ ဗိုင်းရပ်စ်တွေကို ပြန်လည်တွန်းလှန်ဖို့ ဦးစီးဦးရွက်လုပ်လာတာတွေ ပိုများလာပါပြီလို့ ပညာရှင်တွေက သုံးသပ်ပြပါတယ်။ ၁၉၁၈ ခုနှစ် H1N1 ဗိုင်းရပ်စ်ကပ်ရောဂါကတည်းက ဗိုင်းရပ်စ်တွေအပေါ် လူသားတွေနားလည်မှု အကြီးအကျယ် တိုးတက်လာတယ်။ အခုဆိုရင် သူတို့ရဲ့ မျိုးဗီဇဆိုင်ရာအစီအစဉ်တွေကို ပိုင်းခြားစိတ်ဖြာပြီး ဗိုင်းရပ်စ်ရဲ့ ဇစ်မြစ်တွေကို နားလည်လာနိုင်ကြတယ်လို့ သူက ဖြည့်စွက်ပြောပါတယ်။

### မြန်နိုင်သမျှမြန်မြန်ထွက်ပေါ်လာဖို့

ပြင်းထန်မာကျောလှတဲ့ ကိုဗစ်-၁၉ကပ်ရောဂါကနေသင်ယူပြီး တရုတ်နိုင်ငံအစိုးရဟာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ သေရေးရှင်ရေးကိစ္စနဲ့ နိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲမှုစနစ်ကို တုံ့ပြန်နိုင်ဖို့ ကာကွယ်ရေးယန္တရားတစ်ခု တိုးတက်ဖြစ်ထွန်းဖို့ တိုက်တွန်းလိုက်ပါတယ်။ ဇီဝလုံခြုံရေးဆိုင်ရာဥပဒေအသစ် မြန်နိုင်သမျှမြန်မြန်ထွက်ပေါ်လာဖို့ တောင်းဆိုလိုက်ပါတယ်။

သုတေသနလုပ်ငန်းတွေ တစိုက်မတ်မတ်လုပ်နေဖို့နဲ့ အနာဂတ်ဇီဝလုံခြုံမှုဆိုင်ရာကပ်တွေကို ကြိုတင်ပြင်ဆင်နိုင်ဖို့အတွက် မဟာဗျူဟာမြောက်ယန္တရားနဲ့ ဥပဒေဟာ အခြေခံကျပါတယ်။ ဒါပေမယ့် ပိုအရေးကြီးတာက ပြည်သူ့ရေးရာနဲ့ မူဝါဒရေးရာလုပ်ဆောင်သူတွေအနေနဲ့ အမြင်ကျယ်ကျယ်နဲ့ သင်ယူပြီး အနာဂတ်မှာဖြစ်လာနိုင်တဲ့ ဘေးကျပ်နံကျပ် အခြေအနေဆိုးတစ်ခုအတွက် ကြိုတင်ပြင်ဆင်ဖို့ပဲဖြစ်တယ်လို့ ပညာရှင်များက ဆိုပါတယ်။

*၁၅-၄-၂၀၂၀ထုတ် Global Times သတင်းစာမှ China leads vaccine R&D by Leng Shumei, Hu Yuwei and Chu Daye ဆောင်းပါးကို ဆီလျော်အောင် ပြန်ဆိုပါတယ်။*

# အမေရိကန်သမ္မတလောင်းအဖြစ် ဂျိုးဘိုင်ဒင်ကို သမ္မတဟောင်း အိုဘားမား ထောက်ခံ

**ဝါရှင်တန် မေ ၁၅**
အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားက ယခုနှစ်ဆောင်းဦးရာသီတွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်ကို ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် ထောက်ခံလိုက်သည်။

**အကောင်းဆုံး ဆုံးဖြတ်ချက်တစ်ခု**

သမ္မတဟောင်း အိုဘားမားသည် ယမန်နေ့ကအွန်လိုင်းမှတစ်ဆင့် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။ “ဂျိုးဘိုင်ဒင်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်ခြင်းက ကျွန်တော်ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေထဲမှာ အကောင်းဆုံး ဆုံးဖြတ်ချက်တစ်ခု ဖြစ်ပါတယ်။ ဂျိုးဘိုင်ဒင်မှာ သမ္မတတစ်ဦးဖြစ်ဖို့လိုအပ်တဲ့ အရည်အချင်းတွေ အားလုံးရှိပါတယ်”ဟု အိုဘားမားက ပြောသည်။ သမ္မတလောင်းအဆိုပြုစာရင်းမှ ရုတ်သိမ်းခဲ့သည့် လက်ဝဲဝါဒီအထက်လွှတ်တော်အမတ် ဘာနီဆန်းဒါးစ် အတွက်လည်း ထည့်သွင်းစဉ်းစားကြောင်း အိုဘားမားက ပြောသည်။

သူနှင့် ဆန်းဒါးစ်တို့မှာ အကြောင်းအရာတိုင်းတွင် သဘောထားမတိုက်ဆိုင်ခဲ့သော်လည်း အမေရိကန်နိုင်ငံကို မျှတမှုရှိသော၊ တန်းတူညီမျှမှုရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရန် ခံယူချက်တစ်ရပ် မျှဝေခဲ့ကြောင်း အိုဘားမားက ဆိုသည်။ အိုဘားမား၏ ထောက်ခံချက်က သူ့အတွက် အရေးပါကြောင်း ဂျိုးဘိုင်ဒင်က တွစ်တာ၌ ရေးသားခဲ့သည်။ အိုဘားမားအနေဖြင့် ဂျိုးဘိုင်ဒင်မတိုင်မီ ယနေ့အချိန်ထိ မည်သည့်သမ္မတလောင်းတစ်ဦးကိုမှ လူသိရှင်ကြား ထောက်ခံမှုမပြုလုပ်ခဲ့ပေ။ သို့သော် အိုဘားမားအနေဖြင့် ပါတီတွင်းစည်းလုံးညီညွတ်မှု မြှင့်တင်ရန် ဘာနီဆန်းဒါးစ်နှင့် အခြားကိုယ်စားလှယ်လောင်းများထံ ချဉ်းကပ်ခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

ထင်ရှားသော သမ္မတဟောင်းက ဂျိုးဘိုင်ဒင်ကို သမ္မတလောင်းအဖြစ်ထောက်ခံမှုသည် ဒီမိုကရက်တစ်ပါတီ၏ လက်ဝဲဝါဒီများနှင့် အလယ်အလတ်ဝါဒီများကို စည်းလုံးမှုရှိစေသည်ဟု လေ့လာသူများက ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**






# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၇၇ ဦးနှင့် ကူးစက်ဖြစ်ပွားသူ ၁၁၄၃၉ ဦးရှိလာ

**နယူးဒေလီ မေ ၁၅**
အိန္ဒိယနိုင်ငံတွင် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၇၇ ဦးနှင့် ကူးစက်ခံရသူ ၁၁၄၃၉ ဦးရှိလာကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

မေ ၁၄ ရက် ညနေပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၂၄ ဦးနှင့် သေဆုံးသူ ၂၄ ဦးအထိ တိုးလာခဲ့ကြောင်းနှင့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်သည် မေ ၁၄ ရက်ညနေပိုင်းအထိ ၁၀၈၁၅ ဦးရှိကြောင်း၊ သေဆုံးသူစုစုပေါင်းမှာ ၃၅၃ ဦးရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ၁၃၀၆ ဦးမှာ ရောဂါပြန်လည်သက်သာလာ၍ ဆေးရုံမှဆင်းခွင့်ပြုပေးခဲ့ကြောင်း၊ လက်ရှိကူးစက်ခံထားရသူဦးရေမှာ ၉၇၅၆ ဦးရှိကြောင်း သိရသည်။

**မေ ၃ ရက်အထိ တိုးမြှင့်**

အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် အစိုးရက ထုတ်ပြန်ထားသည့် နိုင်ငံတစ်ဝန်းအသွားအလာကန့်သတ်မှုကို ဝန်ကြီးချုပ်မိုဒီက မေ ၃ ရက်အထိ တိုးမြှင့်ခဲ့သည်။ အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်းအသွားအလာကန့်သတ်မှု တိုးမြှင့်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အသေးစိတ်ညွှန်ကြားချက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန် ကျန်းမာရေးဝန်ထမ်း ၉၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

**ဝါရှင်တန် မေ ၁၅**
အမေရိကန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံထားရသော ကျန်းမာရေးဝန်ထမ်းအရေအတွက် ၉၀၀၀ ကျော်ရှိကြောင်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောကြားခဲ့သည်။

**သီးခြားနေထိုင်လျက်ရှိ**

ဖေဖော်ဝါရီ ၁၂ ရက်မှ မေ ၉ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၉၃၇၀ ဦးရှိပြီး ၎င်းတို့အနက် ၉၂၈၂ (၁၉ ရာခိုင်နှုန်း)သည် ကျန်းမာရေးဝန်ထမ်းများဖြစ်သည်ဟု အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ မေ ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်ရပ်အရ သိရသည်။

ရောဂါကူးစက်ခံကျန်းမာရေးဝန်ထမ်းများအနက် ၂၇ ဦးသေဆုံးခဲ့ကြောင်းနှင့် အများစုမှာ ရောဂါလက္ခဏာအနည်းငယ်ကိုသာပြသလျက်ရှိပြီး ၎င်းတို့နေအိမ်များတွင် သီးခြားနေထိုင်လျက်ရှိကြောင်း သိရသည်။

ရောဂါကူးစက်သောနေရာ ၁၄၀၀ အနက် နေရာ ၇၈၀ ခန့် (၅၅ ရာခိုင်နှုန်း)သည် ရောဂါရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးသော နေရာများဖြစ်သည်ဟု အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

**ဖိအားများနှင့်ရင်ဆိုင်နေရ**

အမေရိကန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအမြင့်မားဆုံးဖြစ်သည့်အတွက် အမေရိကန်ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ဖိအားများနှင့် ရင်ဆိုင်နေရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရာတွင် နှာခေါင်းစည်းအပါအဝင် အခြားသောထောက်ပံ့ရေးပစ္စည်းများကို ဖြည့်ဆည်းပေးရန် အရေးကြီးကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက အလေးပေးပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**





# ကိုဗစ်-၁၉ ရောဂါ စမ်းသပ်ကိရိယာများ ပေးပို့ခြင်းအတွက် အမေရိကန်က တောင်ကိုရီးယားကို ကျေးဇူးတင်

**ဆိုးလ် မေ ၁၅**
ထောင်ပေါင်းများစွာသော ကိုဗစ်-၁၉ ရောဂါစမ်းသပ်ကိရိယာများ ပို့ဆောင်ပေးခြင်းအတွက် အမေရိကန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

တောင်ကိုရီးယားအစိုးရက ကိုဗစ်-၁၉ ရောဂါစမ်းသပ်ကိရိယာများ ဝယ်ယူခွင့်ပေးခဲ့ပြီး အဆိုပါကပ်ရောဂါတိုက်ဖျက်ရေးတွင် အမေရိကန်နိုင်ငံကို ကူညီပေးခဲ့ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၁၄ ရက်တွင် ပြောကြားခဲ့သည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်ခ်အက်စ်ပါကလည်း တောင်ကိုရီးယားနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။ တောင်ကိုရီးယားကုမ္ပဏီသုံးခုမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်ကိရိယာ ၆၀၁၅၀ ခုကို အမေရိကန်နိုင်ငံက ဝယ်ယူခဲ့သည်။

အဆိုပါ စမ်းသပ်ကိရိယာများကို အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနက ယာယီအတည်ပြုချက်ပေးခဲ့ပြီး ယနေ့ အမေရိကန်နိုင်ငံသို့ ရောက်ရှိမည်ဖြစ်သည်။

**ကိုးကား-အာရီယန်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# နိုင်ငံ့စီးပွားရေး ပြန်လည်ကောင်းမွန်စေရန် အကြံပြုချက်များ တောင်းခံသွားမည်ဟု ထရမ့်ပြောကြား

**ဝါရှင်တန် မေ ၁၅**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ကျဆင်းခဲ့သောနိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် စက်မှုလုပ်ငန်းရှင်များထံမှ အကြံပြုချက်များ တောင်းခံသွားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တွင် စက်မှုလုပ်ငန်း ၁၇ ခုမှ လုပ်ငန်းရှင် ၂၀၀ ခန့်အား အမေရိကန်စီးပွားရေး ပြန်လည်ရှင်သန်ရေးဆိုင်ရာ စက်မှုလုပ်ငန်းအုပ်စုတွင် ပါဝင်ဆောင်ရွက်စေမည်ဖြစ်သည်။ သတ်မှတ်ထားသော စက်မှုလုပ်ငန်းများမှာ ဘဏ်လုပ်ငန်း၊ ငွေကြေးဆိုင်ရာလုပ်ငန်း၊ စွမ်းအင်၊ ကာကွယ်ရေး၊ အားကစားနှင့် အခြားကဏ္ဍများပါဝင်သည်။ ထရမ့်က သူ့အနေဖြင့် ယခုအချိန်တွင် ခရီးအသွားအလာ ပိတ်ပင်ထားသောဒေသများအတွက် ပြန်လည်ဆောင်ရွက်မည့် စီးပွားရေးအစီအမံများနှင့် စည်းမျဉ်းများကို ရေးဆွဲထားသည်ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။ ထိုအစီအစဉ်များကို နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး အင်ဒရူးကီမိုအပါအဝင် အခြားပြည်နယ်များမှ အုပ်ချုပ်ရေးမှူးများနှင့် ဆွေးနွေးသွားမည်ဟု ထရမ့်ကပြောကြားသည်။ ဗုဒ္ဓဟူးနေ့မှစတင်ပြီး စက်မှုလုပ်ငန်းရှင်များ၏ အကြံပြုချက်များကို တောင်းခံသွားမည်ဟု ထရမ့်က ပြောကြားသည်။

အိမ်ဖြူတော်ကပြောကြားရာတွင် အုပ်စုမတူသော နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် အမေရိကန်နိုင်ငံ ကြွယ်ဝသော အနာဂတ်ကိုရရှိစေရန် အတူတကွဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။ ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်သူများက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုများဖြစ်နေသဖြင့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်စတင်ရန် အချိန်စောကြောင်း ပြောကြားခဲ့ပြီးနောက် ထရမ့်၏ စီးပွားရေးဆိုင်ရာ အကြံပြုချက်တောင်းခံခြင်းဖြစ်လာခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



# အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၀၀၀ ကျော်ရှိလာ

**ဂျေရုဆလင် မေ ၁၅**



အစ္စရေးနိုင်ငံ၌ မေ ၁၄ ရက် တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၀ ရှိခဲ့သဖြင့် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၂၀၄၆ ဦး ရှိလာခဲ့ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

မေ ၁၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ခုနစ်ဦးရှိခဲ့သဖြင့် သေဆုံးသူ စုစုပေါင်း ၁၂၃ ဦးအထိ ရှိလာခဲ့သည်။ ထို့ပြင် အစ္စရေးနိုင်ငံ၌ မေ ၁၄ ရက်တွင် ရောဂါကူးစက်ခံရမှုမှ ပြန်လည်သက်သာလာသူ ၃၄၀ ရှိလာခဲ့သဖြင့် မေ ၁၂ ရက်နောက်ပိုင်း တစ်ရက်တာအတွင်း အမြင့်ဆုံးအရေအတွက်နှင့်အတူ ပြန်လည်သက်သာလာသူ စုစုပေါင်း ၂၁၉၅ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ပြင်းထန်သည့် အခြေအနေတွင်ရှိနေသူ အရေအတွက်သည်လည်း ၁၈၃ ဦးမှ ၁၇၅ ဦးသို့ လျော့ကျခဲ့ကြောင်း၊ လက်ရှိတွင် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသူ ၇၅၇ ဦးရှိကြောင်းနှင့် ဟိုတယ်များတွင် ဆေးဝါးကုသမှုခံယူခဲ့သူ ၁၂၂၉ ဦးသည်လည်း ရောဂါထိန်းချုပ်စောင့်ကြည့်ရေးနေရာများသို့ ပြောင်းရွှေ့ထားခဲ့ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■

# ကိုဗစ်-၁၉ ရှိ၊ မရှိ ထောက်လှမ်းနိုင်သည့် အဝေးထိန်းကိရိယာ အီရန် ထုတ်ဖော်ပြသ

**ဆင်ဟွာ မေ ၁၅**

အီရန်နိုင်ငံ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC)က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများကို အဝေးမှနေ၍ ရှာဖွေတွေ့ရှိနိုင်သည့် ကိရိယာကို ဗုဒ္ဓဟူးနေ့က ထုတ်ဖော်ပြသခဲ့ကြောင်း တာ့စ်နင်မ် သတင်းအေဂျင်စီက ထုတ်ပြန်သည်။ ၎င်းကိရိယာကို အသုံးပြု၍ ကိုဗစ်-၁၉ ကူးစက်ခံရသူများကို အဝေးမှ ရှာဖွေတွေ့ရှိနိုင်သဖြင့် ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်မှုအတွက် သွေးနမူနာယူစရာ မလိုတော့ကြောင်း IRGC ၏ တပ်မှူးချုပ် ဟော့စိန်ဆယ်လာမီက ပြောကြားသည်။

ယင်းကိရိယာသည် သံလိုက်စက်ကွင်းကို ဖန်တီး၍ မီတာ ၁၀၀ ပတ်လည်အတွင်းရှိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူတိုင်းကို ငါးစက္ကန့်ခန့်အတွင်း ရှာဖွေပေးနိုင်ကြောင်း ဆယ်လာမီ က ပြောကြားသည်။ ယင်းကိရိယာကို သတ်မှတ်ထားသည့်နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများတွင်လည်း အသုံးပြုနိုင်ကြောင်း၊ ယင်းကိရိယာကို အသုံးပြုခြင်းဖြင့် ညစ်ညမ်းမှုမရှိသည့် မျက်နှာပြင်များကို ထပ်မံသန့်ရှင်းရေးပြုလုပ်စရာ မလိုတော့ကြောင်း ဆယ်လာမီက ပြောကြားသည်။ ယင်းပြည်တွင်းဖြစ်ကိရိယာသည် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုဖြစ်ပွားပြီးနောက် အီရန်သိပ္ပံပညာရှင်များက ထုတ်လုပ်သည့် နောက်ဆုံးပေါ်ခေတ်မီကိရိယာဖြစ်သည်ဟု ဆယ်လာမီက ဆိုသည်။

အီရန်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုအပြင်းထန်ဆုံး ခံစားရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဖေဖော်ဝါရီ ၁၉ ရက်တွင် အီရန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကို စတင်တွေ့ရှိချိန်မှစ၍ လူပေါင်း ၇၄၈၇၇ ဦး ရောဂါကူးစက်ခံရပြီး ၄၆၈၃ ဦး သေဆုံးခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ဇော်လင်း**

# ကိုဗစ်-၁၉ ကြောင့် နိုင်ငံတကာလေကြောင်းလိုင်းအားလုံး ထိုင်းအစိုးရ ပိတ်ပင်တားမြစ်

**ဗန်ကောက် မေ ၁၅**

ထိုင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရေးအတွက် နိုင်ငံအတွင်းဆင်းသက်မည့် နိုင်ငံတကာလေကြောင်းလိုင်းအားလုံးကို မေ ၁၉ ရက်မှ ၃၀ ရက်အထိ အကန့်အသတ်ဖြင့် တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ထိုင်းလေကြောင်းအာဏာပိုင်အဖွဲ့က ယနေ့ပြောကြားသည်။

ထိုင်းလေကြောင်းအာဏာပိုင်အဖွဲ့သည် နိုင်ငံခြားသားခရီးသည်များနှင့် နိုင်ငံရပ်ခြားမှ ပြန်လာသော ထိုင်းနိုင်ငံသားများထံမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် နိုင်ငံအတွင်းဆင်းသက်မည့် နိုင်ငံတကာလေကြောင်းလိုင်းအားလုံးကို ဧပြီ ၃ ရက်က တားမြစ်ပိတ်ပင်ထားကြောင်း ထိုင်းလေကြောင်း အာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူး ချူလာဆုခ်မာနော့ပ်က ပြောကြားသည်။ သို့သော် ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် သေသေချာချာ ပြန်လည်သုံးသပ်ခဲ့ ပြီးနောက် နိုင်ငံအတွင်း ဆင်းသက်မည့် နိုင်ငံတကာ လေကြောင်းလိုင်းများအား ပိတ်ပင်တားမြစ်ခြင်းအားဖြင့် ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးအတွက် ပို၍ထိရောက်မှုရှိသည့်အတွက် နိုင်ငံတကာလေကြောင်းလိုင်းအားလုံးကို မေလကုန်အထိ ပိတ်ပင်တားမြစ်ရန် မိမိတို့အနေဖြင့် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

အဆိုပါ တားမြစ်ချက်အရ သံတမန်ရေးတာဝန်နှင့် ပတ်သက်သော လေယာဉ်များ၊ အရေးပေါ်ဆင်းသက်သော လေယာဉ်များ၊ လူသားချင်းစာနာမှုဆိုင်ရာ တာဝန်ဖြင့်ဆင်းသက်သောလေယာဉ်များ၊ ဆေးဘက်နှင့် ကယ်ဆယ်ရေးဆိုင်ရာတာဝန်ဖြင့်ဆင်းသက်သောလေယာဉ်များနှင့် ကုန်တင်လေယာဉ်များမှ လွဲ၍ မည်သည့်လေယာဉ်ကိုမှ ထိုင်းနိုင်ငံတွင် ဆင်းသက်ခွင့်ပြုမည် မဟုတ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။ သို့သော် လေယာဉ်ပေါ်မှ ဆင်းခွင့်ရသော ခရီးသည်များသည် အစိုးရ၏ စီမံချက်နှင့်အညီ ၁၄ ရက်ကြာ သီးသန့်ခွဲ၍ နေရမည်ဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအသစ် ၃၀ ယနေ့ ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူ ၂၆၄၃ ဦးရှိလာပြီး ၎င်းတို့အနက် ၄၃ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ဥရောပတစ်ခွင်လုံး၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သန်းကျော်ရှိလာ

**ပါရီ မေ ၁၅**


ဥရောပတစ်ခွင်လုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သန်းကျော်ရှိလာပြီး ကမ္ဘာတစ်ဝန်းလုံးရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း၏ ထက်ဝက်ကျော်ရှိသည်။

လောလောဆယ် ဥရောပတစ်ခွင်လုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၀၁၀၈၅၈ ဦးရှိပြီး ယင်းရောဂါကြောင့် သေဆုံးသူ ၈၅၂၇၁ ဦးရှိလာခဲ့သည်။ ထို့အတူ ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ ၂၀၀၀၅၇၆ ခန့်ရှိပြီး ယင်းရောဂါကြောင့် သေဆုံးသူ ၁၂၆၈၇၁ ဦး ရှိလာခဲ့သည်။ ယခုအခါ ဥရောပတိုက်သည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့် တိုက်တစ်တိုက်ဖြစ်လာခဲ့သည်။

ဥရောပတိုက်ရှိ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့်နိုင်ငံများမှာ အီတလီ၊ စပိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ဖြစ်သည်။ လောလောဆယ် စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၂၅၄၁ ဦးရှိပြီး ယင်းရောဂါကြောင့် သေဆုံးသူ ၁၈၀၅၆ ဦး ရှိလာခဲ့သည်။ ထို့အတူ အီတလီနိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၁၆၂၄၈၈ ဦးနှင့် သေဆုံးသူ ၂၁၀၆၇ ဦး၊ ပြင်သစ်နိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၁၄၃၃၀၃ ဦးနှင့် သေဆုံးသူ ၁၅၇၂၉ ဦးနှင့် ဂျာမနီနိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၁၂၇၅၈၄ ဦးနှင့် သေဆုံးသူ ၃၂၅၄ ဦး စသည်ဖြင့် အသီးသီးရှိကြကြောင်း သိရသည်။

ထို့အတူ ဗြိတိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၈၇၃ ဦးနှင့် သေဆုံးသူ ၁၂၁၀၇ ဦးရှိပြီး လောလောဆယ် ဥရောပတိုက်တွင် နေ့စဉ်ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း အများဆုံးဖြစ်လာခဲ့သည်။ သို့သော် နိုင်ငံအများအပြားတွင် ရောဂါပြင်းထန်သော လူနာများ သို့မဟုတ် ဆေးရုံတက်ရန်လိုအပ်သော လူနာများသာ စမ်းသပ်စစ်ဆေးလျက်ရှိသည့်အတွက် ရောဂါ ကူးစက်ခံရသူဦးရေသည် နောက်ထပ်တိုးလာဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



# တောင်ကိုရီးယားနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပ



**ဆိုးလ် မေ ၁၅**

မဲဆန္ဒရှင်များက တိုင်းပြည်၏ ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်း ကိုင်တွယ်ဖြေရှင်းမှုကို အာရုံစိုက်လျက်ရှိချိန်တွင် တောင်ကိုရီးယားနိုင်ငံက အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပခဲ့သည်။

ယနေ့နံနက် ၆ နာရီတွင် မဲရုံ ၁၄၀၀၀ ခန့် ဖွင့်လှစ်ခဲ့ပြီး မဲဆန္ဒရှင်များက အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ် ၃၀၀ ကို ရွေးချယ်မည်ဖြစ်သည်။ ရွေးကောက်ပွဲမှာ သမ္မတ မွန်ဂျေအင်း၏ အာဏာရ ကိုရီးယား ဒီမိုကရက်တစ်ပါတီနှင့် အကြီးမားဆုံး အတိုက်အခံအနာဂတ် ပါတီတို့ကြား အဓိကယှဉ်ပြိုင်မှုတစ်ခု ဖြစ်လာမည်ဟု မျှော်မှန်းရသည်။ မဲဆန္ဒရှင်များအတွက် အဓိကမှာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါနှင့် စီးပွားရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများဖြစ်ကြသည်။ ၁၃ ရက်တာ ရွေးကောက်ပွဲ စည်းရုံးရေးကာလအတွင်း ကိုယ်စားလှယ်လောင်းများက နှာခေါင်းစည်းများ ဝတ်ဆင်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုတားဆီးရန် လက်ဆွဲနှုတ်ဆက်မှုများကို ရှောင်ကြဉ်ခဲ့သည်။

အထွေထွေ ရွေးကောက်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပသည်။ ယခုနှစ်ကို သမ္မတ မွန်ဂျေအင်းအစိုးရအဖွဲ့၏ စွမ်းဆောင်မှုကို သက်တမ်းဝက် အကဲဖြတ်မှုတစ်ခုအဖြစ် ရှုမြင်သည်။ သမ္မတ မွန်ဂျေအင်း၏ ငါးနှစ်ကြာ သက်တမ်းမှာ ၂၀၂၂ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ဖေဖော်ဝါရီလနှောင်းပိုင်းတွင် တောင်ကိုရီးယားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမှာ တစ်ရက်လျှင် ၉၀၀ ကျော်အထိ မြင့်တက်ခဲ့သည်။ သို့သော်လည်း ဧပြီ ၁၄ ရက်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၃၀ အောက်ရှိ သည့် ဒုတိယမြောက်နေ့ဖြစ်လာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုစမ်းသပ်ဆောင်ရွက်သည့် တိုင်းပြည်အဖြစ် လူသိများသည်။ သမ္မတ မွန်ဂျေအင်း၏ ရေပန်းစားမှုက အာဏာရဒီမိုကရက်တစ်ပါတီကို အထောက်အကူပြုသည်။

သမ္မတ မွန်ဂျေအင်းက ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်မှုကို ဦးဆောင်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် နေ့စဉ် ကူးစက်မှုအရေအတွက် သိသိသာသာ ကျဆင်းလာခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ ဘာသာပြန် - ကျော်ထိုက်စိုး**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန် အမေရိကန်အား တရုတ်တိုက်တွန်း

**ပေကျင်း ဧပြီ ၁၅**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါအား တိုက်ဖျက်ရာတွင် အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန် တရုတ်နိုင်ငံက တိုက်တွန်းလိုက်ကြောင်း သိရသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဇာအိုလီဂျန်းက ဧပြီ ၁၅ ရက်တွင် မြို့တော်ပေကျင်း၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း အမေရိကန်နိုင်ငံအား တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ကိုင်တွယ်မှုနှင့်စပ်လျဉ်း၍ ရန်ပုံငွေပေးအပ်နေမှုကို အမေရိကန်အစိုးရအနေဖြင့် ယာယီရပ်ဆိုင်းကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကြေညာခဲ့ခြင်းကို တုံ့ပြန်ကာ ဇာအိုလီဂျန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းအား အများဆုံးလှူဒါန်းသည့်နိုင်ငံဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာတစ်ဝန်းသို့ လျင်မြန်စွာပျံ့နှံ့နေသည့်အတွက် အမေရိကန်၏ ဆုံးဖြတ်ချက်သည် ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုကို သေးသိမ်သွားစေကြောင်း ဇာအိုလီဂျန်းက ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားချိန်မှစတင်ကာ အတွင်းရေးမှူးချုပ် ဂီဘရီယီးဆပ်၏ ညွှန်ကြားချက်အောက်တွင် တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ခဲ့ကြောင်းနှင့် နိုင်ငံတကာ၏ နားလည်မှုနှင့် ချီးကျူးမှုကိုရရှိခဲ့ကြောင်း ဇာအိုလီဂျန်းက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရာတွင် အဓိကကဏ္ဍမှ ပါဝင်သွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကို ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဇာအိုလီဂျန်းက ဆက်လက်ပြောကြားခဲ့သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်**

# ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၀ ထပ်မံစမ်းသပ်တွေ့ရှိ

**မနီလာ ဧပြီ ၁၅**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၀ ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၄၅၃ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၄ ဦး ထပ်မံသေဆုံးခဲ့ပြီး အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၄၉ ဦးရှိလာကြောင်း သိရသည်။

သို့သော် ရောဂါကူးစက်ခံရသူ ၅၈ ဦးတို့သည် ပြန်လည်ကျန်းမာလာသဖြင့် နိုင်ငံအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၅၃ ဦးရှိလာခဲ့သည်။ ဖိလစ်ပိုင်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်သည့်အနေဖြင့် ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ လာမည့်ရက်ပိုင်းအတွင်း ရောဂါကူးစက်ခံရသူဦးရေ နောက်ထပ်တိုးလာဖွယ်ရှိသည်။ ဖိလစ်ပိုင်အစိုးရသည် ပြည်သူ ၃၈၀၀၀ ကို ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ကာလိုနိုဂရေးလ်စ်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဇာအိုလီဂျန်း

# ကိုဗစ်-၁၉ လူနာများအတွက် ဉာဏ်ရည်တုနည်းပညာသုံး ပထမဆုံးဆေးရုံ ဩစတြေးလျ၌ ဖွင့်

**ဆစ်ဒနီ ဧပြီ ၁၅**

ဩစတြေးလျနိုင်ငံသည် ကိုဗစ်-၁၉ လူနာများအတွက် ဉာဏ်ရည်တုနည်းပညာသုံး ပထမဆုံးဆေးရုံကို နယူးဆောက်ဝေးလ် ပြည်နယ်တွင် စတင်စမ်းသပ်ဆောင်ရွက်ခဲ့ကြောင်း ဒေသန္တရရုပ်မြင်သံကြားဌာန တစ်ခုက ဗုဒ္ဓဟူးနေ့တွင် ထုတ်လွှင့်ပြသခဲ့သည်။

နယူးဆောက်ဝေးလ်ပြည်နယ်ရှိ အာမစ်ဒေးလ်ဆေးရုံသည် ဗုဒ္ဓဟူးနေ့က စတင်စမ်းသပ်ကုသမှု ဆောင်ရွက်ခဲ့သည်။ ၎င်းဆေးရုံသည် လူနာ၏ရောဂါလက္ခဏာများကို ဆေးရုံသို့ သတင်းပို့နိုင်သည့် စောင့်ကြည့်ရေးကိရိယာများကို ရောဂါပြင်းထန်ခြင်းမရှိသည့် ကိုဗစ်-၁၉ လူနာများအား ဝတ်ဆင်ပေးပြီးနောက် ၎င်းလူနာများကို အိမ်သို့ပြန်လွှတ်သည်။ ဉာဏ်ရည်တုနည်းပညာ အကူအညီဖြင့် ဆရာဝန်များက လူနာများ၏ကျန်းမာရေးအခြေအနေများကို အဝေးမှ စောင့်ကြည့်စစ်ဆေးနိုင်သည်။ လူနာများ၏ ကျန်းမာရေးအခြေအနေဆိုးရွားလာပါက ၎င်းလူနာများကို ဆရာဝန်များက ဆေးရုံသို့ ပြန်ခေါ်မည်ဖြစ်သည်။

ယင်းကိရိယာသည် လူနာများ၏ လက်ကောက်ဝတ်တွင် ဝတ်ဆင်ပေးရသည့် ရိုးရှင်းသည့် ကိရိယာဖြစ်ကြောင်း၊ ယင်းကိရိယာသည် နှလုံးနှင့် အဆုတ်၏ လုပ်ငန်းဆောင်ရွက်နေပုံ အရေးကြီးလက္ခဏာများကို ဆေးရုံရှိ လူနာဆောင်သို့ ပို့ပေးကြောင်း၊ ထိုလူနာဆောင်တွင် ဆရာဝန်များက အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်စစ်ဆေးမှု ပြုလုပ်ပေးကြောင်း နယူးအင်္ဂလန် တက္ကသိုလ် ဆေးပညာမဟာဌာနမှူး ပါမောက္ခ မက်ကလာရီက ချန်နယ်ဆဲဗင်းနယူးစ် ရုပ်မြင်သံကြားသို့ ပြောကြားသည်။

ယင်းစမ်းသပ်မှုများ အောင်မြင်ပါက ဆေးရုံများရှိ လူနာခုတင် အသုံးပြုရန် လိုအပ်မှုကို ရှောင်ရှားနိုင်မည်ဖြစ်၍ အလားတူဆေးရုံများ ဩစတြေးလျနိုင်ငံတစ်ဝန်း ပေါ်ပေါက်လာနိုင်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ဇော်လင်း**

# ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်၌ မီးလောင်မှုဖြစ်ပွား

**မနီလာ ဧပြီ ၁၅**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်ရှိ လူစည်ကားသော တွန်ဒိုခရိုင်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ထောင်စု တစ်ရာကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ အဆိုပါမီးသည် ဧပြီ ၁၅ ရက်ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲဝန်းကျင်တွင် တွန်ဒိုခရိုင် ဒယ်ပန်ဒေသတွင် စတင်လောင်ကျွမ်းခဲ့သည်။ ထို့ပြင် အဆိုပါမီးလောင်ကျွမ်းမှုကို မီးဘေးသတိပေးချက် တတိယအဆင့်အဖြစ် သတ်မှတ်ခဲ့သည်။

မီးသတ်ကား ၁၀ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ တစ်နာရီခန့်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် အလုံး ၂၀ ပျက်စီးဆုံးရှုံးခဲ့ပြီး ခန့်မှန်းပီဆို တစ်သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း မီးဘေးကာကွယ်ရေးဗျူရိုပြောရေးဆိုခွင့်ရှိသူ ဂျာရာဒိုင် အာဂိုနိုစ်က ပြောကြားခဲ့သည်။

မီးစတင်လောင်ကျွမ်းမှု၏ အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။ မီးဘေးသင့်ပြည်သူများအား ဘာဆီကို ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ထားပြီး လိုအပ်သော အကူအညီများပေးလျက်ရှိကြောင်း ဒေသန္တရအစိုးရအဖွဲ့က ပြောကြားသည်။

**ကိုးကား - စီအင်န်အင်န်၊ ဘာသာပြန် - အောင်ကျော်ကျော်**




# ဘရက်ဆစ်အရေးဆွေးနွေးပွဲများ ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပ

**လန်ဒန် ဧပြီ ၁၅**

ဘရက်ဆစ်အရေးဆွေးနွေးပွဲကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် မတ်လအလယ်ခန့်မှစတင်၍ ရပ်ဆိုင်းခဲ့ပြီးနောက် တစ်လနီးပါးအကြာတွင် ပထမဆုံးအကြိမ် ဘရက်ဆစ်အရေး တရားဝင်ဆွေးနွေးပွဲများကို လန်ဒန်နှင့် ဘရပ်ဆဲလ်အကြား ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပခဲ့သည်။

ဘရက်ဆစ်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမည့် အချိန်ကာလအလွန်တွင် ဗြိတိန်နှင့် အီးယူအကြား အနာဂတ်ဆက်ဆံရေးအတွက် အသေးစိတ်ဆွေးနွေးမည့်အစီအစဉ်များကို အပြီးသတ်ဆောင်ရွက်ရန် ဗြိတိန်ညှိနှိုင်းရေးမှူးချုပ် ဒေးဗစ်ဖရော့စ်နှင့် ဥရောပသမဂ္ဂ၏ ဘရက်ဆစ်ညှိနှိုင်းရေးမှူး မိုက်ကယ်ဘာနီယာတို့အနေဖြင့် လုပ်ဆောင်မည်ဟု မျှော်လင့်ရသည်။ ဗြိတိန်နှင့် အီးယူတို့၏ ဆက်ဆံရေးမှာ ခက်ခဲသောအချိန်ကာလများတွင်ပင် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး သတင်းများအပြန်အလှန်ဖလှယ်ခြင်းနှင့် ပြီးခဲ့သောသီတင်းပတ်များအတွင်း နည်းပညာပိုင်းဆိုင်ရာဆွေးနွေးပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အမရပူရမြို့နယ် စည်ပင်ကျေးရွာတွင် နေအိမ် ၂၃ လုံး မီးလောင်ဆုံးရှုံး

**အမရပူရ မေ ၁၅**
မန္တလေးခရိုင် အမရပူရမြို့နယ် စည်ပင်ကျေးရွာနေ ဦးညီညီ၏ နေအိမ်၌ မေ ၁၂ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ သန္တေနှင့် ဒေသအရန် မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် ၃၀ ၊ ရေသယ်ယာဉ် ၂၀ ၊ မီးသတ် စက်ယာဉ် နှစ်စီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး စုစုပေါင်းယာဉ် ၅၈ စီးဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၇၀၊ ဒေသအရန် မီးသတ်တပ်ဖွဲ့ဝင် ၁၃၀ ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၈ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။



မီးလောင်မှုကြောင့် နေအိမ် ၂၃ လုံး၊ မီးလောင်ဆုံးရှုံးပြီး အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၃၈ ဦး၊ ကလေး ၁၅ ဦး စုစုပေါင်း ၉၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရာ မီးဘေးသင့်ပြည်သူများအား ရွှေကြာမြိုင်ဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မီးလောင်မှု စတင်ဖြစ်ပွားသည့် အိမ်ရှင်ဦးညီညီအား အမရပူရမြို့နယ် မြစ်ငယ်နယ်မြေ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

# တောင်ကြီးနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၅**
တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက တောင်ကြီးမြို့နယ် နန်းဟောင်းကျေးရွာအုပ်စု ဘန်ကွဲကျေးရွာအနီး တောင်ကြီး-မိုင်းပျဉ်းကားလမ်းတွင် သူရိန်စိုး(ခ)အကြီးကောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပါလျှံ(၃)ရပ်ကွက် လမ်းမပေါ်တွင် သန်းကျော်ဇော (ခ)တူးတူး မောင်းနှင်လာသော ယာဉ်ကိုရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၂၂၄၀ တန်ဖိုးရှိ ဘိန်းဖြူ(၁၄)ကီလိုနှင့် ၎င်းထံမှလက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



သန်းကျော်ဇော(ခ)တူးတူးအား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ငါးသိုင်းချောင်းမြို့၌ ရပ်ထားသည့်မှန်လုံယာဉ်အား ဝင်တိုက်မိပြီး ဆိုင်ကယ်မောင်းသူသေဆုံး

**ငါးသိုင်းချောင်း မေ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ ယမန်နေ့ည ၈ နာရီခွဲက ရပ်ထားသည့် မှန်လုံယာဉ်အား ဆိုင်ကယ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် ည ၈ နာရီခွဲ ခန့်က ငါးသိုင်းချောင်းမြို့မှ ရေကြည်သို့ ယာဉ်မောင်းမျိုးဇင်ကျော် မောင်းနှင်ပြီး နိုင်ထက်ဦး လိုက်ပါလာသော ဆိုင်ကယ်သည် ရွှေဝါဖူးကားဝင်းရှေ့ ဗိုလ်ချုပ်လမ်းဘေးတွင် လမ်းဘေးချကာရပ်ထားသော မှန်လုံယာဉ်အား အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ မျိုးဇင်ကျော်တွင် ဒဏ်ရာများဖြင့် အခင်းဖြစ် နေရာတွင်သေဆုံးသွားပြီး နိုင်ထက်ဦးမှာလည်း ဒဏ်ရာများရရှိခဲ့၍ ယာဉ်မောင်း မျိုးဇင်ကျော်အား ငါးသိုင်းချောင်း နယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ဆန်းတင့် (ရေကြည်)**

# မုံရွာမြို့ အောင်မင်္ဂလာရပ်တွင် မီးလောင်မှုဖြစ်

**မုံရွာ မေ ၁၅**
မုံရွာမြို့ အောင်မင်္ဂလာရပ်တွင် မေ ၁၄ ရက် ည ၇ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရ သည်။

ဖြစ်စဉ်မှာ အိပ်ခန်းအတွင်း နံရံကပ်ပန်ကာ ပလပ်ခုံ အပူလွန်အရည်ပျော်ပြီး မွေ့ရာပေါ်ကျရာမှ မီးကူးစက်လောင်ခဲ့သဖြင့် နေအိမ်နှစ်လုံးနှင့် ဂိုဒေါင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ မီးငြိမ်းသတ်ယာဉ်တစ်စီး အပါအဝင် ရပ်ကွက်ကျေးရွာများမှ မီးငြိမ်းသတ်ယာဉ် ၁၅ စီး၊ ရေသယ်ယာဉ်ငါးစီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများဝိုင်းဝန်းငြိမ်းသတ်ရာ ည ၈ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့် ပတ်သက်၍ ဦးရဲထွဋ်ကို မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

# လှည်းကူး၌ တရားမဝင်ကျွန်းခွဲသားများ သိမ်းဆည်းရမိ

**လှည်းကူး မေ ၁၅**
ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပန်းတောကုန်းကျေးရွာအနီး တောအတွင်းမှ တရားမဝင်ကျွန်းခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် မွန်းလွဲ ၁နာရီ မိနစ်၂၀ ခန့်တွင် လှည်းကူးမြို့နယ်သစ်တော ဦးစီးအရာရှိဦးတင်ထွဋ်ဦးစီးသော အဖွဲ့သည် သကြ်န်ရက်အတွင်း တရားမဝင်သစ်များသယ်ယူမှု မရှိစေရန် လှည့်ကင်းဆောင်ရွက်နေစဉ် ဖောင်ကြီးနယ်မြေ ပန်းတောကုန်းကျေးရွာ လမ်းတောအတွင်းမှ တရားမဝင် ကျွန်းခွဲသား ၁၃၆၆ ချောင်း (၃ ဒသမ ၆၅၃၈ တန်)၊ စစ်ဆေးတွေ့ရှိရသဖြင့် သစ်ပိုင်ရှင်အား စုံစမ်း ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)



# မုဒုံမြို့နယ်၌ ဈေးသည်၊ဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မုဒုံ မေ ၁၅**
မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း မြို့မအခွန်လွတ်ဈေးများ၌ ဈေးရောင်းချနေသည့် ဈေးသည်များ၊ ဈေးဝယ်သည့်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စေတနာရှင်များက ထောက်ပံ့သည့် နှာခေါင်းစည်းများအား မုဒုံမြို့၊ မုဒုံကြီး မြို့မ(၁) အခွန်လွတ်ဈေး၊ မရမ်းချောင် မြို့မ(၂) အခွန်လွတ်ဈေး၊ ဗိုလ်တေဇ မြို့မ(၄)အခွန်လွတ်ဈေးနှင့် မြို့မဈေးများရှိ ဈေးသည်၊ ဈေးဝယ်တို့ကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးခြင်း၊ မော်တော်ယာဉ်အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်ချက်များအား မုဒုံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့နှင့် ပရဟိတလူငယ်တို့ ပူးပေါင်း၍ ဆောင်ရွက်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများ မဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များတူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇ ၃၄၀၄၆၆၆ နှင့် ၀၆၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသော နေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့်အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့်အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်းမပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့်မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါကူးစက်ပျံ့နှံ့နေချိန် အပူရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာနေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေ လှူဒါန်း



**လဲချား မေ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ခွန်ရဲထွေးတို့က ယနေ့ မွန်းလွဲ ၂ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်း ပေးခဲ့ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီးက မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**လက်ခံရယူ**

ထို့နောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက် အကူပြုပစ္စည်းများဖြစ်သော တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ ၂၀၊ နှာခေါင်းစည်း ၁၀၀၀ ၊ လက်အိတ် ၇၀၀ ၊ သာမိုမီတာ နှစ်ခု၊ လက်ဆေးဆပ်ပြာရည် ၃၀၊ မျက်မှန် ၁၅ ခု၊ လက်သန့်ဆေးရည် ၁၂ ဘူး၊ အရက်ပြန် ၁၂ ဘူးနှင့် အလှူငွေကျပ် ၅ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်း၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ခွန်ရဲထွေးတို့က လွှဲပြောင်း ပေးအပ်ခဲ့ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇင်မောင်နွယ် က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဘားအံမြို့ရှိ ကန့်သတ်စောင့်ကြည့်စခန်းများ အပါအဝင် လူစည်ကားရာနေရာများ၌ အများသုံးလက်ဆေးရေစင်များ တပ်ဆင်



**ဘားအံ မေ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ ကန့်သတ်စောင့်ကြည့်စခန်းများ အပါအဝင် လူစည်ကားရာနေရာများ၌ အများသုံး လက်ဆေးရေစင်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**လက်ဆေးစင်များ တပ်ဆင်ပေး**

အများသုံး လက်ဆေးစင်များ တပ်ဆင်ပေးရခြင်းနှင့် ပတ်သက်၍ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးခင်မောင်ဝင်းက "ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ UNICEF တို့ ပူးပေါင်းပြီးတော့ ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်နိုင်ရေး အတွက် လူစည်ကားရာနေရာတွေ ဖြစ်တဲ့ ကျေးလက်ဈေးတွေ၊ ထင်ရှားတဲ့ဘာသာရေး အထိမ်းအမှတ်နေရာတွေ၊ ကျန်းမာရေးဌာနတွေ၊ အဝေးပြေးယာဉ်ရပ်နားစခန်းတွေလို နေရာမျိုးတွေမှာ ဆပ်ပြာနဲ့ရေကိုအသုံးပြုပြီး အများပြည်သူ အလွယ်တကူ လက်ဆေးနိုင်အောင်၊ လက်ဆေးတဲ့ အလေ့အကျင့်ကောင်းတွေရရှိအောင် အများသုံး လက်ဆေးစင်တွေကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ဘားအံမြို့နယ်အနေနဲ့ နေရာ ၄၀ မှာ အများသုံးလက်ဆေးစင် အခုရေ ၄၀ ကို တပ်ဆင်ပေးခဲ့ပြီးဖြစ်ပါတယ်" ဟု ပြောသည်။

ထိုသို့ အများသုံးလက်ဆေးစင်များ တပ်ဆင် ဆောင်ရွက်ပေးမှုအပေါ် ကေဝ့ဂွန်းဂူတော်ကြီး အကျိုးတော်ဆောင် ဂေါပကအဖွဲ့မှ ဦးသန်းနိုင်က "ကမ္ဘာနဲ့တစ်ဝန်း ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းကို ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ တချို့နိုင်ငံကြီးတွေမှာ ဆိုလည်း ဒီကပ်ရောဂါနဲ့ အသက်ဆုံးရှုံးမှုတွေ အများကြီးရှိနေတယ် ဆိုတာကိုလည်း ကြားသိရပါတယ်။ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုပြီး ထိရောက်တဲ့အတွက် ဘုရားဖူး ဧည့်သည်တွေ၊ ဘုန်းကြီးကျောင်းတွေမှာ မှီတင်းနေထိုင်တဲ့ ဧည့်ပရိသတ်တွေ၊ သံဃာတော်တွေအားလုံး အတွက် ကြိုတင်ကာကွယ်ရေး အနေနဲ့ ကျေးလက်နဲ့ UNICEF ပူးပေါင်းပြီး အခုလို အများသုံး လက်ဆေးစင် တပ်ဆင်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

အများသုံး လက်ဆေးစင်များကို ဘားအံမြို့နယ်အတွင်း မေ ၁ ရက်မှ စတင်တပ်ဆင်ခဲ့ရာ မေ ၁၂ ရက်တွင် အများသုံးလက်ဆေးစင်ပေါင်း ၄၀ ကို တပ်ဆင်ပြီးစီးခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ချောင်းဦးမြို့နယ်၌ အခြေခံစားသောက်ကုန် ပစ္စည်းများကို အခြေခံလူတန်းစားများ လက်ဝယ်အရောက် ဖြန့်ဝေပြီးစီး

**ချောင်းဦး မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်နီများကို ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ လက်ဝယ်အရောက် ဖြန့်ဝေပြီးစီးကြောင်း သိရသည်။

**ဖြန့်ဝေ**

ချောင်းဦးမြို့နယ်၏ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၂ အုပ်စုရှိ အိမ်ထောင်စုပေါင်း ၁၃၁၅၄ စုတို့အတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်ခြင်းကို မေ ၁၂ ရက်မှ စတင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့များက လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြသည်။

ချောင်းဦးမြို့နယ်အနေဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ဖြန့်ဝေခြင်းကို မေ ၁၂ ရက်က မြို့ပေါ် (၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂ အုပ်စုတို့မှ အိမ်ထောင်စု ၃၃၄၀ စုသို့ လည်းကောင်း၊ မေ ၁၃ ရက်တွင် ကျေးရွာအုပ်စု ၁၆ အုပ်စုမှ အိမ်ထောင်စု ၅၉၁၄ သို့ လည်းကောင်း၊ မေ ၁၄ ရက်တွင် ကျေးရွာအုပ်စု ၈ အုပ်စုမှ အိမ်ထောင်စု ၃၉၀၀ သို့လည်းကောင်း၊ တစ်မြို့နယ်လုံး အိမ်ထောင်စုပေါင်း ၁၃၁၅၄ စုတို့အတွက် ဆန် ၄၃၈၅ အိတ်၊ ဆီ ပိဿာ ၆၆၀၀ ၊ ဆား ၁၆၇၅ ပိဿာ၊ ပဲ ၁၃၁၅၄ ပိဿာနှင့် ကြက်သွန်နီ ၁၃၁၅၄ ပိဿာများကို ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများ လက်ဝယ်အရောက် မေ ၁၄ ရက်က အပြီးဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ယမင်း (ရွှေဦးမြေ)**

## Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့် ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေး အတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြား နေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်း နှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျ နှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင် ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလ နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလ စုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှုအကန့်အသတ်ဖြင့် ဆောင်ရွက်နိုင် သည့်နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၈) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း ပြီးစီးသည့်နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့ တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာ တွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဟားခါးမြို့ ကန့်သတ်စောင့်ကြည့်နေရာများအား သွားရောက်ကြည့်ရှု

**ဟားခါး မေ ၁၅**
ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ကော်မတီအဖွဲ့ဝင်များသည် မေ ၁၅ ရက်က ဟားခါးမြို့ရှိ ကန့်သတ်စောင့်ကြည့်နေရာများ နှင့် တိုးချဲ့ပြင်ဆင်မည့် နေရာများကို လိုက်လံကွင်းဆင်း ကြည့်ရှုခဲ့ကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် နံနက် ၈ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ လူငယ်သင်တန်းကျောင်းသို့ရောက်ရှိ၍ ပြည်ပမှပြန်လည်ရောက်ရှိလာသူများအား ကန့်သတ်စောင့်ကြပ်ထားရှိမှု အခြေအနေများနှင့် ကျန်းမာရေးစစ်ဆေးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ချင်းပြည်နယ် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးအောင်၊ လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးတို့က လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

**လမ်းညွှန်မှာကြား**

ဆက်လက်၍ ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ အတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့်အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဟားခါးကောလိပ်ရှိ ခိုင်ကမ်းအဆောင်နှင့် ဟားခါးအိမ်တွင်းမှု သင်တန်းကျောင်းရှိ သင်တန်းသူအဆောင်တို့သို့ ရောက်ရှိ၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကန့်သတ်စောင့်ကြည့်မည့်သူများထားရှိရန် တိုးချဲ့ပြင်ဆင်မည့် နေရာများကို လိုက်လံကြည့်ရှုရာ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာအောင်ငွေစံနှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီးများက ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အတွင်းသို့ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများ၊ ကိုဗစ်–၁၉ ရောဂါ သံသယလူနာတွေ့ရှိသူများကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြပ်မတ်ဆောင်ရွက်နိုင်ရန်နှင့် အချိန်မီ ကန့်သတ်စောင့်ကြည့်မည့်သူများထားရှိနိုင်ရန် ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ထားရှိရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)





## စဉ့်ကိုင်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအရှိန်အဟုန်မြှင့်ဆောင်ရွက်

**စဉ့်ကိုင် မေ ၁၅**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ယမန်နေ့ နံနက် ၇ နာရီက မြို့မဈေးရှေ့တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီနာယက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မို့မို့လွင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့်လူမှုရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ဈေးသည်များ၊ ဈေးဝယ်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့အပြင် လက်ကိုစနစ်တကျဆေးစေခြင်း၊ အပူချိန်တိုင်းခြင်း၊ သတ်မှတ်ထားသည့် ကုန်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ၊ ရောင်းသူဝယ်သူများသတ်မှတ်ထားသည့် စည်းကမ်းအတိုင်းလိုက်နာမှု ရှိ ၊ မရှိ စစ်ဆေးခြင်း၊ ဈေးဝယ်များအား လိုအပ်မှသာ အပြင်ထွက်ကြရန်၊ အိမ်တွင်နေထိုင်ကြရန် အသိပညာပေးပြောကြားခဲ့ပြီး ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသံချဲ့စက်၊ လက်ကိုင်စပီကာများဖြင့် အသိပညာပေးနှိုးဆော်ခြင်းများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယခုကဲ့သို့ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကို စဉ့်ကိုင်မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများ၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မေ ၁၃ ရက်ကလည်း ပလိပ်ဈေးရှေ့နှင့်ဈေးအတွင်းတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ၊ COVID Killer Group အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးကော်မတီဝင်များ၊ လူမှုရေးအဖွဲ့ဝင်များပူးပေါင်း၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး နေ့စဉ်ပရဟိတအဖွဲ့ဝင်များကလည်း ကာကွယ်ရေး၊ ထိန်းချုပ်ရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းဝင်းသန်း(စဉ့်ကိုင်ပြန်/ဆက်)

## ပွင့်ဖြူမြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချနေသည့် ပျံကျဈေးများတွင် ကိုဗစ် - ၁၉ ရောဂါ ကင်းဝေးစေရန် ပိုးသတ်ဆေးဖျန်း

**ပွင့်ဖြူ မေ ၁၅**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြည်သူများ ကိုဗစ်–၁၉ ရောဂါ ကင်းဝေးစေရန်နှင့် ကြိုတင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ကျောင်းတော်ရာကျေးရွာ ပျံကျဈေးနှင့် လယ်ကိုင်းကျေးရွာ ပျံကျဈေးအား ယနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်း ဦးဆောင်၍ ဝန်ထမ်းများအဖွဲ့က ပိုးသတ်ဆေးပက်ဖျန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်–၁၉ ရောဂါ ကင်းဝေးစေရန်ရည်ရွယ်၍ မဟာသင်္ကြန် ရုံးပိတ်ရက်များအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများဖြစ်သည့် ပွင့်ဖြူမြို့မဈေး၊ ရှောက်တော (ဥယျာဉ်ကျစ်)ဈေး၊ ကုန်းဇောင်းဈေးတို့ အပါအဝင် ကျောင်းတော်ရာကျေးရွာ ပျံကျဈေး၊ လယ်ကိုင်းကျေးရွာ ပျံကျဈေးနှင့် မဲဇလီကျေးရွာ ပျံကျဈေးများအား မေ ၁၄ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ရောင်းချခွင့်မပြုဘဲ ယာယီပိတ်ထားမည်ဖြစ်ပြီး ကြိုတင်ကာကွယ်သည့်အနေဖြင့် ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ ဈေးသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID–19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့–

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့ မျက်နှာကိုမထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ပြည်ပပြန်များနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID–19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ရပ်ကွက်နှင့် ကျေးရွာများတွင် အခြေခံစားသောက်ကုန်များ ဖြန့်ဝေ

**ဘားအံ မေ ၁၅**

ကရင်ပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များ တစ်ပြည်နယ်လုံးကို မေ ၁၀ ရက်မှစတင်ကာ ဖြန့်ဝေပေးလျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မေ ၁၅ ရက် နံနက် ၈ နာရီမှ စတင်ကာ ဘားအံမြို့ အမှတ်(၆) ရပ်ကွက်နှင့် သာမညကျေးရွာရှိ ပုံမှန်ဝင်ငွေမရရှိသော အိမ်ထောင်စုများအား ဆက်လက်၍ ဖြန့်ဝေပေးခဲ့ပြီး ထပ်မံရောက်ရှိလာမည့် နေရပ်ပြန်များအား ကန့်သတ်စောင့်ကြည့်မည့် လူထုအခြေပြုစောင့်ကြည့်စခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၆)ရပ်ကွက်ရှိ အိမ်ထောင်စု ၃၈၃ စု အတွက် လည်းကောင်း၊ နောင်လုံအရှေ့ကျေးရွာရှိ အိမ်ထောင်စုများ၊ အိန္ဒူကျေးရွာရှိ အိမ်ထောင်စု ၂၅၁ စု၊ သာမညကျေးရွာရှိ အိမ်ထောင်စု ၅၀၈ စုတို့အတွက်လည်းကောင်း အိမ်ထောင်စုတစ်စုလျှင် နိုင်ငံတော်မှထောက်ပံ့သည့် အခြေခံ စားသောက်ကုန် (၅) မျိုး ဖြစ်သော ဆန်(၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ(၁) ပိဿာတို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ထပ်မံရောက်ရှိလာမည့် နေရပ်ပြန်လာသူများအား ကန့်သတ်စောင့်ကြည့်မည့် လူထုအခြေပြုစောင့်ကြည့်စခန်းများအဖြစ်ထားရှိမည့် အိန္ဒူ အထက၊ သာမညအထက(ခွဲ)၊ ဝဲကရင် အထက၊ ကော့ကဒါအထက၊ ခနိမ်းဒိုအထက (ခွဲ)၊ ဘားအံတက္ကသိုလ်အနီး အဓိပတိလမ်းရှိ လူထုအခြေပြုဗဟိုဌာနနှင့် ပညာစံအိမ်ကိုယ်ပိုင်အထက်တန်းကျောင်းတို့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





## နမ္မတူမြို့နယ် IDP Camps သုံးခု၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး

**နမ္မတူ မေ ၁၅**

ကိုဗစ်–၁၉ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ဆပ်ပြာခဲများ ထောက်ပံ့ပေးအပ်ခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် IDP Camp သုံးခု၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နမ္မတူမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ဇာထွန်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုဝေခိုင်၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ခံ ဒေါ်မြတ်သူနှင်း၊ မိတ်ဆွေကောင်းလူမှုကူညီရေးအသင်းမှ ဦးအောင်ဆန်းမြင့်တို့က ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားလျှင် ခံစားရသော ရောဂါလက္ခဏာများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ပေးကြရန်နှင့် ကိုဗစ်–၁၉ရောဂါ ကြိုတင်ကာကွယ်ရေး ဆော်သြချက်များအား အသိပညာပေးရှင်းလင်းခဲ့သည်။

ယင်းနောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကြူဆော့၊ လီဆူ၊ ကချင် IDP Camp သုံးခုရှိ အိမ်ထောင်စု ၁၂၉ စုအတွက် အိမ်ထောင်စုတစ်စုလျှင် လက်ဆေးဆပ်ပြာခဲ နှစ်ခဲနှင့် နှာခေါင်းစည်း နှစ်ခုနှုန်း ထောက်ပံ့ပေးအပ်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းမှ လက်ဆေးဘေစင်၊ ရေပုံးနှင့် လက်ဆေးဆပ်ပြာခဲများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

# ကောလင်းမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်(၅)မျိုးပေးအပ်

**ကောလင်း မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုး ပေးအပ်ပွဲကို ယမန်နေ့ညနေ ၄ နာရီက စက်ရုံလယ်ပြင်ရပ်ကွက်နှင့် ကျော်ဇေယျာ(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

အဆိုပါစက်ရုံလယ်ပြင်ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၃၂၀ စုနှင့် ကျော်ဇေယျာ(၂) ရပ်ကွက်ရှိ အိမ်ထောင်စု ၃၈၇ စုအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် ဆန်(၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ဆား(၅၀)ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ(၁) ပိဿာ စုစုပေါင်းထောက်ပံ့မှုပစ္စည်း(၅)မျိုးကို အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်ဝင်း၊ မြို့နယ်အား/ကာ ဦးစီးမှူးဦးသူရလှိုင်၊ စားသုံးသူရေးရာမြို့နယ်ဦးစီးမှူး ဦးမြင့်ကြိုင်တို့က ယင်းတိုက်ကျေးရွာအုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၄၃ စုအတွက် နိုင်ငံတော်မှထောက်ပံ့သည့်အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုးကို ကျေးရွာပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ကောလင်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၄ အုပ်စုမှ ထောက်ပံ့မှုပစ္စည်း(၅)မျိုး ပေးအပ်ဖြန့်ဖြူးရမည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၁၂၅၄၇ စုရှိပြီး ကျန်ရှိသည့် ရပ်ကွက်နှင့် ကျေးရွာများကိုလည်း အဆင့်ဆင့် ထောက်ပံ့ပေးအပ်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# ဘုတလင်မြို့နယ်တွင် ထောက်ပံ့ရရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ပြန်လည်လှူဒါန်း

**ဘုတလင် မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် နိုင်ငံတော်မှ ထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်ပစ္စည်းများကို ပြန်လည်လှူဒါန်းသည့် ဒုတိယမြောက်ကျေးရွာအဖြစ် ရွာသစ်ကျေးရွာအုပ်စု ကန်တော်သာကျေးရွာမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၇ စုက ထောက်ပံ့ရရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို မေ ၁၅ ရက် နံနက် ၁၀ နာရီခွဲက ပြန်လည်လှူဒါန်းခဲ့ကြောင်း မြို့နယ်အခြေခံစားသောက်ကုန်ပစ္စည်းများ လက်ခံရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းကော်မတီထံမှ သိရသည်။



ကန်တော်သာကျေးရွာတွင် ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၇ စုရှိရာ ၎င်းအိမ်ထောင်စုများအတွက် ထောက်ပံ့ရရှိသည့် ဆန်(၁၈)တင်းခွဲ၊ ဆီ(၁၈)ပိဿာ (၅၀)ကျပ်သား၊ ပဲ(၃၇)ပိဿာ၊ ကြက်သွန်(၃၇) ပိဿာနှင့် ဆား(၁၈)ပိဿာ (၅၀)ကျပ်သားတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် ထောက်ပံ့မှုရရှိသည့် အိမ်ထောင်စုဝင်များကိုယ်တိုင် ပြန်လည်လှူဒါန်းခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် မြို့နယ်လုပ်ငန်းကော်မတီဝင်များက လက်ခံရယူခဲ့သည်။

အဆိုပါကန်တော်သာကျေးရွာနှင့် အုတ်ကျင်းကျေးရွာတို့မှ ပြန်လည်လှူဒါန်းခဲ့သည့် အခြေခံ စားသောက်ကုန်ပစ္စည်းများကို မြို့နယ်အတွင်းရှိ ကနဦးစာရင်းတွင်မပါရှိသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

# ပြည်သူများအနေဖြင့် အတတ်နိုင်ဆုံး နေအိမ်ပြင်ပသို့မထွက်ကြရန် ကချင်ပြည်နယ်ဝန်ကြီးချုပ် တိုက်တွန်း

**မြစ်ကြီးနား ဧပြီ ၁၅**

ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် အတတ်နိုင်ဆုံး နေအိမ်ပြင်ပသို့မထွက်ကြရန်နှင့် မဖြစ်မနေသွားလာရမည်ဆိုပါက နှာခေါင်းစည်းတပ်ဆင်သွားလာကြရန် အသိပေးဆောင်ရွက်ကြရန်လိုကြောင်း ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က တိုက်တွန်းမှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မိမိတို့ပြည်နယ်အတွင်း ယနေ့ထိ အတည်ပြုလူနာမရှိသေးသော်လည်း ပြည်သူများအနေဖြင့် နေအိမ်တွင် အတတ်နိုင်ဆုံး နေထိုင်ကြရေးနှင့် မဖြစ်မနေထွက်ခွာရမည်ဆိုပါက နှာခေါင်းစည်းတပ်ဆင်သွားလာကြရေး တိုက်တွန်းမှာကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းက ကော်မတီအနေဖြင့် ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ရေးလုပ်ငန်းများနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် စီမံဆောင်ရွက်သွားမည့်ကိစ္စများနှင့် အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုး ဖြန့်ဝေပေးနိုင်မှုအခြေအနေနှင့် ထောက်ပံ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီဝင်များက လက်ရှိ မြစ်ကြီးနားမြို့အခြေအနေနှင့် စည်ပင်သာယာဈေးများ အချိန်ကန့်သတ်ဖွင့်လှစ်နေမှုနှင့် စားသောက်ဆိုင်များ ပါဆယ်စနစ်ဖြင့် ရောင်းချမှုများအပေါ် အားနည်းချက်၊ အားသာချက်များနှင့် ဈေးများတွင် ရောင်းသူ၊ ဝယ်သူများ နှာခေါင်းစည်းတပ်ကြရေး စသည့် ကိစ္စရပ်များအပေါ် ထိရောက်သည့်အစီအမံများဖြင့် ထိန်းချုပ်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဈေးများ အချိန်ကန့်သတ်မှုအပေါ် လူစုလူဝေးမဖြစ်စေရေး စီမံဆောင်ရွက်သွားရန်နှင့် ပြည်သူများ နေအိမ်မှပြင်ပသို့ ထွက်ခွာပါက နှာခေါင်းစည်းများတပ်ဆင်နိုင်ရေး ရပ်ကွက်၊ ကျေးရွာများအထိ လှုံ့ဆော်ကြရေးတို့ကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**






## ကွတ်ခိုင်မြို့ရှိစောင့်ကြည့်ရေးစခန်းများနှင့် သီးခြားလူနာဆောင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ကွတ်ခိုင် ဧပြီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ရှိ စောင့်ကြည့်ရေးစခန်းများနှင့် သီးခြားလူနာဆောင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကွတ်ခိုင်မြို့ အမှတ်(၈) ရပ်ကွက် ပြည်ထောင်စုလမ်းမပေါ် (ကောင်းခါးလမ်းခွဲ)၌ ပြုလုပ်ထားသည့် စောင့်ကြည့်ရေးစခန်းသို့ ဝင်ရောက်ပြီး လူမှုရေးပရဟိတအသင်းအဖွဲ့များ၏ ပုံမှန်ကျန်းမာရေးစစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်မြို့နယ်ပြည်သူ့ဆေးရုံကြီး ဆိုလာခန်းမ၌ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ကော်မတီအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆက်စပ်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ကွတ်ခိုင်မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စု ၂၀၅၈ စုအတွက်နိုင်ငံတော်မှထောက်ပံ့သည့် အခြေခံစားသောက်ကုန် (၅)မျိုးကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်းတို့က ပေးအပ်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း သီးခြားလူနာဆောင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ဆေးရုံနှစ်ထပ်ဆောင် ဆောက်လုပ်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုင်းဘညဏ်(ကွတ်ခိုင်)**

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် စားသောက်ကုန်ပစ္စည်း(၅)မျိုး ပေးအပ်

**ပွင့်ဖြူ ဧပြီ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်မှထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန်ပစ္စည်း (၅) မျိုးကို ဧပြီ ၁၄ ရက် နံနက် ၉ နာရီက ကုန်းဇောင်းကျေးရွာ အထက၌ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများက လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သင်္ကြန်ရုံးပိတ်ရက်ရှည်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများ စားဝတ်နေရေးအဆင်ပြေစေရန် ရည်ရွယ်၍ နိုင်ငံတော်ကထောက်ပံ့သည့် အိမ်ထောင်စု (၁)စုလျှင် ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁) ပိဿာ၊ ကြက်သွန် (၁) ပိဿာ စသည့် အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုးကို အိမ်ထောင်စုဝင် ၁၉၅ စုအား ဧပြီ ၁၄ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းအောင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာရပ်မိရပ်ဖများက စနစ်တကျ အိမ်ထောင်စုအလိုက် လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မင်းဘူးမြို့ ရွှေရောင်မြေမိသားစုက ကုန်းဇောင်းကျေးရွာရှိ အိမ်ထောင်စု ၁၀၉ စုအား အိမ်ထောင်စု(၁)စုလျှင် ဆန် (၈) ပြည်၊ ဆီ (၅၀)ကျပ်သား၊ ဆား (၂) ပိဿာ၊ ပဲ (၁) ပိဿာ၊ ကြက်သွန်နီ (၁) ပိဿာ၊ ကာဘော်လစ် ဆပ်ပြာ (၁) တောင့်တို့ကို သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း စားဝတ်နေရေးအဆင်ပြေစေရန်အတွက် လာရောက်ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သည် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု စုစုပေါင်း ၅၆ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၀၄ ရွာရှိကြောင်း သိရကာ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုဦးရေအနေဖြင့် စုစုပေါင်း ၁၉၉၅၀ ရှိကြောင်း သိရသည်။

အဆိုပါမြို့နယ်အတွင်းရှိပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများကို နိုင်ငံတော်မှထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုးအား ဧပြီ ၁၀ ရက်မှ စတင်ကာ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးလျက်ရှိရာ တစ်မြို့နယ်လုံး ထောက်ပံ့ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**





**မွန်ပြည်နယ် သထုံမြို့ အောင်ကျင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်မိသားစုက သင်္ကြန်ကာလအတွင်း စားသုံးနိုင်ရန် အိမ်ခြေစုစုပေါင်း ၆၅၀၀ အတွက် ဆန်၊ ဆီ၊ အချိုမှုန့်နှင့် ငါးသေတ္တာများအပါအဝင် တစ်ထုပ်လျှင် ကျပ် ၆၅၀၀ တန်ဖိုးရှိ အထုပ်ပေါင်း ၆၅၀၀ (တန်ဖိုး ကျပ် ၄၂၂၅၀၀၀၀) အား လှူဒါန်း နေစဉ်။**

လှိုင်ထွန်းအောင်(သထုံ)

## ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ စားသောက်ကုန်များ ဖြန့်ဝေ

**လှိုင်းဘွဲ့ ဧပြီ ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် သင်္ကြန်ရုံးပိတ်ရက် ဧပြီ ၁၀ ရက်မှ စတင်၍ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် စားသောက်ကုန်(၅)မျိုးကို ဧပြီ ၁၅ ရက် နံနက်ပိုင်းက ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံဝေငှပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဝေငှရာတွင် အိမ်ထောင်စု(၁)စုလျှင် အခြေခံစားသောက်ကုန်(၅)မျိုးဖြစ်သော ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာ၊ ဆား (၅၀) ကျပ်သား၊ ကြက်သွန်နီ (၁)ပိဿာတို့ကို ရွှေဂွန်းကျေးရွာအုပ်စု အိမ်ထောင်စု ၈၃၀၊ ကြို့ချောင်းကျေးရွာအုပ်စု အိမ်ထောင်စု ၂၈၄ စု၊ ဥဒေါင်းကျေးရွာအုပ်စု အိမ်ထောင်စု ၂၁၆ စု စုစုပေါင်း အိမ်ထောင်စု ၁၃၃၀ အား ကျေးရွာအရောက် လိုက်လံထောက်ပံ့ပေးခဲ့ပြီး ပြည်သူများအားလုံး မိမိအိမ်၌နေထိုင်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## သန်လျင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်



**ရန်ကုန် ဧပြီ ၁၅**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှု အထောက်အကူပြုကော်မတီများက ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ပိုးသတ်ဆေးဖျန်းပေးခြင်း၊ လက်သန့်ဆေးဘူးများ၊ နှာခေါင်းစည်းများအား အခမဲ့ဖြန့်ဝေပေးခြင်း၊ စားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာဖြင့် အိမ်အရောက် ပို့ဆောင်ပေးလျက်ရှိသည်။

သင်္ကြန်ကာလ ပိတ်ရက်များတွင် ပြည်သူများ အနေဖြင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် အရေးကြီးကိစ္စများမှအပ မလိုအပ်ဘဲ အိမ်အပြင်သို့ မထွက်ကြရန် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှု အထောက်အကူပြုကော်မတီများက မော်တော်ယာဉ်များဖြင့် နေ့စဉ်လှည့်လည် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

သန်လျင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ အသိပညာပေးခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ သန်လျင်မြို့နယ် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်က "သန်လျင်မြို့နယ်တွင် ကျန်းမာရေးဌာနမှ လမ်းညွှန်ချက်နှင့်အညီ ၂၁ ရက်စောင့်ကြည့်စင်တာများ၌ ယနေ့အထိ စောင့်ကြပ်ကြည့်ရှုနေသူ ၄၆ ဦးရှိကြောင်း၊ မြို့သူမြို့သားများ အပြင်မထွက်ကြရန် မေတ္တာရပ်ခံပါကြောင်း၊ မဖြစ်မနေထွက်ရလျှင်လည်း နှာခေါင်းစည်းတပ်၍ ထွက်စေလိုကြောင်း၊ ရပ်ကွက်တွေနဲ့ ကျေးရွာများ၌ လုံခြုံရေးလည်း အရေးကြီးကြောင်း၊ ဒါကြောင့် ခိုး၊ ဆိုး၊ လု၊ နှိုက် ကိစ္စများဖြစ်မလာစေရေး ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးအဖွဲ့များက လှည့်ကင်း၊ ရပ်ကင်းများဖြင့် စစ်ဆေးမှုများ ဆောင်ရွက်နေပါကြောင်း" ပြောသည်။

သန်လျင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များဦးဆောင်ကာ ဌာနဆိုင်ရာများ၊ အထောက်အကူပြုကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ အလှူရှင်များနှင့် ပြည်သူများပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## လှိုင်းဘွဲမြို့နယ်၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

**လှိုင်းဘွဲ ဧပြီ ၁၅**
ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအသင်းတို့ ပူးပေါင်း၍ လှိုင်းဘွဲမြို့ပေါ်ရှိ လူစည်ကားရာနေရာများ၊ လူသွား/လူလာများသောနေရာများနှင့် အစိုးရဌာနဆိုင်ရာရုံးများအပါအဝင် ကျေးရွာများတွင်လည်း ဆေးဖျန်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပိုးသတ်ဆေးများပက်ဖျန်းရာတွင် ပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် လှိုင်းဘွဲမြို့အဝင်မှစတင်၍ လမ်းမကြီးတစ်လျှောက် လူစည်ကားရာနေရာများ၊ အသုံးပြုများသောနေရာများ၊ ကျေးရွာများအတွင်းရှိ လူနေအိမ်ခြေများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကန့်သတ်စောင့်ကြည့်မည့်သူများ ထားရှိသောနေရာတို့တွင် ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## နွားထိုးကြီးမြို့၌ ဒုတိယအကြိမ်မြောက် ပိုးသတ်ဆေးဖျန်း

**နွားထိုးကြီး ဧပြီ ၁၅**
နွားထိုးကြီးမြို့ရှိ လူအဝင်အထွက်များသည့်ဌာနများကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းနေကြောင်း သုခချမ်းသာကျန်းမာရေးအထောက်အကူပြုအသင်းဥက္ကဋ္ဌ ဦးအေးလွင်က ပြောသည်။

နွားထိုးကြီးမြို့ မြင်းခြံ-ရေဝန်းလမ်းနှင့် နွားထိုးကြီး-တောင်သာလမ်းမကြီးတစ်လျှောက်နှင့် မြို့မစည်ပင်သာယာဈေး၊ ရှင်သာဒွန်းဘုရားလမ်းတစ်လျှောက်တို့တွင် ဧပြီ ၁၅ ရက်တွင် ဒုတိယအကြိမ်မြောက် ပိုးသတ်ဆေးများ စတင်ဖျန်းနေကြောင်း သိရသည်။

သုခချမ်းသာကျန်းမာရေးအထောက်အကူပြုအသင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းအောင်ဇော်**



## လဟယ်မြို့ မြို့အဝင်-အထွက်ဂိတ်များ၌ ကျန်းမာရေးစစ်ဆေး

**လဟယ် ဧပြီ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး မြို့အဝင်အထွက် သုံးဂိတ်ထပ်မံတိုးကာ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် နေ့စဉ် ကျန်းမာရေးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့အဝင်အထွက်ဂိတ်များတွင် ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ကျဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စနေမောင်(ခန္တီး)**

## ဝါးခယ်မ၌ ပိုးသတ်ဆေးဖျန်းခြင်းနှင့် အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

**ဝါးခယ်မ ဧပြီ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်နိုင်စေရေး၊ ထိန်းချုပ်ရပ်တန့်နိုင်စေအတွက် တာဝန်ရှိသူများက ပိုးသတ်ဆေးဖျန်းခြင်းနှင့် အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ဈေးများ၊ ကားဂိတ်၊ သင်္ဘောဆိပ်များ၊ အနေးယာဉ်ဂိတ်များအား ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်ပြီး မြို့နယ်အတွင်း လူစည်ကားရာနေရာများ၊ ရပ်ကွက်များ၊ ကျေးရွာများအတွင်း၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များ၊ လိုက်နာရမည့် အချက်များ၊ ကျန်းမာရေး အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ် နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။ **လွှမ်းသီဟ (ပြန်/ဆက်)**

## မြောင်းမြမြို့ဝင်ဂိတ်၌ အထူးကြပ်မတ်စစ်ဆေး

**မြောင်းမြ ဧပြီ ၁၅**
မြောင်းမြမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးပူးပေါင်းအဖွဲ့နှင့် ကရုဏာရှင်လူငယ်များအသင်း ၊ အေးမြဖြူစင်အသင်းနှင့် လူမှုရေးအသင်းအဖွဲ့များက ၂၄ နာရီအလှည့်ကျ စောင့်ကြည့်ကာ ဒေသအသီးသီးမှ မြောင်းမြမြို့တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ကိုယ်ပိုင်မော်တော်ယာဉ်များမှ ခရီးသွားပြည်သူများအား Non-Contact Infrared Thermometer ဖြင့် အဖျားရောဂါ ရှိ၊ မရှိ၊ ကိုယ်အပူချိန်မြင့်တက်နေခြင်း ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

"သင်္ကြန်ပိတ်ရက်ကစပြီး လိုင်းကားတွေမထွက်တော့ပေမယ့် ကိုယ်ပိုင်ကား၊ အငှားကားတွေ၊ ဆိုင်ကယ်တွေနဲ့ ဝင်ရောက်လာတဲ့သူတွေကို ခရီးသွားရာဇဝင်မေးပြီး ကိုယ်အပူချိန်စစ်ဆေးပေးပါတယ်၊ ကိုယ့်မြို့ရပ်ရွာဒေသက ပြည်သူတွေကို တခြားကဝင်လာတဲ့ သူစိမ်းတွေဆီက ရောဂါပိုးပါလာပြီး ကူးစက်တာမျိုး လုံးဝအဖြစ်မခံနိုင်ပါဘူး၊ ဝင်ရောက်လာတဲ့ခရီးသွားတွေဘက်ကလည်း မလိမ်မညာဘဲ ခရီးသွားရာဇဝင်ကို အမှန်အတိုင်းပြောပြစေချင်ပါတယ်" ဟု တာဝန်ကျ ဦးလင်းလင်းက ပြောသည်။

သင်္ကြန်ပိတ်ရက်ကာလအတွင်း ခရီးသည်တင်လိုင်းကားများ မထွက်ကြသော်လည်း အိမ်စီးကားများဖြင့် ဝင်ရောက်မှုမှာ တစ်ရက်လျှင် အစီး ၁၅၀ ဝန်းကျင်ခန့်ရှိနေကြောင်း မြို့အဝင်စစ်ဆေးရေးဂိတ်မှ သိရသည်။

**သင်းရန့်(မြရာမြေ)**

## လက်ဆေးကန်များ ကျေးရွာအရောက် တပ်ဆင်ပေး

**ဖားဆောင်း ဧပြီ ၁၅**
ကယားပြည်နယ် ဖားဆောင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျေးရွာများအရောက် လက်ဆေးကန်များ တပ်ဆင်ပေးခဲ့သည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းစိုးနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျေးရွာများရှိ လူစည်ကားရာနေရာများဖြစ်သော ကျေးလက်ဈေး၊ ကားဂိတ်များ၊ ဘာသာရေးအဆောက်အဦများ၊ ကျေးလက်ကျန်းမာရေးဌာနတို့တွင် လက်ဆေးဘေစင်များ လိုက်လံတပ်ဆင်ပေးခြင်း၊ အသိပညာပေးပိုစတာများ ချိတ်ဆွဲခြင်းနှင့် လက်သန့်ဆေးရည်၊ နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာတို့ကို ပေးအပ်ခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ ကယားပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့တွင် အဆိုပါလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်းဖြစ်ရာ ဖားဆောင်းမြို့နယ်၌ မြို့ပေါ်တစ်ခုနှင့် ကျေးရွာ ၁၁ ရွာတို့တွင် လုပ်ငန်းပေါင်း ၁၄ ခုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းစိုးထံမှ သိရသည်။

**မေဇင်**



## အိမ်မဲမြို့၌ မြို့နယ်ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**အိမ်မဲ ဧပြီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ မြို့မလူငယ်လေ့ကျင့်ရေးကွင်း၌ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များကို မတ် ၃၀ ရက်က စတင်၍ ယာယီနေရာချထားပေးခဲ့ရာ ဧပြီ ၁၄ ရက် နံနက် ၇ နာရီက မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းလုပ်ငန်းများကို အိမ်မဲမြို့နယ် ပြည်သူ့ဆေးရုံ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များက ဈေးသူဈေးသားများ၊ ဈေးလာဝယ်ကြသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး နှာခေါင်းစည်းသုံးစွဲပုံ၊ သုံးစွဲနည်းကို လက်တွေ့သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)**

## ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာ ၂၄ ရွာမှ အိမ်ထောင်စု ၁၀၄၈ စုကို ထောက်ပံ့သည့် စားကုန်များအား နိုင်ငံတော်အစိုးရသို့ ပြန်လည်လှူဒါန်း



**ပုလဲ ဧပြီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာ ၂၄ ရွာမှအိမ်ထောင်စု ၁၀၄၈ စုအား ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ပစ္စည်း (၅)မျိုးကို နိုင်ငံတော်အစိုးရသို့ ပြန်လည်လှူဒါန်းကြောင်း ပုလဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်ထံမှ သိရသည်။

လှူဒါန်းမှုများအနေဖြင့် ဆန် ၃၄၉ အိတ်၊ ဆီ ၅၂၄ ပိဿာ၊ ဆား ၅၂၄ ပိဿာ၊ ပဲ ၁၀၄၈ ပိဿာနှင့် ကြက်သွန် ၁၀၄၈ ပိဿာတို့ဖြစ်ပါကြောင်း၊ လှူဒါန်းသည့် ကျေးရွာ ၂၄ ရွာမှာ မုံကြိုင်၊ မရိုးကုန်း(ရ)၊ မရိုးကုန်း(န)၊ မရိုးကုန်း(မ)၊ ခေါ်သန္တီ၊ ညောင်ပင်သာ၊ ငှက်ပျောတော(တ)၊ ကျေးနင်းကြီး၊ ကျေးသမ္ဘား(န)၊ ကျေးသမ္ဘား(ရ)၊ ကတိုးကံ၊ မင်းမ(န)၊ မုံ့သွင်၊ လှိုင်၊ နှောင်ရိုး၊ ရွာနောက်(မ)၊ ရွာနောက်(တ)၊ ချင်းပြစ်၊ ရှောက်ရင်းကုန်း၊ ကမ္ဘာ့ရပ်၊ ထိန္နဲ၊ မယင်း၊ ခင်သာနှင့် ကြစီကျေးရွာများ ဖြစ်ပါကြောင်း၊ ၎င်းကျေးရွာများသည် တောင်ယာကို အဓိကထားလုပ်ကိုင်ပါကြောင်း၊ စပါး၊ နှမ်း၊ ပဲအမျိုးမျိုးတို့လည်း ရာသီအလိုက်ရရှိပါကြောင်း၊ တောင်သူများအနေဖြင့် ၇၀ ရာခိုင်နှုန်းကျော်ရှိပါကြောင်း ပုလဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ပြောကြားသည်။

ရွာနောင်ကျေးရွာတွင် အိမ်ထောင်စု ၃၀၀ စု၊ လူဦးရေ ၁၅၀၀ နေထိုင်လျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့် ၇၅ ရာခိုင်နှုန်းနှင့် သာမန်လူတန်းစား ၂၅ ရာခိုင်နှုန်းသည် အသက်မွေးဝမ်းကျောင်းအတွက် ဈေးရောင်းပြီး စီးပွားရေးလုပ်ကိုင်လျက်ရှိပါကြောင်း၊ နိုင်ငံတော်မှ ထောက်ပံ့သည့် စားကုန်များကို လက်ခံရန် သင့်၊ မသင့် ကျေးရွာအတွင်းရှိ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် ရပ်မိရပ်ဖတို့ဖြင့် အစည်းအဝေး ပြုလုပ်ပါကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်အရ ထောက်ပံ့သည့် စားကုန်များကို နိုင်ငံတော်သို့ ပြန်လည်လှူဒါန်းရခြင်း ဖြစ်ပါကြောင်း ရွာနောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။

**မွေးကြူဇင်**



## ကျိုင်းလပ်မြို့၌ စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်

**ကျိုင်းလပ် ဧပြီ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့၌ မဟာသင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် တာချီလိတ် မြို့မိ၊ မြို့ဖများ၊ လုပ်ငန်းရှင်များ၊ အလှူရှင်များမှ အခြေခံစားသောက်ကုန် (၅)မျိုး ထောက်ပံ့ပေးအပ်ခြင်းကိုဧပြီ ၁၄ ရက် နံနက် ၉ နာရီက ကျိုင်းလပ်မြို့ပေါ်နှင့် ကျေးရွာ/ ရပ်ကွက်များသို့ လိုက်လံထောက်ပံ့ပေးအပ်သည်။

တာချီလိတ်ခရိုင် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ ကျိုင်းလပ်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်လင်းအောင်တို့ ဦးဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးကော်မတီ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်စီ/ စာရင်းအင်းဦးစီးဌာန၊ ရပ်မိရပ်ဖများနှင့် ရပ်ကျေးစာရေးတို့ ပူးပေါင်းကာ ကျိုင်းလပ်မြို့ပေါ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု သုံးအုပ်စုတို့မှ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စု ၅၇ စုအတွက် အိမ်ထောင်စု (၁)စုလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ပဲ (၁)ပိဿာ၊ ဆား (၅၀) ကျပ်သားနှင့် ကြက်သွန်နီ (၁)ပိဿာတို့ကို နေအိမ်များအရောက် လိုက်လံပို့ဆောင်၍ ထောက်ပံ့ပေးအပ်ခဲ့သည်။ **ကျော်ဇေယျာလင်း(ပြန်/ဆက်)**

## မူဆယ်မြို့၌ အခြေခံစားသောက်ကုန်များထောက်ပံ့

**မူဆယ် ဧပြီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အလှူရှင်များစုပေါင်း၍ မဟာသင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန် (၅)မျိုးတို့ကို ဧပြီ ၁၄ ရက် ညနေ ၃ နာရီက သွားရောက်ထောက်ပံ့ပေးသည်။

ထိုသို့သွားရောက်ထောက်ပံ့ပေးအပ်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ ဌာနဆိုင်ရာများ၊ အလှူရှင်လုပ်ငန်းရှင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဟိုမွန်ရပ်ကွက်၊ ခရစ်ယာန်ရပ်ကွက်နှင့် တောင်ရပ်ကွက်တို့၌ နေထိုင်ကြသည့် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၄၆၂ စုအတွက် အိမ်ထောင်စု(၁)စုလျှင် အခြေခံစားသောက်ကုန်(၅)မျိုးဖြစ်သော ဆန် (၈)ပြည်၊ ဆီ (၁) ပိဿာ၊ ဆား (၁)ပိဿာ၊ ပဲ (၁) ပိဿာ၊ ကြက်သွန် (၁)ပိဿာတို့ကို သွားရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

မူဆယ်မြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသည့် လက်လုပ်လက်စား အိမ်ထောင်စုများကို ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အလှူရှင်များက စုပေါင်း၍ အိမ်ထောင်စု ၃၀၀၀ ခန့်တို့အား ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် ဆက်လက်၍ လက်ရောက် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး မူဆယ်ခရိုင်အတွင်းရှိ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်တို့ရှိ နေ့စဉ် ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုကိုလည်း ဆက်လက် ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမိုင်း(ပြန်/ဆက်)**

## ပင်လည်ဘူးမြို့၌ ထောက်ပံ့ပစ္စည်း (၅)မျိုး ဖြန့်ဝေထောက်ပံ့

**ပင်လည်ဘူး ဧပြီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စု ၃၅၆၁ စုတို့ကို နိုင်ငံတော်မှ ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် ကြက်သွန် စားသောက်ကုန်ပစ္စည်း (၅)မျိုး ထပ်ဆင့်ပေးအပ်မှုကို ဧပြီ ၁၄ ရက်တွင် အကုန် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါထောက်ပံ့ပစ္စည်းတို့ကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခိုင်လင်းနိုင်နှင့်သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများပူးပေါင်း၍ ထောက်ပံ့ပစ္စည်းများရရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ကာ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ သွားရောက်ပြီး အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မျိုးလွင်**
**(ပင်လည်ဘူး)**

## မင်းလှ၌ ထောက်ပံ့ပစ္စည်းများပေးအပ်

**မင်းလှ ဧပြီ ၁၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက UNICEF မှ ထောက်ပံ့ငွေကျပ် ၃ ဒသမ ၂၅ သန်းကျပ်ဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်ရေးအတွက် အများသုံးလက်ဆေးကန်နှင့် ကျန်းမာရေးသုံး ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ရေး ပစ္စည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ မြို့နယ်ဦးစီးမှူးဦးလှခေးနှင့် ဝန်ထမ်းများက ကျန်းမာရေးစောင့်ကြည့်ပေးသည့်စခန်း ရှစ်ခု၊ လူစည်ကားသောဈေး၊ ဘုရားရုံစသည့်နေရာများနှင့် ကျေးရွာများသို့ လက်ဆေးကန် ၃၈ ခု၊နှာခေါင်းစည်း ၂၅ ဘူး၊ လက် အိတ်လေးဘူး၊ လက်ဆေးဆပ်ပြာရည် ၁၀၄ ဘူးတို့ကိုထောက်ပံ့တပ်ဆင်ပေးခဲ့ပြီး ကျေးရွာ ၅၄ ရွာသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအသိပညာပေး ဗီနိုင်းပိုစတာအခု ၁၀၀အား ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် ကျေးလက်နှင့် UNICEF ပူးပေါင်းပြီး ရောဂါကာကွယ်ရေး လုပ်ပေးရခြင်းဖြစ်ပါတယ်၊ ဒီရောဂါဟာလူအများထဲမှာပဲ ကူးစက်နိုင်တာဖြစ်လို့ လက်ဆေးဖို့၊ နှာခေါင်းစည်းတပ်ဖို့၊ ကျန်းမာရေးအသိရှိဖို့လိုတဲ့အတွက် ယခုလိုဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်"ဟုမြို့နယ်ကျေးလက်ဦးစီးမှူးက ပြောသည်။

**ပေါက်စ(မင်းလှ)**





## အိမ်မဲမြို့နယ်တွင် အခြေခံစားသောက်ကုန်(၅)မျိုးထောက်ပံ့ပေး

**အိမ်မဲ မေ ၁၅**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက အခြေခံစားသောက်ကုန်(၅)မျိုး အိမ်တိုင်ရာရောက် ဆက်လက်ထောက်ပံ့ပေးခဲ့သည်။

အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ဌေးဌေးလှိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကြီးကြပ်၍ အိမ်ထောင်စု(၁)စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ (၁)ပိဿာ၊ ဆား (၅၀) ကျပ်သားတို့ကို ကျုံစိန်ကျေးရွာမှ အိမ်ထောင်စု ၁၉၅ စု၊ အစုကြီးကျောင်းစုကျေးရွာမှ အိမ်ထောင်စု ၁၄၆ စုတို့ကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပေး**

အိမ်မဲမြို့နယ်အတွင်း ကျေးရွာခွဲပေါင်း ၅၀၅ ရွာရှိပြီး ထောက်ပံ့ရန်ကျန်ရှိနေသောကျေးရွာများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်**
**(ပြန်/ဆက်)**

## ရေဦး၌ အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**ရေဦး မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်ပစ္စည်းများကို မေ ၁၁ ရက်မှစ၍ အောင်ဆန်းရပ်ကွက်ရှိ အိမ်ထောင်စု ၁၄၅ စုနှင့် ဗိုလ်အောင်ဇေယျ ရပ်ကွက်ရှိ အိမ်ထောင်စု ၂၄၅ စုတို့အား ကုလားပဲစိမ်း(၁)ပိဿာ၊ ဆန်(၈)ပြည်၊ ဆား (၅၀) ကျပ်သား၊ ဆီ (၅၀) ကျပ်သား၊ ကြက်သွန်နီ(၁)ပိဿာတို့ကို အိမ်တိုင်ရာရောက် ပို့ဆောင်ထောက်ပံ့ပေးခဲ့ပြီး ဒေါ်အောင် (ရေဦးဝက်အူချောင်း) မိသားစုမှ အောင်ချမ်းသာရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စု ၂၉၃ စုတို့အား အိမ်ထောင်စု (၁)စုလျှင် ဆန်(၁)ပြည်၊ ကြက်ဥ (၁၀) လုံး၊ ဆီ (၃၅) ကျပ်သားကိုလည်းကောင်း သီးခြားထောက်ပံ့ခဲ့သည်။

**ထောက်ပံ့ပေး**

အလားတူ မေ ၁၂ ရက်နံနက်ပိုင်းက အောင်မင်္ဂလာရပ်ကွက်ရှိ အိမ်ထောင်စု ၃၀၇ စု၊ အောင်ချမ်းသာရပ်ကွက်ရှိ အိမ်ထောင်စု ၂၉၃ စု၊ မကျီးတောကျေးရွာ အိမ်ထောင်စု ၁၆၀၊ မုတ်စီကျေးရွာအိမ်ထောင်စု ၁၅၇ စု၊ ပြွတ္တုံကျေးရွာအိမ်ထောင်စု ၆၀၊ ဇိနှ့်ဇွန်းကျေးရွာအိမ်ထောင်စု ၁၀၀၊ ကုက္ကိုစုကျေးရွာအိမ်ထောင်စု ၆၅ စု၊ ဖလံခုံကျေးရွာအိမ်ထောင်စု ၃၀၊ သံသည်ကျေးရွာအိမ်ထောင်စု ၂၅ စု၊ ထန်းတောကျေးရွာအိမ်ထောင်စု ၇၀ စုစုပေါင်း အိမ်ထောင်စု ၁၃၅၇ စုတို့အား ဆက်လက်ထောက်ပံ့ပေးသည်။

ရေဦးမြို့နယ်အနေဖြင့် ရပ်ကွက်ကျေးရွာအုပ်စု ၆၇ အုပ်စုရှိပြီး ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၆၅၆၀ ရှိကြောင်း၊ ကျန်ရှိသော အိမ်ထောင်စုများအား ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**



## တာမွေမြို့နယ်အတွင်း စားသောက်ကုန်ပစ္စည်းများထောက်ပံ့

**ရန်ကုန် မေ ၁၅**
သင်္ကြန်ပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုးကို မေ ၁၄ ရက် ညနေပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ထောက်ပံ့ပေးခဲ့သည်။

မြို့နယ်အတွင်းရှိ ပုဏ္ဏားကုန်းရပ်ကွက်၊ အရိုးကုန်းရပ်ကွက်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မလွှကုန်းဌေးကြွယ်ရပ်ကွက်၊ နတ်ချောင်းရပ်ကွက်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေလေးရပ်ကွက်၊ မေတ္တာညွန့်ရပ်ကွက်နှင့် မာန်အောင်ရပ်ကွက်တို့မှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၉၉၁ စုတို့အတွက် အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုးဖြစ်သည့် (ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်) တို့ကို တာမွေမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်း၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်း၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်အေး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ပြည်သူများလက်ဝယ်အရောက် စနစ်တကျထောက်ပံ့ပေးခဲ့ကြောင်းနှင့် လူစုလူဝေးမဖြစ်စေရေး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မို့မို့အောင်(ပြန်/ဆက်)**



## ဖောင်းပြင်မြို့နယ်၌ ထောက်ပံ့ပစ္စည်း(၅)မျိုးဖြန့်ဝေ

**ဖောင်းပြင် မေ ၁၅**
နိုင်ငံတော်မှ ပုံမှန်ဝင်ငွေမရှိသည့်အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ငါးမျိုးဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီနှင့် ပဲတို့ကို ထောက်ပံ့ပေးခဲ့ရာ ဖောင်းပြင်မြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသည့်အိမ်ထောင်စု ၅၄၀၂ စုအား မေ ၁၄ ရက်က အပြီးဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ဖြန့်ဝေပေးခဲ့ရာ မေ ၁၂ ရက်မှစတင်ပြီး မြို့ပေါ်ရပ်ကွက်များရှိ အိမ်ထောင်စု ၃၆၅ စုအား မြို့နယ်အားစားခန်းမ၌လည်းကောင်း၊ ကျေးရွာအုပ်စု ၄၂ အုပ်စုရှိ ကျေးရွာ ၁၇၆ ရွာမှ အိမ်ထောင်စု ၅၀၃၇ စုအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်/ ကျေးစာရေးများထံသို့လည်းကောင်း တစ်အိမ်ထောင်လျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကြက်သွန်နီ(၁)ပိဿာနှင့် ပဲ(၁)ပိဿာနှုန်းဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက ကြီးကြပ်ပြီး မြို့မိမြို့ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင်အားဖြည့်ကာ ယမန်နေ့က အပြီးဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုထွန်း(ဖောင်းပြင်)**

## ညောင်တုန်း၌ အခြေခံစားသောက်ကုန်များထောက်ပံ့

**ညောင်တုန်း မေ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးသည့် အခြေခံစားသောက်ကုန်များကို မေ ၁၄ ရက် နံနက် ၈ နာရီက ညောင်တုန်းမြို့နယ် မြို့တော်ခန်းမ၌ ထောက်ပံ့ပေးခဲ့သည်။

ထိုသို့ထောက်ပံ့ပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရပ်ကွက်လေးခုနှင့်ကျေးရွာအုပ်စု ၁၆ အုပ်စုတို့မှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၈၉၄၀ စုတို့အတွက် အိမ်ထောင်စု(၁)စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာတို့ကို ထောက်ပံ့ပေးခဲ့သည်။

ညောင်တုန်းမြို့နယ်တွင် ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုရှိပြီး မေ ၁၁ ရက်တွင် ရပ်ကွက်သုံးခုရှိ အိမ်ထောင်စု ၈၉၅ စု၊ မေ ၁၂ ရက်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၈ အုပ်စုရှိ အိမ်ထောင်စု ၆၂၅၆ စုနှင့် မေ ၁၃ ရက်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၃ အုပ်စုရှိ အိမ်ထောင်စု ၄၄၆၂ စု၊ မေ ၁၄ ရက်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၂၀ ရှိ အိမ်ထောင်စု ၈၉၄၀ စုတို့အား ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်း ရပ်ကွက်/ကျေးရွာ အုပ်စု ၅၄ အုပ်စုရှိ အိမ်ထောင်စုပေါင်း ၂၀၅၅၃ စုရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား စားသောက်ကုန်များကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဝဠာနိုင်(ညောင်တုန်း)**



## လေးမျက်နှာမြို့နယ်၌ စားသောက်ကုန်များထောက်ပံ့

**လေးမျက်နှာ မေ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပေးခြင်းများနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေနဲ့ အခုလိုအသိပညာပေးလုပ်ငန်းတွေမှာ ကိုယ်တတ်နိုင်သလောက် ပါဝင်ကူညီပေးခြင်းဖြစ်ပါတယ်၊ အလှူရှင်တွေကပေးပို့လှူဒါန်းတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အထောက်အကူပြုပစ္စည်းတွေကိုလည်း မြို့နယ်အတွင်းမှာ ဖွင့်လှစ်ထားတဲ့ စောင့်ကြည့်စင်တာတွေကို ကျွန်တော်တို့ ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုက်လံဖြန့်ဝေပေးခြင်းနဲ့ ပုံမှန်ဝင်ငွေမရှိတဲ့ အိမ်ထောင်စုများအတွက် နိုင်ငံတော်ကထောက်ပံ့ပေးတဲ့ စားသောက်ကုန်ပစ္စည်းများကိုလည်း မြို့နယ်ဌာနဆိုင်ရာတွေနဲ့ပူးပေါင်းပြီး ကျေးရွာများအရောက်ဖြန့်ဝေပေးတဲ့လုပ်ငန်းတွေမှာလည်း ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဉာဏ်ဝင်းပိုင်က ပြောသည်။

**ရွှေမိုး**
**(လေးမျက်နှာ)**

# ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်း ၈၂ ရာခိုင်နှုန်းပြီးစီး

**ပုသိမ် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံးတည်ဆောက်ပြီးစီးမှု ၈၂ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ဇူလိုင်လအတွင်း ခန့်မှန်းတည်ဆောက်ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနှင့် ငဝန်မြစ်အနောက်ဘက်ကမ်းရှိ လူနေရပ်ကွက်များသို့ တိုက်ရိုက်ဆက်သွယ်၍ တည်ဆောက်နေခြင်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆) မှတာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကာ တံတားသစ်တည်ဆောက်ရန်အတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၅ ဘီလီယံအကုန်အကျခံကာ တည်ဆောက်နေကြောင်း၊ တံတားသစ်တည်ဆောက်ရေးလုပ်ငန်းပိုင်း၌ တံတားအထူးအဖွဲ့(၁၆) မှ ကျွမ်းကျင်အင်ဂျင်နီယာ ၂၀ ကျော်နှင့် ကာယဉာဏလုပ်သား ၂၀၀ ကျော်တို့ဖြင့် တည်ဆောက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်သစ်သစ်အောင်က ပြောကြားသည်။

ယခုအခါ ပုသိမ်မြို့ဘက်ကမ်းနှင့် စိန်ကုန်းဘက်ကမ်းရှိ ချဉ်းကပ်တံတားနှစ်ဖက်စလုံး ကြမ်းခင်းလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ လက်ရှိလူသွားလမ်းပလက်ဖောင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း၊ ပင်မတံတားသံပေါင် ၉၅ မီတာနှစ်ခန်းတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သောကြောင့် မီတာ ၁၄၀ အရှည်ရှိသည့် ရေလယ်သံပေါင်ခန်းဖွင့်တစ်ခန်းနှင့် ကျန်ရှိလုပ်ငန်းများအား သင်္ကြန်ကာလအပြီးဖြစ်သော မေ ၁၉ ရက်နောက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်မူလ မေတ္တာဦးဆိပ်ခံတံတားဟောင်းနှင့် ပုသိမ်မြို့တစ်ဖက်ကမ်းဖြစ်သော စိန်ကုန်းဘက်ခြမ်းရှိ ရပ်ကွက်များဖြစ်သည့်အမှတ် ၉ နှင့် ၁၀ ရပ်ကွက်တို့ကိုဖြတ်သန်းတည်ဆောက်နေသော အဆိုပါပုသိမ်တံတားအမှတ် (၂) ၏ အမျိုးအစားမှာ သံမဏိသံပေါင်ခုံးတံတား (Nielsen Arch,Cable Hanger)အမျိုးအစားဖြစ်ပြီး တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်၍ တံတားသစ်၏အရှည်မှာ စုစုပေါင်းပေ ၂၃၈၀ ရှိကြောင်း၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိပြီး လူသွားလမ်းတစ်ဖက်လျှင် အကျယ်ငါးပေစီပါဝင်ကာ ရေလမ်းကင်းလွတ်အကျယ် ၄၁၆ ပေနှင့် အမြင့်ပေ ၆၀ ရှိကြောင်းလည်း သိရသည်။

တံတားသစ်စီမံကိန်းမှ အရှည် ၃ မိုင်နှင့်၂ ဖာလုံအကွာတွင်တည်ရှိသော မူလပုသိမ်ကြိုး တံတား၏ ခံနိုင်ဝန်လျော့နည်းလာမှုကြောင့်လည်းကောင်း၊ ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာသည်နှင့်အမျှ ငဝန်မြစ်၏အနောက်ဘက်အခြမ်းတွင် မြို့ပြအိမ်ရာများတိုးချဲ့ရန်လိုအပ်လာ၍လည်းကောင်း၊ ချောင်းသာနှင့် ငွေဆောင်ကမ်းခြေအပါအဝင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ကမ်းခြေပတ်လမ်းများကို ချိတ်ဆက်သွားလာနိုင်ရန် ရည်ရွယ်၍ တည်ဆောက်နေသော ပုသိမ်တံတားအမှတ် (၂) ၏ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်ရန်အတွက် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှစတင်၍ ဖောင်ဒေးရှင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

သတင်း- ပွင့်သစ္စာ

ဓာတ်ပုံ- စိုးမြင့်အောင်

■



ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်း၏ တံတားသစ်တည်ဆောက်ပြီးစီးနေမှုအား တွေ့ရစဉ်။




# မော်လူး၌ ကွန်ကရစ်တံတား လေးစင်းဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မော်လူး မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျောက်မျက်ရတနာနယ်မြေတွင် CSR ရန်ပုံငွေဖြင့် တံတားလေးစင်းဆောက်လုပ်နေမှုကို တာဝန်ရှိသူများက မေ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးသည်။

မော်လူး-မော်ဟန် ရတနာနယ်မြေရှိ မော်လူးဒေသ ကျောက်မျက်ရတနာနယ်မြေတွင် ဝွေ့ကြီး၊ သူရောင်း၊ ကူးကာနှင့် ဥသျှစ်ကုန်းကျေးရွာတို့အတွက် ကွန်ကရစ်တံတားလေးစင်းကို တစ်ပြိုင်တည်း စတင်အကောင်အထည်ဖော်တည်ဆောက်လျက်ရှိကြောင်း သိရသည် ။

"CSR ရန်ပုံငွေဖြင့် တံတားလေးစင်းကို တည်ဆောက်နေပါတယ်။ ရွှေလေးတန်လို့အမည်ရတဲ့ ဝွေ့ကြီးတံတားနဲ့ သူရောင်းတံတားကိုတော့ ငွေမိုးစံကုမ္ပဏီက ဆောက်လုပ်မှာဖြစ်ပြီး ကူးကာတံတားနဲ့ ဥသျှစ်ကုန်းတံတားကိုတော့ Y-M-C ကုမ္ပဏီက တာဝန်ယူဆောက်လုပ်မှာပါ။ ဆောက်လုပ်တဲ့အချိန်မှာလည်း ကျွန်တော်တို့ဌာနရဲ့ တံတားဒီဇိုင်း ခွင့်ပြုချက်နဲ့ ကြီးကြပ်ပြီး ဒီကုမ္ပဏီတွေကပဲ ဆောက်လုပ်မှာပါ" ဟု ကသာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ကျေးလက်လမ်းဦးစီးမှူး ဦးဇော်လတ်က ပြောသည်။

အဆိုပါ CSR ရန်ပုံငွေဖြင့် မော်လူးကျောက်မျက်ရတနာနယ်မြေတွင် တည်ဆောက်လျက်ရှိသော တံတားများမှာ ခိုးကောင်-ကူးဆိပ်-ဝွေ့ကြီး-နမီးလမ်းမပေါ် ရှိ လေးတန်ချောင်း ဝွေ့ကြီးကွန်ကရစ်တံတားမှာ အရှည် ၄၂ ဒသမ ၆၇ မီတာ၊ အကျယ် ၆ မီတာရှိသော ကွန်ကရစ်တံတားဖြစ်သည်။

ဒုတိယဆောက်လုပ်သောတံတားမှာ မော်လူး-သူရောင်း-ခိုးကောင်-နမီး-ညောင်ပင်ဆိပ်လမ်းပေါ်ရှိ လေးတန်ချောင်းကူး သူရောင်းတံတားမှာ အရှည် ၃၆ ဒသမ ၅၈ မီတာ၊ အကျယ် ၆ မီတာ ရှိသော ကွန်ကရစ်တံတားဖြစ်သည်။

တတိယဆောက်လုပ်သောတံတားမှာ မော်လူး-ကူးကာ-စဥ့်ခိုး-တောင်ဖီလာ-ဥသျှစ်ကုန်းလမ်းပေါ်ရှိ ကူးကာချောင်းကူးကာတံတားမှာ အရှည်မီတာ ၃၀၊ အကျယ် ၆ မီတာရှိသော သံပေါင်ရက်မ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

စတုတ္ထတံတားမှာ မော်လူး-စဥ့်ခိုး -ဥသျှစ်ကုန်း-အောက်တောလမ်းပိုင်းရှိ ဥသျှစ်ကုန်းရွာအဝင် တခလုပ်ချောင်းကူးတံတားမှာ အရှည် ၉ ဒသမ ၁ မီတာ၊ အကျယ် ၆ မီတာရှိသော သံပေါင်ရက်မ သံကူကွန်ကရစ်တံတားဖြစ်သည်။

ကျောက်မျက်တူးဖော်ရာဒေသ အသီးသီးတို့တွင် ကျောက်မျက်တူးဖော်ထုတ်လုပ်မှုကြောင့် ဆုံးရှုံးသွားသောမြေယာများ၌ အစားထိုးပြုပြင်တည်ဆောက်မှုများ ပြုလုပ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ပြုလုပ်နိုင်ရန်အတွက် ဆောင်ရွက်သည့်လုပ်ငန်းများကို CSR ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျောက်မျက်တူးဖော်ရာဒေသများ၌ CSR ရန်ပုံငွေပေးအပ်ပြီး အစားထိုးပြုပြင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်ဒေသများမှာ ဖားကန့်-လုံးခင်းကျောက်မျက်ဒေသ၊ မိုးကုတ်ကျောက်မျက်ဒေသ၊ ခန္တီးကျောက်မျက်ဒေသ၊ မော်လူး-မော်ဟန်ကျောက်မျက်ဒေသ၊ မိုင်းရှူးကျောက်မျက်ဒေသတို့ဖြစ်သည်။

နီတိုး

# မိုင်းလားမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လက်ဆေးကန်များ တပ်ဆင်ပေး

**မိုင်းလား မေ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်းပြီး ကျေးလက်နေပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်စေရန်အတွက် ဝမ်တာပုံကျေးရွာအုပ်စုနှင့် တာပင်းကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ၁၅ ရွာ၌ အများပြည်သူနှင့်သက်ဆိုင်သည့် လက်ဆေးကန်များကို ကွင်းဆင်းတပ်ဆင်ပေးကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါ လက်ဆေးကန်များကို လူစည်ကားသည့် နေရာများ၊ ကျန်းမာရေးဌာနများ၊ ဘာသာရေးဆိုင်ရာနေရာများတွင် သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာကော်မတီဝင်များနှင့် ညှိနှိုင်းပေါင်းစပ်၍ တပ်ဆင်ဆောင်ရွက်ပေးကြောင်း သိရသည်။

မင်းမြင့်မိုရ်

# တောင်ဖီလာကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

**မိတ္ထီလာ မေ ၁၅**

မိတ္ထီလာမြို့နယ်၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော တောင်ဖီလာကျေးရွာသို့ မေ ၁၄ ရက် နံနက် ၁၀ နာရီက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြသည်။

သောက်သုံးရေလိုအပ်လျက်ရှိသည့် အိမ်ထောင်စု ၁၅၀ ရှိ ခင်တဲကျေးရွာအုပ်စု တောင်ဖီလာကျေးရွာမှ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာသို့ သွားရောက်၍ ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေသွားရောက်လှူဒါန်းခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူးဦးကျော်ဆန်းက ပြောသည်။

ယင်းအပြင် သောက်သုံးရေလိုအပ်လျက်ရှိသော ခင်သာကျေးရွာအုပ်စု အရာတော်ကျေးရွာသို့ မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၃၂၀၀ ကိုလည်း မတ် ၂၇ ရက်က သွားရောက်လှူဒါန်းပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာ၍ အကူအညီတောင်းခံလာပါက ကျေးရွာများသို့ မီးသတ်ရေသယ်ယာဉ်များဖြင့် အရောက်သွား၍ သောက်သုံးများလှူဒါန်းလျက်ရှိသည်။

သိန်းမြင့်ကျော်

(မိတ္ထီလာ)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ကမ္ဘာပျက်ပုံ ကမ္ဘာတည်ပုံ

စာရေးသူ မဟာဂန္ဓာရုံ အရှင်ဝိဇယာလင်္ကာရ ပြုစုရေးသားသော ကမ္ဘာပျက်ပုံ ကမ္ဘာတည်ပုံ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူများမှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီး အကြောင်းကိုသိရှိစေရန် ဖော်ကျူးရေးသားထားသည့်အပြင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အဆိုးဆုံးအခြေအနေတို့ကို ကျော်လွှားလွန်မြောက်ပြီး အဆိုးမှ အကောင်းဆုံးဖြစ်အောင် ပြောင်းလဲဖန်တီးယူတတ်စေရန် လမ်းညွှန်ထားသဖြင့် လေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို မျိုးဆက်သစ်စာပေ ဖုန်း-၀၉ ၄၂၀၀၈၃၆၈၈မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။



## မင်္ဂလာပါခင်ဗျာနှင့် အတွေးရသစာစုများ

စာရေးသူ ဒေါက်တာမြင့်သန်း(ညောင်လေးပင်) စီစဉ်ရေးသားသည့် မင်္ဂလာပါ ခင်ဗျာနှင့် အတွေးရသစာစုများ စာအုပ်ထွက်ရှိလာသည်။

မင်္ဂလာဆိုသည့် ပြည့်စုံကုံလုံခြင်းအကြောင်းတရား၊ ခပ်သိမ်းဥသုံပြည့်စုံခြင်း၏ အကြောင်းလို့လည်း ဆိုပါတယ်။ တစ်ဦးနဲ့တစ်ဦး တွေ့ကြတဲ့အခါ မင်္ဂလာပါဆိုကြခြင်းကိုက ကျက်သရေရှိလှပါတယ်။ နေ့တစ်နေ့ကို မင်္ဂလာဆိုတဲ့ စကားနဲ့ ကြိုဆိုလိုက်ရခြင်းက ကောင်းသောနေ့တစ်နေ့အဖြစ် သတ်မှတ်လိုက်ခြင်းလည်း ဖြစ်ပါတယ်။ မြန်မာတို့ရဲ့ ချစ်ခင်နှစ်သစ်ဖွယ် "မင်္ဂလာပါ"ဆိုတဲ့ စကားလေးဟာ တစ်ကမ္ဘာလုံးကို ပျံ့နှံ့နေပါပြီ။ စာရှုသူတို့အတွက် တစ်မူထူးခြားတဲ့ခံစားမှုတွေ ရနိုင်လိမ့်မယ်။ တွေးစရာလေးတွေ ရနိုင်လိမ့်မယ်လို့လဲထင်မိပါတယ်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် ၂၉၆၊ ၁/အနော်မာ (၇) လမ်း၊ သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၉၈၁၈၉၁၄၈နှင့် ၀၉-၇၇၇၁၃၉၄၇၇တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။




## ကဗျာ့မာလာ

စာရေးသူ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းအေး (B.A.Ed,B.Ed)ရေးသားသည့် ကဗျာ့မာလာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကဗျာ့မာလာ၊ ဟေမာန်ဦး၊ ပြည့်သမီးမွန်၊ ထူးတင့်မည့်သား၊ နိုင်ငံ့ရှေ့ဆောင်၊ ဂုဏ်တင့်စေသား၊ ဆန်စပါးကိုလ၊ မျိုးဆက်သစ်လူငယ်၊ မှာတမ်းလွှာ၊ စည်းလုံးစို့နော်၊ သွေးသားအရင်း၊ မြန်မာဆန်သူလေး၊ ပြည်သူ့သမီး၊ လွမ်းဖွယ် မောမြေ၊ အများအကျိုးဆောင်၊ သိက္ခာရှင်မလေး၊ လုပ်သားလူချွန်၊ ပန်းမြတ်ဝါဆို၊ အောင်ပွဲဆင် ပျို့ငယ်ကျွမ်း၊ တိုင်းပြည်တာဝန်၊ ဝါကျွတ်ပွဲတော်ဘွဲ့စသည့် ကဗျာများကို ရေးသားထားသည်။

စာအုပ်ကို သဇင်ညွန့်စာပေ၊ အမှတ်-၆၄(မြေညီထပ်) အလယ်ခန်း၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁ ၅၁၈၄၄၇မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။



## ဆောင်းနှောင်းရွက်ကျန် နွေလက်ပံ

စာရေးသူ နွေကိုတူး(ပခုက္ကူ) ပြုစုရေးသားသည့် ဆောင်းနှောင်း ရွက်ကျန် နွေလက်ပံစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နှလုံးသားကိုမြစ်ဖျားခံလာသော ခံစားချက်များကို လူမှုအသိုက်အဝန်းအတွက် အေးချမ်းသာယာစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့ထားသည့်အပြင် လောကအကြောင်း၊ ဓမ္မအကြောင်း၊ ရာဇကြောင်း၊ လူ့အဇ္ဈတ္တကြောင်းတို့ကို အသံ၊ ကာရန်၊ အက္ခရာတို့ဖြင့် ပုံဖော်ရေးဖွဲ့ထားသဖြင့် ရသတစ်ခုပေးစွမ်းနိုင်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ အရှေ့(၇) လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၄၂၀၀၇၈၇၆၇နှင့် ၀၉ ၇၃၂၂၄၁၃၇တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိထားသည်။




## ဒါနဝေစီ စာပန်းချီ

စာရေးသူ ပန်းတနော် ခင်မောင်မြင့် ပြုစုရေးသားသော ဒါနဝေစီ စာပန်းချီ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အလှူဒါနကောင်းမှုပြုကြသော လူ နတ် ဗြဟ္မာ သတ္တဝါတို့ အလှူဒါနများကြောင့် နတ်ပြည်တွင်ခံစားရသော အကြောင်းများကို ဘုရားဟောကျမ်း၊ နိပါတ်တော်များထဲမှ ကောက်နုတ်ရေးသားထားသည့်အပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် အလှူဒါန လက်နှင့် မကွာ လှူဒါန်းနိုင်ရန် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို ဇွန်ပန်းမွှေးမွှေးစာပေတိုက်၊ အမှတ် (၅၃)၊ (၃) ရပ်ကွက်၊ ၄ လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၉၃၄၂၉၄၉ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။





## ဥဒါန ဗုဒ္ဓမြတ်စွာ၏ ဥဒါန်းစကားများ

စာရေးသူ ဒေါက်တာအရှင်သူရိယ Ph.D(Philosophy) စီစဉ်ရေးသားသည့် ဥဒါန ဗုဒ္ဓမြတ်စွာ၏ ဥဒါန်းစကားများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဥဒါနဟူသောပုဒ်သည် နှုတ်မှထုတ်ဖော် ကျူးရင့်သောစကားဟု အဓိပ္ပာယ်ရသည်။ ဤကျမ်းတစ်စောင်လုံးရှိ အဆိုအမိန့်များမှာ အကြောင်းအားလျော်စွာ ကျူးရင့်အပ်သော ဗုဒ္ဓမြတ်စွာ၏ နှုတ်ထွက်စကားများ ဖြစ်သည်။ ဥဒါနကျမ်း၌ ဝဂ်အားဖြင့် (၈) ပိုင်းခွဲလျက် ဖော်ပြထားသော ဥဒါန်းစကားပေါင်း (၈၀) ပါဝင်သည်။

စာအုပ်ကို မြတ်မျိုးမြန်မာစာပေ၊ အမှတ်(၂-ခ)၊ တရုတ်ကျောင်းလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ် ရန်ကုန်မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ထုတ်ဝေသည်။




## လက်ရွေးစင် ဟာသပဒေသာ အမှတ်(၄)

စာရေးသူ မောင်ကောင်းထိုက်(နှီးပဒေါ) စီစဉ်ရေးသားသည့် လက်ရွေးစင် ဟာသပဒေသာ အမှတ်(၄) စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူတစ်ယောက် စတိုးဆိုင်ကြီးထဲ ဝင်လာကာ ဆိုင်ပေါ်တင်ထားသော ပစ္စည်းများကို ဂရုတစိုက်ကြည့်သည်။ တစ်နာရီကြာလည်းမပြီး၊ နှစ်နာရီကြာလည်း ကြည့်ဆဲဖြစ်သည်ကို အရောင်းသမက တွေ့သည်နှင့် "ရှင်ဘာဖြစ်လို ဒီလောက်ကြာကြာ ကြည့်နေရတာလဲ"ဟု မေးလိုက်သည်။ "ပစ္စည်းတွေရှေ့မှာ ချထားတဲ့ ဂဏန်းတွေက ဈေးနှုန်းလား။ တယ်လီဖုန်းနံပါတ်တွေလားဆိုတာ ခုထိဝေခွဲမရလို့ပါ" စသည့် စိတ်ဝင်စားဖွယ် ဟာသများကိုရေးသားထားသည်။

စာအုပ်ကို ရွှေပဒေသာစာပေ၊ အမှတ်-၃၃၊ မြေညီထပ်၊ ကျီတော်လမ်း၊ ပုဇွန်တောင်ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၅၉၈၅၇၇၉နှင့် ၀၉ ၈၇၉၀၀၅၆၃၃မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။




## ကျွန်တော်နှင့် သိပ္ပံမောင်ဝအပါအဝင် သုတရသစာစုများ

စာရေးသူ ဆလိုင်းဟန်ထွန်း(စေတုတ္တရာ) ရေးသားပြုစုသည့် ကျွန်တော်နှင့် သိပ္ပံမောင်ဝအပါအဝင် သုတရသစာစုများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ချင်းလူမျိုးများနှင့် ပတ်သက်သော မမေ့ပျောက်သင့်သော သမိုင်းနှင့် သင်ခန်းစာများ၊ စာရေးသူ ငယ်ဘဝအတွေ့အကြုံ အမှတ်တရများ၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာများကို သိပ္ပံမောင်ဝ၏ ရေးသားဟန်ဖြင့် ရှင်ရှင်မြူးမြူးတက်တက်ကြွကြွ ရေးသားထားသဖြင့် လေ့လာသင့်သော စာအုပ်ဖြစ်သည်။

စာအုပ်ကို စာပေနန်းတော်စာပေ၊ ၁၁၇-၁၂၇၊ ၃၆ လမ်း(လယ်) ရန်ကုန် ဖုန်း-၀၉-၂၆၀၂၄၅၂၂၄၊ ၀၉၇၃၁၄၀၉၃၆ နှင့် ဦးဆလိုင်းထွန်းလှိုင် ဖုန်း ၀၁-၅၀၄၃၇၀၉၊ ၀၉-၂၅၄၅၄၁၆၆၂ (ရန်ကုန်)နှင့် ဖုန်း-၀၉-၂၅၆၀၉၈၃၀၃ (စေတုတ္တရာ)တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

# ကမ္ဘာကြီးမှာ ထိခိုက်ခံစားနေရတာတွေအတွက် မျက်ရည်ကျမိကြောင်း အန်ဂျလီနာဂျိုလီ ဖွင့်ဟ



ကျော်ကြားတဲ့ ဟောလိဝုဒ်မင်းသမီး တစ်ဦးဖြစ်သူ အန်ဂျလီနာဂျိုလီဟာ ကမ္ဘာတစ်ဝန်း လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်၊ ကာကွယ်၊ တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ လတ်တလောမှာ မင်းသမီးက သူဟာ ကမ္ဘာကြီးမှာ ဖြစ်ပွားလျက်ရှိတဲ့ ထိခိုက်ခံစားနေရတာတွေကို တွေ့မြင်ရတဲ့အခါတိုင်း ငိုကြွေးမိကြောင်း ဖွင့်ဟလာတယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အန်ဂျလီနာဂျိုလီဟာ ကယ်လီဖိုးနီးယားမှာ တာဝန်ထမ်းဆောင်နေတဲ့ အထွေထွေခွဲစိတ်ဆရာဝန် ဒေါက်တာ နာဒိုင်းဘာရုဟဲရစ်နဲ့ လတ်တလောမှာ အင်တာဗျူးတစ်ခုပြုလုပ်ခဲ့ပြီး အဆိုပါ အင်တာဗျူးကို တိုင်းမ်မဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ အန်ဂျလီနာဂျိုလီရဲ့ အင်တာဗျူးမှာ ထည့်သွင်းဖော်ပြခဲ့တယ်လို့ သိရပါတယ်။

အန်ဂျလီနာဂျိုလီက ဒေါက်တာ နာဒိုင်းဘာရုဟဲရစ်နဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတွေကြောင့် ကလေးငယ်တွေ အပေါ် သက်ရောက်မှုနဲ့ ခံစားနေရတဲ့ ဝေဒနာတွေကို ဆွေးနွေးခဲ့ပါတယ်။ ဒီလို ဆွေးနွေးရာမှာ အန်ဂျလီနာဂျိုလီက ကမ္ဘာကြီးမှာ ထိခိုက်ခံစားနေရတာတွေကို ကြားရတဲ့အချိန်၊ မြင်ရတဲ့အချိန်တွေမှာ သူ့အနေနဲ့ အတော်လေး စိတ်မကောင်းဖြစ်ကာ မျက်ရည်ကျရကြောင်း ဖွင့်ဟပြောကြားခဲ့တာ ဖြစ်ပါတယ်။

အသက် ၄၄ နှစ်အရွယ်အန်ဂျလီနာဂျိုလီက သူ့ရဲ့ စိတ်ခံစားချက်တွေကို လုပ်ဆောင်မှုတွေအဖြစ်ပြောင်းလဲခဲ့ကြောင်း၊ သူ့လို ခံစားနေရတဲ့ အမျိုးသမီးတွေကိုလည်း ခံစားချက်တွေကို လုပ်ဆောင်မှုတွေအဖြစ် ပြောင်းလဲဖို့ လိုအပ်ကြောင်းတိုက်တွန်းခဲ့ကာ သူ့အတွက်တော့ ဒီလို လုပ်ဆောင်နိုင်တဲ့ အခွင့်အရေးရခဲ့တာကြောင့် ကံကောင်းတယ်လို့ ခံစားရကြောင်းလည်း ဆိုပါတယ်။

အန်ဂျလီနာဂျိုလီဟာ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် ပြီးခဲ့တဲ့လအတွင်းက အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းခဲ့ပါတယ်။ သူ့ရဲ့ အလှူငွေတွေကို ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေစဉ်ကာလအတွင်း ဆင်းရဲတဲ့မိသားစုနဲ့ ဝင်ငွေနည်းပါးတဲ့ မိသားစုတွေက ကလေးငယ်တွေအတွက် အစားအစာတွေ ပေးဝေဖို့ရန် အသုံးပြုသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီလိုလှူဒါန်းရတာဟာ အမေရိကန်မှာရှိတဲ့ ကလေးငယ်တွေရဲ့ ဆာလောင်မှုကို ရပ်တန့်စေဖို့လည်းဖြစ်တယ်လို့ သိရပါတယ်။

# ကင်ယောင်အေး ကွယ်လွန်သည်မှာ သုံးနှစ်ပြည့်ခဲ့ပြီဖြစ်



တောင်ကိုရီးယား နာမည်ကျော်သရုပ်ဆောင်မင်းသမီးကြီးတစ်ဦးဖြစ်သူ ကင်ယောင်အေး ကွယ်လွန်ခဲ့တာ လတ်တလောမှာ သုံးနှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ကင်ဆာရောဂါကြောင့် ကွယ်လွန်ခဲ့တဲ့ မင်းသမီးကြီးကို အမှတ်ရနေဆဲဖြစ်ကြောင်း ဟန်စင်းနီးမားဒွေါကွန်းက ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ကင်ယောင်အေးဟာ ၂၀၁၇ ခုနှစ် ဧပြီ ၉ ရက်က ပန်ကရိယကင်ဆာကြောင့် ကွယ်လွန်ခဲ့တာပါ။ ဒါကြောင့် ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက်မှာ ကွယ်လွန်တာ သုံးနှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ကင်ယောင်အေးဟာ ကွယ်လွန်ချိန်မှာ အသက် ၆၆ နှစ်အရွယ်ရှိပြီဖြစ်ကြောင်းလည်း သိရပါတယ်။

၂၀၁၂ ခုနှစ်အတွင်း ကင်ယောင်အေးဟာ ခွဲစိတ်ကုသမှုခံယူခဲ့ပြီး ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်အတွင်းမှာတော့ ကျန်းမာရေးပြန်လည်ဆိုးရွားလာခဲ့ကာ ၂၀၁၇ ခုနှစ်အတွင်းမှာ ကွယ်လွန်ခဲ့ရတာ ဖြစ်ပါတယ်။

ကင်ယောင်အေးဟာ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် အောင်မြင်တဲ့ ဇာတ်လမ်းတွဲများစွာမှာ ပါဝင်ခဲ့သူဖြစ်ပါတယ်။ သူဟာ ရုပ်ရှင်နဲ့ ဇာတ်လမ်းတွဲပေါင်း ၁၂၀ ခန့်မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဝါရင့်သရုပ်ဆောင် တစ်ဦးဖြစ်ကြောင်းလည်း သိရပါတယ်။

# ကလေးတွေကစားဖို့အတွက် ပေါင် ကိုးသောင်းတန်ဖိုးရှိ အိမ်တစ်လုံး တည်ဆောက်ပေးမယ့် ကလုံနီမောင်နှံ




ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲ တစ်တွဲဖြစ်တဲ့ မင်းသားကြီး ဂျော့ဂျ်ကလုံနီနဲ့ ဇနီးဖြစ်သူ အမ်မယ်လ်ကလုံနီတို့က သူတို့ရဲ့ ရင်သွေးလေးတွေ သီးသန့်ကစားဖို့ရာ နေရာတစ်ခုအဖြစ် အိမ်တစ်လုံးဆောက်လုပ်ပေးကာ ကစားစရာနေရာတစ်ခု ဖန်တီးပေးသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၅၈ နှစ်အရွယ် မင်းသားကြီးနဲ့ ၄၂ နှစ်အရွယ် ဇနီးသည်တို့ဟာ သူတို့ရဲ့ ရင်သွေးလေးတွေဖြစ်ကြတဲ့ အသက် နှစ်နှစ်အရွယ် အမြွှာလေးတွေအတွက် ယခုလို ကစားဖို့ အိမ်တည်ဆောက်ပေးဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ ဒီသတင်းကို စန်းဒေးနယူးစ်က ဖော်ပြခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ ကစားဖို့အတွက် နေအိမ်မှာ ဇစ်လိုင်းတွေလည်း ပါဝင်နေပြီး ကခုန်ဖို့အတွက် နေရာ၊ ရေတွေစီးနေတဲ့ မီးဖိုချောင်၊ တကယ့်သက်ရှိ သစ်ကုလားအုတ်တွေရဲ့ အရွယ်အစားအတိုင်းရှိမယ့် သစ်ကုလားအုတ်တွေကိုလည်း ထည့်သွင်းဖန်တီးထားကြောင်း သိရပါတယ်။

ယင်းအိမ်ကို အမေရိကန်သမ္မတဟောင်း တစ်ဦးဖြစ်သူ အိုဘားမားရဲ့ အိမ်ဖြူတော်ရုံးခန်းကို ဒီဇိုင်းပြန်လည်ရေးဆွဲပေးခဲ့သူ မိုက်ကယ်လ်အက်စ်စမစ်သ်က တည်ဆောက်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# အင်ဒိုနီးရှား ပရိသတ်တွေအတွက် အားပေးစကားပြောကြားလိုက်တဲ့ BTS



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လတ်တလောမှာ ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုအတွင်း အားတင်းထားဖို့ ပရိသတ်တွေနဲ့အတူ ရှိနေကြောင်း အင်ဒိုနီးရှားပရိသတ်တွေထံ အားပေးစကား ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BTS က လတ်တလောမှာ အင်ဒိုနီးရှား အွန်လိုင်းအရောင်းအဝယ် ပလက်ဖောင်းတစ်ခုဖြစ်တဲ့ Tokopedia ရဲ့ တည်ထောင်သူထံ အင်ဒိုနီးရှားပရိသတ်တွေကို အားပေးစကားပြောကြားခဲ့တဲ့ ဗီဒီယိုမက်ဆေ့ချ်တစ်ခု ပေးပို့ခဲ့တာပါ။

အဆိုပါ ဗီဒီယိုဟာ ၃၆ စက္ကန့်သာ ကြာမြင့်ပြီး ဒီဗီဒီယိုကို Tokopedia ရဲ့ တရားဝင် အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဆိုပါ ဗီဒီယိုမှာ အဖွဲ့ဝင်တွေက ကိုရိုနာဗိုင်းရပ်စ်ဒဏ် ခံစားနေရတဲ့ သူတွေအတွက် အားပေးစကားကို ကိုရီးယား၊ အင်္ဂလိပ်နဲ့ အင်ဒိုနီးရှား ဘာသာစကားတွေနဲ့ ပြောကြားထားကြောင်းလည်း သိရပါတယ်။

**အေးပြည့်**
**စုစည်းသည်**

# ဖန်ဘင်းဘင်းနဲ့ လီချန်းတို့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း သတင်းပေါ်ထွက်

ကျော်ကြားတဲ့ တရုတ်မင်းသမီးတစ်ဦးဖြစ်သူ ဖန်ဘင်းဘင်းဟာ သူနဲ့အချိန်အတော်ကြာလက်တွဲလာခဲ့တဲ့ ချစ်သူ လီချန်းနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ၂၀၁၈ ခုနှစ်အတွင်းက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ သူတို့နှစ်ဦး ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာတယ်လို့ အေးရှားဝမ်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖန်ဘင်းဘင်းနဲ့ လီချန်းတို့ဟာ စေ့စပ်ခဲ့ကြပြီးနောက်မှာမှ လမ်းခွဲခဲ့ကြသူတွေပါ။ လတ်တလောမှာ ဖန်ဘင်းဘင်းဟာ စေ့စပ်လက်စွပ် ဝတ်ဆင်ထားတာကို တွေ့ရတာကြောင့် ဒေသတွင်းမီဒီယာတွေက သူတို့နှစ်ဦး ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲနေပြီလားလို့ ဖော်ပြခဲ့ကြတာ ဖြစ်ပါတယ်။

လတ်တလောမှာ အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဖန်ဘင်းဘင်းက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဓာတ်ပုံတစ်ပုံကို လတ်တလောမှာ ဖော်ပြခဲ့ပါတယ်။ ဒီဓာတ်ပုံမှာ ဖန်ဘင်းဘင်းဟာ စိန်လက်စွပ်တစ်ကွင်းကို ဝတ်ဆင်ထားတာကို တွေ့ရပြီး ပရိသတ်တွေက အဆိုပါ လက်စွပ်ဟာ စေ့စပ်တုန်းက လီချန်းပေးခဲ့တဲ့ လက်စွပ်နဲ့ အတော်လေးတူတာကြောင့် သူတို့နှစ်ဦးချစ်သူတွေအဖြစ် ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း ပြောကြားနေကြကာ ဒေသတွင်း မီဒီယာတွေကလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး သို့လော သို့လော ရေးသားဖော်ပြခဲ့ကြတာ ဖြစ်ပါတယ်။



ဖန်ဘင်းဘင်းဟာ ၂၀၁၈ ခုနှစ်အတွင်း အခွန်ပြဿနာနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အခွန်အကြီးအကျယ်ရှောင်ခဲ့တာကြောင့် အပြစ်ဒဏ်ခံယူခဲ့ရတဲ့ ဖန်ဘင်းဘင်းဟာ အဲဒီနှစ်အတွင်းမှာပင် လီချန်းနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။



တောင်ကိုရီးယား မင်းသား ဂွန်ရီး အလှကုန်အမှတ်တံဆိပ်တစ်ခုဖြစ်သည့် La Mer အတွက် ကြော်ငြာဓာတ်ပုံ ရိုက်ကူးနေစဉ်။

# ဟယ်ရီကိန်းကို ပြည်တွင်းပြိုင်ဘက်အသင်းတွေဆီ ရောင်းချမည်မဟုတ်ဟု စပါးအသင်း ပြောကြား




စပါးအသင်းဟာ တိုက်စစ်မှူး ဟယ်ရီကိန်းကို အခုနှစ်နွေရာသီကာလအတွင်းမှာ အသင်းကနေ ထွက်ခွာခွင့်ပြုဖို့ ရည်ရွယ်ချက်မရှိတဲ့အပြင် ထွက်ခွာခွင့်ပြုခဲ့မယ်ဆိုရင်လည်း ပြည်တွင်းပြိုင်ဘက်အသင်းတွေဆီ ရောင်းချသွားမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ၂၀၁၈ ခုနှစ် ဇွန်လအတွင်းက စပါးအသင်းနဲ့အတူ ခြောက်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့သူလည်းဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့လက စပါးအသင်းကနေ ထွက်ခွာမယ်လို့ ဟယ်ရီကိန်းက ပြောကြားလာတဲ့အတွက် စပါးအသင်းဥက္ကဋ္ဌ ဒန်နီရယ်လီဗိုင်းက ဟယ်ရီကိန်းကို ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀၀ နဲ့ ရောင်းချမယ်လို့ဆိုခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူဖို့အတွက် ပရီမီယာလိဂ်ကလပ်အသင်းအများစု စိတ်ဝင်စားနေပေမယ့် မန်ယူအသင်းကတော့ ကာလရှည်ကြာခေါ်ယူဖို့ စောင့်နေခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။ ဟယ်ရီကိန်းကို မန်ယူအသင်း၊ မန်စီးတီးအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

လက်ရှိမှာ ဥရောပဘောလုံးအဖွဲ့ချုပ်က ဥရောပတစ်ဝန်းဘောလုံးပွဲတွေ ယှဉ်ပြိုင်မှု ရပ်ဆိုင်းထားခဲ့တာကြောင့် အပြောင်းအရွှေ့ဈေးကွက်လည်း ပြန်ဖွင့်ဖို့ မသေချာသေးသလို ကလပ်အသင်းအများစုဟာလည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ဘဏ္ဍာငွေဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။

အဲဒါကြောင့် စပါးအသင်းဥက္ကဋ္ဌ ဒန်နီရယ်လီဗိုင်းက ဟယ်ရီကိန်းရဲ့ ပြောင်းရွှေ့ကြေးကို ၂၀၁၇ ခုနှစ်က ဘရာဇီးကြယ်ပွင့် နေမာအတွက် ဘာစီလိုနာအသင်းထံကို ပီအက်စ်ဂျီအသင်း ပေးချေလိုက်ရတဲ့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀၀ ဝန်းကျင် လိုချင်တယ်လို့ ဆိုလာတာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းအနေနဲ့ မန်ယူအသင်းဆီကို ပြောင်းရွှေ့ဖို့ထက် စပိန်လာလီဂါကလပ်အသင်းတွေဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ရဲ့ တရားဝင် ကမ်းလှမ်းလာမှုကို စောင့်မျှော်နေဖွယ်ရှိတယ်လို့လည်း စပါးအသင်းနည်းပြဟောင်း ဟယ်ရီရက်နက်က ပြောကြားခဲ့ပါတယ်။

# ချယ်လ်ဆီးကွင်းလယ်ကစားသမား ကန်တီအား ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာက ခေါ်ယူရန် စီစဉ်နေ

ရီးယဲလ်မက်ဒရစ်အသင်းဟာ အခုနွေရာသီဈေးကွက်အတွင်းမှာ ကစားသမားသစ်သုံးဦးကို ခေါ်ယူဖို့ ပြင်ဆင်နေပြီး အဲဒီကစားသမားသုံးဦးထဲမှာ ချယ်လ်ဆီးအသင်းရဲ့ ကွင်းလယ်ကစားသမား ကန်တီလည်း ပါဝင်နေတယ်လို့ သိရပါတယ်။

စပိန်သတင်းစာ အေအက်စ်ရဲ့ ဖော်ပြချက်မှာတော့ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ချယ်လ်ဆီးကွင်းလယ်ကစားသမားကန်တီ၊ ရင်းနက်စ်ကစားသမား ကာမာဗင်ဂါနဲ့ လိုင်လီကစားသမား ဆော်မာရီတို့ကို ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကန်တီဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေထဲကတစ်ဦးဖြစ်ပြီး ကစားသမားဘဝတစ်လျှောက်မှာ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်နဲ့ ယူရိုပါလိဂ်ဖလား တစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။




၂၀၁၆ ခုနှစ်က လက်စတာစီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား ရယူပေးနိုင်ခဲ့ပြီးနောက် ကွင်းလယ်ကစားသမားကန်တီကို ချယ်လ်ဆီးအသင်းက ခေါ်ယူခဲ့တာဖြစ်ပါတယ်။

နည်းပြ ဖရန့်လမ်းပတ်ရဲ့ ချယ်လ်ဆီးအသင်းကွင်းလယ်ပိုင်းမှာ မာဆင်မောင့်၊ ရို့စ်ဘာကလေ၊ လို့တက်ချိခ်၊ ဂျော်ဂျင်ဟိုတို့အပြင် လူငယ်ကစားသမားတွေလည်း အများအပြား ရှိနေတာမို့ ချယ်လ်ဆီးအသင်းက ကွင်းလယ်ကစားသမား ကန်တီကို ရောင်းချဖို့ ရှိနေတယ်လို့ သိရပါတယ်။

ဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းရဲ့ စပိန်လာလီဂါပြိုင်ဘက် ဘာစီလိုနာအသင်းကလည်း လက်ရှိအသင်းရဲ့ ကွင်းလယ်ကစားသမားနှစ်ဦးဖြစ်တဲ့ ဗီဒယ်နဲ့ ရာကီတစ်တို့ကို အခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ရောင်းချဖို့ စီစဉ်နေပြီး ကန်တီကို ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။




# ဥရောပတွင်သာ ၂၀၂၂ ထိ ဆက်ကစားမည်ဟု တိုက်စစ်မှူးကာဗာနီပြောကြား


ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီဟာ လာမယ့်ဘောလုံးရာသီမှာ တောင်အမေရိကကို ပြောင်းရွှေ့ကစားမှာမဟုတ်ဘဲ အနည်းဆုံး ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ဥရောပမှာပဲ ဆက်လက်ကစားမယ်လို့ ပြောကြားလာပါတယ်။

ဂိုးလ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်အရ ဘရာဇီးကလပ်ဖလာမန်းဂိုးအသင်းက တိုက်စစ်မှူး ကာဗာနီကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ တိုက်စစ်မှူးကာဗာနီရဲ့ ပီအက်စ်ဂျီအသင်းနဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ယခုနှစ်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်ပြီး ကာဗာနီအနေနဲ့ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာပြီး စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ ရှိနေတာဖြစ်ပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူးကာဗာနီဟာ ၂၀၁၃ ခုနှစ်မှာ နာပိုလီအသင်းကနေ ပီအက်စ်ဂျီအသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အဲဒီမတိုင်ခင်က ပါလာမိုအသင်းမှာ ကစားခဲ့တာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ဘောလုံးပြိုင်ပွဲများ မရပ်နားထားမီကာလအတွင်း ကာဗာနီဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ ၂၂ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ခုနစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

# အဂူရိုကို အင်ဒီပင်းဒီးယင့်အသင်းက ပြန်လည်ခေါ်ယူရန် စီစဉ်နေ




မန်စီးတီးတိုက်စစ်မှူး အဂူရိုဟာ ကစားသမားဘဝကို အင်ဒီပင်းဒီးယင့် အသင်းနဲ့အတူ စတင်ခဲ့တာဖြစ်ပြီး လက်ရှိမှာ မန်စီးတီးအသင်းဆီကနေ ပြန်လည်ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

အဂူရိုရဲ့ ကစားဖော်ဟောင်းတစ်ဦးဖြစ်တဲ့ ပူစီနာရီဟာ လက်ရှိမှာ အင်ဒီပင်းဒီးယင့်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်နေတာဖြစ်ပြီး တိုက်စစ်မှူး အဂူရိုကို ဗျူနိုအေးရိစ်ကို ပြန်လည်ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူးအဂူရိုဟာ မန်စီးတီးအသင်းနဲ့အတူ ၂၀၂၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားတာဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူး အဂူရိုက သူ့ရဲ့ကစားသမားဘဝကို မွေးရပ်မြေအာဂျင်တီးနားမှာပဲ ပြန်လည်ကုန်ဆုံးမယ်လို့ ဆုံးဖြတ်ထားတဲ့အတွက် နည်းပြပူစီနာရီကလည်း တိုက်စစ်မှူး အဂူရို အကြိုက်ဆုံးဖြစ်တဲ့ ကျောနံပါတ် ၁၀ ကိုလည်း ချန်ထားဆဲဖြစ်တယ်လို့ ဆိုပါတယ်။

**ငွေကြယ် - ရေးသားသည်**

**❖ လက်ရွေးစင်အသင်းအချို့မှ**

ဦးတင်မြင့်အောင်က တာဝန်ယူကိုင်တွယ်နေသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် လက်ရွေးစင် အမျိုးသမီးအသင်းအတွက် နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းနေသော်လည်း ရောဂါအခြေအနေကြောင့် ရပ်နားထားရခြင်း ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကိုလည်း နည်းပြပြောင်းလဲရန် စီစဉ်နေပြီး နိုင်ငံခြားသားနည်းပြခန့်အပ်ရန် ရှာဖွေလျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အသင်းအချို့တွင် နည်းပြအဖွဲ့ဝင်များ အတည်ပြုခန့်အပ်ခြင်းကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပြီး အစောဆုံးနှစ်လယ်ပိုင်း နောက်ပိုင်းမှသာ ဆောင်ရွက်နိုင်ဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းအပါအဝင် လူငယ်လက်ရွေးစင်အသင်းအားလုံးမှာ လေ့ကျင့်မှုရပ်နားထားသလို ယင်းအသင်းများယှဉ်ပြိုင်မည့် အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်ပြိုင်ပွဲအားလုံးမှာလည်း ရွှေ့ဆိုင်းထားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲကျင်းပမှု၊ လက်ရွေးစင်အသင်းလေ့ကျင့်မှုများကို ရပ်နားထားသော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ခံရသူများအတွက် နေရာ၊ အစားအသောက်နှင့် လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- စိုးညွန့်**

# အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်(၅)မျိုး ထောက်ပံ့ပေးဝေမှု မြင်ကွင်းများ



ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်(၅)မျိုးအား ထောက်ပံ့ပေးဝေလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ရဲမင်းထွန်း(ပြန်/ဆက်)



ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်(၅)မျိုးအား ဧပြီ ၁၅ ရက်က ရပ်ကွက်၊ ကျေးရွာများအရောက် ထောက်ပံ့ပေးဝေလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ကိုမင်း(ခရမ်း)



စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်(၅)မျိုးအား ဧပြီ ၁၅ ရက်က ထောက်ပံ့ပေးဝေလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-အောင်စိုးဖေ(မြင်းမူ)



နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စုတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်(၅)မျိုးအား ထောက်ပံ့ပေးဝေလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ထန်းဖုန်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းကြမ်းမြို့နယ် ရှင်ဖျင်ကိုင်းကျေးရွာအုပ်စုတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်(၅)မျိုးအား ဧပြီ ၁၅ ရက်က ထောက်ပံ့ပေးဝေ လျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ဇော်ဇော်အောင်(ပြန်/ဆက်)



ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဆင်ဘိုမြို့ မြင်သာကျေးရွာ၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်(၅)မျိုးအား ထောက်ပံ့ပေးဝေလျက်ရှိသည်ကို တွေ့ရစဉ်။
မျိုးမြင့်စိုး(ပြည်နယ်ပြန်/ဆက်)

ချင်းပြည်နယ် ထန်တလန်မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်(၅)မျိုးအား ဧပြီ ၁၅ ရက်က အိမ်အရောက် ဖြန့်ဝေပေးလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ယောန(ပြန်/ဆက်)





ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်များမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသော အခြေခံစားသောက်ကုန်(၅)မျိုးအား အိမ်အရောက် ဖြန့်ဝေပေးလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်ထွန်း(ပြန်/ဆက်)

# ရခိုင်ပြည်နယ်အတွင်း မြို့နယ်အားလုံးရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်(၅)မျိုး ဖြန့်ဝေမှုပြီးစီး

**စစ်တွေ မေ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည် ကာလအတွင်း အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီသည့် အခြေခံစားသောက်ကုန်(၅)မျိုးကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် မေ ၁၀ ရက်က စတင်ဖြန့်ဝေလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြို့နယ်အားလုံး၌ ဖြန့်ဝေပေးမှု ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင်ရှိသော အိမ်ထောင်စုများအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက်ထောက်ပံ့ပေးအပ်ခြင်းနှင့် မြို့နယ်ရုံးများတွင် လာရောက်ထုတ်ယူကာ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား လျာထားအိမ်ထောင်စု ၂၆၁၄၈၅ စုရှိကြောင်း သိရသည်။ စစ်တွေခရိုင်ရှိ မြို့နယ်လေးမြို့နယ်၌ အိမ်ထောင်စု ၈၃၉၄၆ စုရှိရာ ယနေ့နံနက်ပိုင်းက စတင်ပြီး ပုဏ္ဏားကျွန်းမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့တွင် ဆက်လက်ဖြန့်ဝေရန် ကျန်ရှိသည့် အိမ်ထောင်စု ၂၀၅၈၈ စုကို ဆက်လက်ဖြန့်ဝေနိုင်ခဲ့သည်။ ထိုနည်းတူ ကျောက်ဖြူခရိုင်ရှိ မြို့နယ်လေးမြို့နယ်၌ လျာထားအိမ်ထောင်စု ၃၀၁၄၈ စုရှိရာ အမ်းမြို့နယ်တွင် ဖြန့်ဝေရန် ကျန်ရှိနေသည့် အိမ်ထောင်စု ၁၂၄၁ စုကို ယနေ့တွင် ဖြန့်ဝေပေးနိုင်ခဲ့ပြီး သံတွဲခရိုင်ရှိ မြို့နယ်သုံးမြို့နယ်၌ လျာထားအိမ်ထောင်စု ၄၀၁၅၈ စုရှိပြီး သံတွဲမြို့နယ်တွင် အိမ်ထောင်စု ၃၀၅၀ စုနှင့် တောင်ကုတ်မြို့နယ်တွင် ၄၈၅၄ စုတို့အား ယနေ့နံနက်ပိုင်းက ဆက်လက်ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်၌ နိုင်ငံတော်မှ ဖြန့်ဝေသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် ဆန်(၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ဆား(၅၀)ကျပ်သား၊ ပဲ(၁)ပိဿာနှင့် ကြက်သွန်နီ(၁)ပိဿာတို့ကို ထောက်ပံ့ပေးအပ်လျက်ရှိရာ မေ ၁၅ ရက်တွင် မြို့နယ် ၁၇ မြို့နယ်၌ ဖြန့်ဝေရန် လျာထားသည့် အိမ်ထောင်စုဝင်အားလုံးကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။



**တင်ထွန်း(ပြန်/ဆက်)**

# သီပေါမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၃၄၀၉ စုအတွက် ငါးရက်မြောက်နေ့အဖြစ် အခြေခံစားသောက်ကုန်များ ဆက်လက်ထောက်ပံ့

**သီပေါ မေ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားကုန် (၅)မျိုးကို မေ ၁၁ ရက်က စတင်ပြီး ကူညီထောက်ပံ့ ပေးအပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံစားကုန်ဖြန့်ဝေမှုကော်မတီဝင်များ၊ မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးပရဟိတအသင်းများသည် ယနေ့နံနက် ၉ နာရီက သီပေါမြို့နယ် မိုင်းလင်း၊ ကွန်ခိုက်၊ မန်ဆန်း ကျေးရွာအုပ်စုများမှ ဒေသခံ အိမ်ထောင်စု ၁၅၇ စုအတွက် တစ်အိမ်ထောင်လျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ (၁)ပိဿာနှင့် ဆား (၅၀) ကျပ်သားတို့ကို ကျေးရွာအရောက် စနစ်တကျ ဖြန့်ဝေပေးအပ်ခဲ့ကြသည်။



သီပေါမြို့နယ်အနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၇၈ အုပ်စုတို့မှ အိမ်ထောင်စု ၃၄၀၉ စုသို့ ပံ့ပိုးပေးလျက်ရှိရာ ကျန်ရှိသည့် ကျေးရွာအုပ်စုများအား မေ ၁၇ ရက်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များ ရိက္ခာလုံလောက်စွာဖြင့် ကျန်းမာရေးစောင့်ရှောက်ထား

**ရန်ကုန် မေ ၁၅**

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကြောင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို မတ် ၂၆ ရက်ကစတင်ပြီး ယာယီပိတ်ထားသော်လည်း တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များအတွက် အစာလုံလောက်မှုရှိကြောင်း သိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်သည့်ဧည့်သည်များ ဝင်ထွက်မှုကို ယာယီပိတ်ထားသော်လည်း ဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များကိုအစာကျွေးခြင်း၊ သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းတို့နှင့်အတူ တိရစ္ဆာန်များ၏ ခြံဝင်းသန့်ရှင်းရေးနှင့် ဥယျာဉ်အတွင်းရှိ သစ်ပင်ပန်းမန်ပျိုးထောင်ခြင်းတို့ကို ဝန်ထမ်းများက ပုံမှန်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် စီမံမန်နေဂျာ ဦးမျိုးကျော်သူက “ဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များအတွက် ရိက္ခာကိုပြင်ပမှတင်ဒါစနစ်ဖြင့် ဝယ်ယူပါတယ်။ လက်ရှိရိက္ခာတွေက တိရစ္ဆာန်အားလုံးအတွက် လုံလောက်ပါတယ်။ ဝန်ထမ်းများက ယခင်အတိုင်း ပုံမှန်လုပ်ငန်းကို လုပ်နေပါတယ်။ ဝန်ထမ်းအင်အား ၂၀၀ ကျော်ရှိပြီး အနည်းငယ်လျှော့ကာ အဆိုင်းခွဲလုပ်နေပါတယ်။ အစာကျွေးခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းတို့ကို လျှော့ချထားခြင်း မရှိပါဘူး” ဟု ပြောကြားသည်။

တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ တိရစ္ဆာန်များနှင့်အများဆုံးထိတွေ့ရသည့် ဝန်ထမ်းများကို ကျန်းမာရေးနှင့်ပတ်သက်သည့် ဆောင်ရန် ရှောင်ရန်များကို ယခင်ကထက် တိုးမြှင့်လုပ်ဆောင်ပြီး နေ့အလိုက်ပိုးသတ်ဆေးဖျန်းခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့ရှိ တိရစ္ဆာန်ဥယျာဉ်များကိုလည်း မတ် ၂၆ ရက်က စတင်ပြီး ယာယီပိတ်ထားသည်။

**အောင်သူရ**

# ကျောက်တံခါးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်တံခါး မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မေ ၁၄ရက်က ကျောက်တံခါးမြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျေးရွာများနှင့်မြို့ပေါ်ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများ၊ ကျေးလက်ဆေးပေးခန်းများ၊ ဆေးရုံများ၊ ဈေးများ၊ လူအများသွားလာသည့် ကားဂိတ်နေရာများ၊ ဘူတာရုံများ၊ မြို့အဝင်စစ်ဆေးရေးဂိတ်များတွင် ရေပိုက်များသွယ်တန်းပေးခြင်း၊ ရေပုံးများထားရှိပေးခြင်း၊ အများသုံး လက်ဆေးဘေစင်များ တပ်ဆင်ပေးခြင်း၊ ရေပုံးရေခွက်များ၊ လက်ဆေးဆပ်ပြာများထားရှိပေးခြင်း၊ အသိပညာပေးဗီနိုင်းပိုစတာများ တပ်ဆင်ပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများအား လက်တွေ့ရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် ဝန်ထမ်းများက ယူနီဆက်မှ ရန်ပုံငွေကျပ် ၃ ဒသမ ၂၅ သန်းဖြင့် ထောက်ပံ့ပေးသော လက်ဆေးဘေစင်များနှင့် ဆက်စပ်ပစ္စည်း ၆၇ စုံတို့ကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။ **နေလင်း(ညောင်လေးပင်)**

# ထီးချိုင့်မြို့နယ်၌ အခြေခံစားသောက်ကုန်(၅) မျိုး ဆက်လက်ထောက်ပံ့ပေးအပ်

**ထီးချိုင့် မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်က ထောက်ပံ့ကူညီပေးသည့် အခြေခံ စားသောက်ကုန် ပစ္စည်း(၅) မျိုးကို ယနေ့နံနက် ၁၀ နာရီက မြို့မအားကစားကွင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ထောက်ပံ့ပေးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ ထောက်ပံ့ပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ အုပ်စုတို့မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၇၀၃၀ စုတို့အတွက် အိမ်ထောင်စု



တစ်စုလျှင် ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကြက်သွန် (၁) ပိဿာ၊ ပဲ (၁) ပိဿာတို့အား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများမှတစ်ဆင့် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲလင်းထွန်း(ထီးချိုင့်)**

# သင်္ကြန်ရင်ခုန်သံအစီအစဉ်

# ‘မောင်တို့ချယ်ရီမြေ ’ ရုပ်ရှင်ဇာတ်ကား စကားဝိုင်းကျင်းပ

မှတ်တမ်း - အောင်ကျော်ထက်
(မြန်/ဆက်)

**ကိုရိုနာဗိုင်းရပ်စ် (COVID–19) ကြောင့် မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ရန်အတွက် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကို ထပ်ဟပ်စေသည့် “မောင်တို့ချယ်ရီမြေ” ရုပ်ရှင်ဇာတ်ကား၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသခဲ့ပါသည်။**


အကယ်ဒမီ ဆွေဇင်ထိုက်


ထပ်ဆင့်အကယ်ဒမီခင်သန်းနု


မယ်ဒဂုံ မေမြင့်ရီ


အကယ်ဒမီ အောင်လွင်

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အစီအစဉ်မှူးအဖြစ် အကယ်ဒမီ ဆွေဇင်ထိုက်၊ ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ခဲ့သော ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု၊ သရုပ်ဆောင် မယ်ဒဂုံမေမြင့်ရီ၊ လက်ထောက်ဒါရိုက်တာအဖြစ်ပါဝင်သူ အကယ်ဒမီ အောင်လွင်တို့၏ ပါဝင်ဆွေးနွေးခဲ့မှုများကို ဖော်ပြလိုက်ရပါသည်–

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ မမအနေနဲ့ ရုပ်ရှင်မင်းသမီး ကာရိုက်တာ ဇာတ်လည်းပါတယ်။ ဆယ်ကျော်သက်အရွယ် မိန်းကလေးတွေရဲ့ လွတ်လပ်မှုကို မြတ်နိုးတဲ့ ဇာတ်ကောင်စရိုက်ကနေ ပါတာဆိုတော့ ဒီဇာတ်ကောင်စရိုက်နဲ့ ပတ်သက်လို့ အမှတ်တရ ဘာများပြောချင်ပါလဲဆိုတာ နားထောင်ကြည့်ချင်ပါတယ်။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ အဲဒီတုန်းက ဆယ်ကျော်သက်ပေါ့။ ၁၇ နှစ်နဲ့ ၄ လလောက်ပဲရှိသေးတယ်။ ကိုဝင်းဦးနဲ့ဆိုရင် ဒုတိယကားပေါ့။ မန္တလေးရုပ်ရှင်နဲ့ရိုက်တာဆိုတော့ နည်းနည်းပျော်တာပေါ့။ နာမည်ကြီးရုပ်ရှင်ကုမ္ပဏီဆိုတော့လေ။ အစ်ကိုက နိုင်ငံခြားကနေယူလာတာ။ သူမင်းသားဖြစ်ရင် ရိုက်မယ်ဆိုတဲ့ဇာတ်လေးပေါ့။ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ရိုက်မှာကလည်း သင်္ကြန်ဇာတ်လမ်းလေး ဆိုတော့ ဝမ်းသာပြီး လက်ခံလိုက်တာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ သိပ်ကို လိုက်ပါတယ်။ ဦးဝင်းဦးနဲ့ မမနဲ့ နှစ်ယောက်အခန်းတွေက ဘယ်တော့မှ ကြည့်လို့မဝပါဘူး။ နှစ်တိုင်းနှစ်တိုင်း သင်္ကြန်တွေမှာဆိုရင်လည်း အမှတ်တရပေါ့။ ဒီကားက ဇာတ်ဖွဲ့စည်းပုံရော၊ သရုပ်ဆောင်တွေရော ကောင်းတဲ့အတွက်ကြောင့် အမှတ်တရအနေနဲ့ ဂန္တဝင်အဖြစ်နဲ့ကို ဂုဏ်ယူပြီးပြရတာဖြစ်ပါတယ်။ အခုလိုမျိုး လာပြီးပြောကြားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ သင်္ကြန်လည်း အမှတ်တရဖြစ်ပါစေ။ နောက်နှစ်(၁၀၀)ရုပ်ရှင်ပွဲတော်အတွက်လည်း မမတို့လို အဖိုးတန်တဲ့ ပုဂ္ဂိုလ်များများဆီက ရနိုင်သရွေ့ လိုချင်တယ်ဆိုပြီး မေတ္တာရပ်ခံပါတယ်။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ပြောနိုင်သရွေ့ ပြောသွားမှာပဲ။ ပြောချင်တာတွေက များနေတယ်။ ကိုယ်က ဒီဇာတ်ကားလေးထဲမှာ ရုပ်ရှင်မင်းသမီးဖြစ်စဆိုတော့ အံကျသွားတာပေါ့။ ကိုဝင်းဦးကလည်း မင်းသားဖြစ်ချင်တဲ့ သူပေါ့နော်။ သူပြောတဲ့နောက်ကြောင်းလေးတွေမှာ ပေါ်ပါတယ်။ မနုက အဲဒီမှာ ရုပ်ရှင်မင်းသမီးရဲ့ ဘဝဆိုတာက အားလုံးက ချစ်ကြခင်ကြတယ်။ ရေပက်တယ်ဆိုရင်လည်း ခင်သန်းနုဆိုရင် အများကြီး မွှန်းနေအောင် ပက်တာမျိုးပေါ့။ အကျဉ်းအကျပ်တွေရှိနေတဲ့ ဘဝမျိုးကနေ လွတ်ထွက်ပြီးတော့ အရပ်သူလေးအဖြစ်နဲ့ ငါဘယ်ကို သွားလိုက်မယ်။ ဒါဆို ငါလွတ်လွတ်လပ်လပ်ရှိမယ်ဆိုတဲ့ ကလေးဆန်ဆန်စိတ်ပေါ့။ အဲဒါ ငယ်ငယ်တုန်းကပေါ့။ အခုပြန်ကြည့်တော့မှ ကြက်သီးထနေတယ်။ ငါ့ကို အစ်ကိုက Character ထည့်ထားတာကိုက ရုပ်ရှင်မင်းသမီးသစ်ကလေး ခင်သန်းနုဆိုပြီးတော့ နည်းနည်းလွတ်လပ်ချင်တဲ့စိတ်ကလေးရှိတဲ့ အမျိုးသမီးသရုပ်မှာ ထည့်ထားတာတော့ နည်းနည်းထူးခြားတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ သိပ်ကို ခေတ်ဆန်ပါတယ်။ ကျွန်မတို့ အခုချိန်ထိကြည့်ရင် ဒီမြန်မာအမျိုးသမီးတစ်ယောက်ရဲ့ Character က Private Space ပေါ့။ သူရဲ့လွတ်လပ်မှုကို သူရအောင် ယူသွားတာကို ကျွန်မတို့ အားကျရပါတယ်။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ရအောင် ယူတာတင်မကဘူး။ ပရိသတ်မေ့သွားအောင် ကိုယ်နဲ့ ကိုဝင်းဦးကြားမှာ ဒီ Effect တွေ မလာတော့ဘူး။ နဂိုက လူကြီးတွေ ဆုံးမတယ်မလား။ တစ်ယောက်တည်းသွားဖို့နေနေသာသာ သိပ်ပြီး အပြင်တောင် မထွက်စေဘူး။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ နောက်တစ်ခု ဆက်ပြီး မမဆီက ကြားချင်တာကတော့ အဲဒီတုန်းက လူတွေအများကြီးကြားထဲမှာ ရေပက်ခံရတဲ့အကြောင်းပါ။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ အဲဒါပြဿနာ။ မှန်တာပြောရင် ခင်သန်းနုကလည်း အကြမ်းခံရေစိမ်ဆိုပြီး ရွေးတယ်ထင်ပါတယ်။ သင်္ကြန်ဘာဖြစ်တုန်း ရိုက်၊ နားလိုက်၊ ရိုက်လိုက်ပေါ့။ မနုက Chest တွေ ဘာတွေ သိပ်မကောင်းဘူး။ ဒါပေမဲ့ ချေးမများဘူး။ ကိုဝင်းဦးကိစ္စဆိုလည်း ဦးအောင်လွင်က နောက်ကဘက်စုံဖြည့်ပေးတဲ့သူဆိုတော့ ဦးအောင်လွင်တို့ သိပါတယ်။ ပရိသတ်တွေကလည်း ကိုယ့်ကို အားပေးကြတယ်။ အစ်ကိုဝင်းဦးကလည်း အားပေးတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ အဲဒီတုန်းက ရေကစားကြတာ မဏ္ဍပ်တွေမှာ လူတွေက စင်နဲ့မဟုတ်ဘူး။ မြေပြင်ပေါ်မှာပဲ ဖလားနဲ့ပက်ကြတာပေါ့။

**ထပ်ဆင့်အကယ် ဒမီခင်သန်းနု။** ။ စင်မဟုတ်ပေမယ့်လည်း မျိုးစုံရှိတာပေါ့။သူ့ခေတ်လေးတွေနဲ့ သူပေါ့။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ဖလားတွေနဲ့ ပက်ကြတာပေါ့။ ပက်ကြတဲ့ကြားထဲကနေ မမတို့ဖြတ်သွားတဲ့အခန်းလေး ပြောပြပေးပါ။

**ထပ်ဆင့်အကယ် ဒမီခင်သန်းနု။** ။ အဲဒါက ပြောရရင် ကိုယ့်ပက်မယ့် အမျိုးသားတွေ အုပ်လိုက်ကြီး၊ ကိုဝင်းဦးကလည်း ချောချောလေး၊ မနုကတော့ သူ့ရှေ့ကနေ အရင်ပက်ခံရတာပေါ့။ အခုခေတ်နဲ့ တူလား၊ မတူလားတော့ မသိပါဘူး။ အခုခေတ် သင်္ကြန်ကတော့ ဘယ်လိုမှန်းတောင် မသိပါဘူး။ ကိုယ့်လည်း ယောကျ်ားတွေကပက်၊ သူ့လည်း မိန်းကလေးတွေက ပက်တော့ ယောက်ယက်ခတ်ပြီးတော့ သူက ကယ်လိုက်တာပေါ့။ ပထမဦးဆုံး ကယ်တင်ရှင်လုပ်လိုက်တာပေါ့။ ဇာတ်လမ်းအရ ကိုဝင်းဦးက ကယ်တင်ရှင်အနေနဲ့ မနုကို ဆွဲထုတ်တဲ့အခန်းလေးကလည်း အင်မတန်မှ ကောင်းပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ကြည့်လို့လည်း အလွန်ကောင်းပါတယ်။ ဂျစ်ကားလေးနဲ့ နှစ်ယောက်လည်ကြတယ်။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ဂျစ်ကလည်း သူက အခြေအနေကြည့်ပြီး တင်သွားတာထင်တယ်။ မနုကလည်း အထာတွေ သိပ်ပေးနေရင် ခေါ်မှခေါ်မှာပေါ့။ မင်းက ဘာလို့ ရယ်နေတာတုန်းတဲ့။ ငါ့ကို မကြောက်ဘူးလားတဲ့၊ မကြောက်ပါဘူးလို့၊ ကိုယ်ကလည်း တကယ်လို့ ယောကျ်ားလေးက ကြောက်လားလို့ မေးရင် ဘာပြောရမလဲ၊ ကိုယ်ကတော့ ဘာမှ မဟုတ်ဘူး။ ကြောက်လားဆို မကြောက်ဘူးပေါ့။

**အကယ်ဒမီအောင်လွင်။** ။ အတွေ့အကြုံရှိပြီးသား မင်းသမီး တစ်ယောက်အနေနဲ့ ပြောရတာပေါ့။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ သူက ပဲများပြောနေရသေးတယ်ပုံစံလေးပေါ့။ အဲဒါနဲ့ မကြောက်ဘူးဆိုတာနဲ့ ကားပေါ်ပါသွားရော။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ဇာတ်ကွက်တွေအကြောင်း ပြောကြည့် တာပေါ့။ ဇာတ်ကွက်တွေထဲမှာ မမရဲ့အစား သင်္ကြန်ကားကြီးပေါ်မှာ လူစားဝင်ပြီးတော့ မမမေမြင့်ရီက ပြီးတော့ ဝင်သွားတာတွေ့တယ်။ အဲဒီအခန်းလေး မစခင်မှာလည်း ဦးဝင်းဦးကနေပြီးတော့ ခင်သန်းနုနဲ့တွေ့ချင်လို့ လာတဲ့အခါမှာ စိန်ဂျွန်းဦးထွန်းရွှေကလည်း ထွက်လာတယ်။ စိန်ဂျွန်းဦးထွန်းရွှေရဲ့ သရုပ်ဆောင်မှုကလည်း အလွန်ကောင်းတယ်။ အဲဒီကားကြီး တစ်ကားလုံးမှာ တစ်ယောက်တည်းနဲ့ Shape Shifter လုပ်နေတာ တွေ့တယ်။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ မမြင့်ကလည်း ပွဲ့ပိုးပေးပါတယ်။ ဦးသန်းနွဲ့လည်း ပါသေးတယ်။ သူလည်းကောင်းတယ်။ ကိုအောင်မိုးလည်းပါတယ်။ အားလုံးချစ်စရာပဲလေ။ ကိုယ်က အသစ်ကလေးဆိုတော့ Experience ရှိပြီးသား။ သူတို့က ကူညီပေးလိုက်တဲ့အခါကျတော့ ကိုယ်က မြင့်တက်သွားတာပေါ့။ ကျေးဇူးတင်ပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ အစ်မတို့ နှစ်ယောက်တိုက်တဲ့အခန်းကို သတိထားမိတာကတော့ လူစားမလဲခင်မှာ သင်္ကြန်လျှောက်လည်ချင်တဲ့အကြောင်းကို ပြောတဲ့အခါ အဲဒီတုန်းက အမှတ်တရလေးတွေ ဘာများရှိလဲ ကြားချင်ပါတယ်။

**သရုပ်ဆောင် မေမြင့်ရီ။** ။ အဲဒီတုန်းက ခင်သန်းနုက သင်္ကြန် အလွန်လည်ချင်တာပေါ့။ အပြင်ကို လစ်ထွက်မယ်ဆိုပြီးထွက်တော့ မမြင့်ကလည်း သူ့အင်္ကျီပေါ်မှာ ကြယ်သီးလေးကိုတပ်တော့ အပ်စူးတဲ့အခါ တင်ချာသွားယူနေတုန်း သူက ဦးထုပ်ဆောင်းပြီး ထွက်သွားပြီ။ ဟဲ့ ခင်သန်းနု ခေါ်တဲ့အခါကျတော့ မရှိတော့ ဘယ်ရောက်သွားလဲဆိုပြီး လိုက်ရှာတော့ မတွေ့ဘူး။ မတွေ့တော့ အကြံရတယ်။ ခင်သန်းနု အဝတ်အစားတွေ ဝတ်ပြီးတော့ ပင်လယ်ဓားပြပုံစံ ထွက်တာပေါ့။ ကိုထွန်းရွှေကလာတော့ ခင်သန်းနုခေါ်လို့မရှိတော့ မမြင့်က မျက်နှာဖုံးလေးတပ်ပြီးတော့ ဒီမှာ ခင်သန်းနုပေါ့။ မေမြင့်ရီ ဘယ်လိုဖြစ်တာလဲပေါ့။ ခင်သန်းနုက သွားပြီဆိုတော့ ဒုက္ခပဲဆိုကာ မမြင့်ကို အစားထိုးတာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ အဲဒီတုန်းက ရုပ်ရှင်ကားတွေရဲ့ Promotion အနေနဲ့လည်း ဒီ Character တွေကိုပါ စင်ပေါ်တင်ပြီး လှည့်လည်သွားလာတာက သိပ်ကို ခေတ်မီပါတယ်။ Plot အနေနဲ့လည်း သိချင်ပါတယ်။ တကယ်ဆိုရင် မမက ရုပ်ရှင်ထဲမှာ Celebrity ဖြစ်ပြီးသားပေါ့။ ဟိုက ရိုးရိုးလူတစ်ယောက်အနေနဲ့ပေါ့။ ရိုးရိုးလူတစ်ယောက်ကနေပြီး Celebrity မှန်းမသိဘဲနဲ့ ကိုကိုရေ၊ ချစ်ချစ်ရေဆိုပြီး ချစ်သွားကြတာလေ။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ဒါကလည်း ဇာတ်ကောင်ရဲ့ ပရိယာယ်ကို ကိုယ်က သုံးလိုက်ရတာပေါ့။ တစ်ယောက်အကြောင်း တစ်ယောက် ပြောနေကြတုန်း အစ်ကို့အကြောင်းလေး ပြောပြပါဦးဆိုတော့ သူလည်းပြောတယ်။ ညီမအကြောင်းလည်း ပြောပါဦးဆိုတော့ ကိုယ်ကလွဲပြီး ပြောတဲ့အခန်းလေးလည်း ကောင်းပါတယ်။ ကိုယ့်နာမည် ချစ်ချစ်လေ ဘာလုပ်စားလဲ၊ သူများတွေကို ညာတာလုပ်တယ်ဆိုတော့ မျက်လှည့်လားဆိုတော့ ဟုတ်တယ်။ နောက်ပြီး ပူလည်းပူတယ်လေဆိုတော့ ပင်ပင်ပန်းပန်းလည်း လုပ်လားဆိုတော့ ဟုတ်တယ်ဆိုပြီး Follow လိုက်ပြီး ဖြေသွားတာလေးကလည်း ချစ်စရာလေး ဖြစ်သွားတာပါ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ သတိထား မိပါတယ်။ Celebrity တစ်ယောက်ရဲ့ ဘဝကိုလေ။ အဲဒီ Character ဆိုတာ မြင်ရပါတယ်။ ခေါ်ကြတဲ့နာမည်တွေကလည်း ချစ်ချစ်နဲ့ ကိုကိုဆိုတော့ ခေတ်မီနေတုန်းပဲ ဖြစ်ပါတယ်။ နောက် အဲဒီလို Conflict တစ်ခုက ရှိတာပေါ့။ မင်းသမီးဆိုတာ သူသိသွားတဲ့အချိန်မှာ ပေါက်ကွဲကြတာပေါ့။ အဲဒီဇာတ်ဝင်ခန်း မှတ်မိသလောက်ကနေပြောပြပါ။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ သူက ချစ်ချစ်လို့ပဲ တကယ် ထင်ပြီး အလိမ်ခံရသလိုဖြစ်တော့ ခင်သန်းနုကသိတယ်။ ခင်သန်းနုကတော့ ဘာမှမဖြစ်ဘူးလေ။ သူ့ကိုပဲ သွားဆွဲခေါ်တာ။ လာပါအစ်ကိုနဲ့၊ အခုဆို အဲဒီလို ခေါ်မလား။ ခေါ်လို့တောင် ချေနေကြဦးမှာ။ အဲဒီလိုခေါ်ပြီး ထိုင်တော့ ကိုယ်က စိတ်ဆိုးနေလားဆိုတော့ စိတ်မဆိုးပါဘူးတဲ့။ ဘာဆိုးစရာရှိမှာလဲတဲ့။ သူ့ကိုယ်သူ ဘာမှမဖြစ်သလို သူကလည်းနေတယ်။ ဖိတ်ထားတာလည်း လာမယ်လို့ ပြောတာပဲကို၊ ဘာတို့ပေါ့။ သူပြောတဲ့အပေါ်မှာ လိုက်ပြီးတော့ မေးခွန်းထုတ်တာတွေကလည်း ပညာသားလေးတွေ ဖြစ်ပါတယ်။ ဇာတ်ညွှန်းရေးသားတဲ့နေရာမှာ အလုပ်ဖြစ်အောင်၊ ဇာတ်ဖြစ်အောင်၊ ပြည်သူလူထုလက်ခံအောင် ရေးထားတဲ့ အစ်ကိုရဲ့စွမ်းအားတွေ တွေ့မယ်၊ မနုလို မင်းသမီးဖြစ်စလေး လှအောင်၊ ပအောင် ကင်မရာမီး Lighting တွေ ဂရုတစိုက်ဆိုတော့ ခင်သန်းနုက လှသလိုပေါ့။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ မမတို့နှစ်ယောက်စလုံး ဝတ်ထားတဲ့ အဝတ်အစားတွေမှာ ထုပ်ကြယ်သီး၊ ပန်းကြယ်သီးတွေနဲ့ ရင်ဖုံးအင်္ကျီက အခုပြန်ပြီး ခေတ်စားလာတာပေါ့။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ကံကောင်းတာကလေ ၅၇ နှစ် ကြာသည့်တိုင်အောင် ဒီအင်္ကျီ Fashion ကလည်း မရိုးသွားဘူး။ ကြည့်လို့ကောင်းတုန်း။ ကိုဝင်းဦးကလည်း အသက် ၂၈ နှစ်ကျော်ပဲ ရှိသေးတယ်။ သူက နုပျိုတုန်း အလွန်လှတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ Fashion တွေကလည်း ခေတ်မီနေတုန်းပါပဲ။ သရုပ်ဆောင်ကြတဲ့ Acting တွေကလည်း ကြည့်ရတဲ့သူတွေအတွက် ဟိုးကတည်းက မြန်မာ့ရုပ်ရှင်မှာ Method Acting ကို သုံးတယ်ဆိုတာ တွေ့ရပါတယ်။ ဘာလို့လဲဆိုတော့ မျက်လုံးတွေမှာပြတဲ့ ခံစားချက်တွေက Coner of the Eye လို့ ခေါ်တဲ့ မျက်လုံးရဲ့ အစွန်းတွေထိပါ အလုပ်လုပ်နေတာ တွေ့ရတယ်။ အလွန်ပြောင်မြောက်တာ တွေ့ရပါတယ်။ စာမျက်နှာ ၃၀ သို့ ■

■ စာမျက်နှာ ၂၉ မှ

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ဒါ ကိုယ့်ကံပဲပေါ့။ Theory တွေချည်းပဲဖတ်နေတိုင်းလည်း မရဘူး။ ကိုယ့်ခံစားချက်က Feeling ရော၊ Mood ရော၊ ဇာတ်ကားစိတ်ဝင်စားမှုရော၊ Lighting ရော၊ Make-Up ရော ပြည့်စုံလိုက်ရင် အသွေးအသားတွေကနေ ပြုပြီးလုပ်တဲ့အခါမှာ မင်းသားကလည်း သူကြိုးစားရတာ သူ့ဘက်က မနုကလည်း အစ်ကိုနဲ့ အပြိုင် လုပ်ရတာလေ။ အထူးတလည် ဒီလိုလုပ် ခင်သန်းနုလို့ မပြပါဘူး။ ဇာတ်အသားလေးပဲ ချပေးတော့မှ ကိုယ့်ဟာကိုယ် ထင်ရာမြင်ရာလုပ်ပြီး ကယ်မပြီးလုပ်ရတာ။ သူလည်း ကိုယ့်မကယ်နိုင်ဘူး။ ကိုယ်လည်း သူ့မကယ်နိုင်ဘူး။ ဆရာ ဦးတင်ယုက Lighting ကို သေချာလှအောင် ရိုက်ပေးတယ်။ နင်တို့ကောင်းအောင်ကြည့်လုပ်ကြ၊ ဇာတ်ညွှန်းအတိုင်းပဲ လုပ်ကြဆိုတော့ ကိုယ်လည်း ရေထဲကို ကန်ချခံလိုက်ရတဲ့ သားသမီးတွေလိုပဲ ယက်ကန်ယက်ကန်နဲ့ ဒီလိုနဲ့ ၅၇ နှစ်တိုင်အောင် "မောင်တို့ချယ်ရီမြေ" က ထင်ပေါ်နေတာပေါ့။ ဝမ်းသာမိပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ သတိထားမိတာDialogue လို့ခေါ်တဲ့ စကားလုံးတွေ၊ ဒီစကားလုံးတွေက တစ်ခုနဲ့တစ်ခု ချိတ်သွားတယ်။ Junk ဆိုတဲ့ အပိုတစ်ခုမှ မပါဘူး။ ဦးဝင်းဦးက ရေးပေးလိုက်တဲ့စကားလုံးတွေကို မနုအနေနဲ့ သရုပ်ဆောင်တဲ့အခါမှာ အခက်အခဲများ ဘာရှိခဲ့သလဲ။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ဘာမှ မရှိပါဘူး။ အစ်ကိုကလည်း တိုတိုလေးမေးတယ်။ မနုကလည်း တိုတိုလေးဖြေတယ်။ အစ်ကိုကလည်း တစ်မျိုးပဲနော်၊ သူက ဖြေတယ်။ အင်း၊ သူကလည်း တစ်မျိုး၊ နှစ်ယောက်ဆိုတော့ နှစ်မျိုးပေါ့နော် အစ်ကိုဆိုတော့ ဘာခက်တာမှတ်လို့၊ Dialogue က ခက်မနေဘူး။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ နောက်ဆုံး သီချင်းလေးက Romantic ဖြစ်ပါတယ်။ အခုခေတ်ကလေးတွေ ပြောနေတဲ့ စကားနဲ့ဆို ရိုတယ်ပေါ့။ ဒီလိုပြောရမှာပေါ့။ သီချင်းလေး ရိုက်ခဲ့တဲ့အခါတုန်းက အကြောင်းလေး ပြောပြပါဦး။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ နန်းသီတာ ဟိုတယ်မှာ တွေ့တဲ့အခန်းလေးမှာ ၁၀ နာရီလာမယ်လို့ ကြိုမပြောဘူး။ သူလာရင်လည်း လာမှာပေါ့လို့ပြောမှ ပေါ်ရတာ။ စကားတွေက မလိုအပ်ဘဲနဲ့ ကြိုမပြောဘူး။ အဲဒါကလည်း ကောင်းတယ်။ ဇာတ်ညွှန်းက လိုရင်းတိုရှင်းပဲသွားတာ။ မင်းသမီးအသစ်အတွက် သက်လည်းသက်သာတယ်။ အိုက်တင်လည်း သဘောကျကြတယ်။ မပိုမလိုလေး လုပ်နိုင်တာပေါ့။ တော်လို့မဟုတ်ပါဘူး။ ဒါက ဦးဝင်းဦး၊ ဦးတင်ယု၊ ဦးအောင်လွင်တို့ အကုန်လုံးကတော်တော့ ကိုယ်က အသာလေးပဲ။ မမမြင့်တို့၊ ဦးထွန်းရွှေတို့၊ ဦးသန်းန္တဲ့တို့ကလည်း ပံ့ပိုးပေးတော့ ခင်သန်းနုက မြင့်မြင့်သွားတာပေါ့။



"မောင်တို့ချယ်ရီမြေ" ရုပ်ရှင်ဇာတ်ကားမှ ဝင်းဦးနှင့် ခင်သန်းနုတို့ သရုပ်ဆောင်ထားသည့် ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

**အကယ်ဒမီ အောင်လွင်။** ။ Team Work ပေါ့။ သူငယ်ချင်းတွေ အကုန်လုံး ချစ်ချစ်ခင်ခင်လုပ်တဲ့အတွက် ပိုကောင်းတာလို့ မြင်မိပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ သီချင်းဆိုတဲ့ အခန်း အကြောင်းလေး ပြောပြပါ။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ တကယ်တော့ ချစ်သူဆို နည်းနည်းလေး ဖက်ရရင် တော်ရောပေါ့။ တော်ရုံတန်ရုံ မင်းသားက မင်းသမီးရဲ့ဆံပင်ကို ဖွတယ်ဆိုတာ တိုင်ပင်ပြီးမှ ငါဖွမယ်လို့ ပြောမှလေ။ အခုက ဘာမှမပြောဘဲနဲ့ ရိုက်မယ်ဆိုပြီး လုပ်တော့ မလုပ်တတ်ရင် ကိုယ့်မှာ တစ်ဒုက္ခပဲ။ ဆံပင်တွေ ပွတ်တော့ ကိုယ်ကလည်း ကိုယ့်ဆံပင် အလှပျက်မှာဆိုးတော့ ပြန်ဆွဲချရတယ်။ အဲဒီလိုလုပ်တာ သူ့ကိုလည်း ကျေးဇူးတင်ရတာ၊ ကိုယ်လည်း အမူအရာ ရတာပေါ့။ အပေးအယူဆိုတာ အဲဒါပါပဲ။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ သင်္ကြန်ရောက်တိုင်းသင်္ကြန်ရောက်တိုင်း မောင်တို့ချယ်ရီမြေဇာတ်ကားကို ဂန္ထဝင်ကားအဖြစ်နဲ့ တင်ဆက်ရတာပေါ့။ တင်ဆက်တဲ့နေရာမှာ ကားကြီးရဲ့ တွဲဖက်ဒါရိုက်တာအနေနဲ့ပါလာတဲ့ ဦးအောင်လွင်အနေနဲ့လည်း ဘာများ မှတ်ချက်ပေးချင်ပါသလဲ။

**အကယ်ဒမီ အောင်လွင်။** ။ ထူးထူးခြားခြား မရှိပါဘူး။ အကုန်လုံးက သူငယ်ချင်းတွေလို အင်မတန်မှရင်းနှီးချစ်ခင်ပြီးတော့ ပြောမနာဆိုမနာဖြစ်တဲ့အတွက် မခင်သန်းနုက ဘာလုပ်ချင်တယ်ဆိုရင် ဘာလေးပံ့ပိုးပေးပေါ့။ တစ်ယောက်ကိုတစ်ယောက် အကူအညီပေးပြီးတော့ မေမြင့်ရီကိုဆိုလည်း ကိုအောင်မိုးနဲ့ ပတ်သက်လာရင် ညီအစ်မအရင်းတွေလိုဖြစ်နေတော့ အကုန်လုံးထွေးနေတဲ့အတွက် အလုပ်လုပ်ရတာ ပိုကောင်းပါတယ်။ ဆရာ ဦးတင်ယုကလည်း ဖလင်တည်းဖြတ်တဲ့အခါ ကိုယ့်သဘောနဲ့ကိုယ် ဆက်ခွင့်ရတဲ့အတွက် ဝမ်းသာစရာကောင်းပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ မမနုအနေနဲ့ ဦးဝင်းဦးနဲ့ ဇာတ်ကား ဘယ်နှကား ရိုက်ခဲ့ပါလဲ။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ၁၂ ကားလောက် ရှိပါတယ်။

**အကယ်ဒမီ အောင်လွင်။** ။ မှုံရွှေရည်၊ ရုပ်ရှင်ရူးမလေး၊ မောင်တို့ ချယ်ရီမြေ၊ ကိုယ့်ချစ်သူဘယ်မှာရှိလဲ၊ ရည်းစားဓားပြကားတွေ စတာတွေပေါ့။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ဓာတ်ပုံတွေ ဘာတွေ ရိုက်ပြီး မရိုက်ဖြစ်တဲ့ကားလည်းရှိပါတယ်။ သက်တန့်ပေါ်က လူတစ်ယောက်၊ သိုး၊ မေတ္တာပန်း၊ ချစ်ဥယျာဉ်တို့ဖြစ်တယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ဦးဝင်းဦးကို အစောပိုင်းကာလကတည်းက အတူတူရိုက်လာခဲ့တာဟာ ဦးဝင်းဦးရဲ့ နောက်ဆုံးမပြီးလိုက်တဲ့ ရုပ်ရှင်ကားအထိ ရိုက်ဖြစ်ခဲ့တာ ပြောပြပေးပါ။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ဦးဆုံးကားမှာလည်း မမနုပဲ။ နောက်ဆုံး ခိုင်မာလာနှင်းဆီကျတော့လည်း သူနဲ့ရိုက်ရင်း မမနုကို အကြွေးဆပ်မှာပေါ့။ မှုံရွှေရည်တုန်းက အကယ်ဒမီရတော့ နင့်လည်းငါအကယ်ဒမီရအောင် လုပ်ပေးမယ်ဆိုတော့ ဝမ်းသာတာပေါ့။ ဒါပေမယ့် သူဆုံးပါးသွားတဲ့အခါကျတော့ ရှိတာလေးနဲ့ ဆက်ရိုက်သွားရတာပေါ့။ ဝမ်းနည်းစရာပေါ့။

**အကယ်ဒမီ အောင်လွင်။** ။ အဲဒါကိုဖြည့်ပြီး ရန်အောင်နဲ့ ပြန်ရိုက်ရသေးတယ်။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု။** ။ ပြန်ရိုက်တော့ အောင်မြင်ပါတယ်။ ကောင်းလည်းကောင်းပါတယ်။ ခိုင်မာလာနှင်းဆီက နှစ်ကိုယ်ခွဲလုပ်ရတာဖြစ်တော့ သူလုပ်စေချင်တဲ့အတိုင်း၊ သူပြောထားတဲ့အတိုင်း မနုကတော့ အကုန်လုပ်ပေးပါတယ်။ Team Work ဘာလို့ကောင်းသလဲဆိုတော့ မင်းသမီးကလည်း ကျွန်မသင်္ကြန်မှာ ဘယ်ရက်ပဲရမယ်။ ဘယ်အချိန်ပဲရမယ်ဆိုတာ မရှိဘူး။ နေ့လည်းမနား ညလည်းမအိပ်ဘဲလုပ်ကြတဲ့ဆန္ဒတွေ တူညီနေတဲ့အခါကျတော့ ဒီကားကကြွရွနေတာပေါ့။ ကြည့်လို့ကောင်းတာပေါ့။ ၅၇ နှစ် ကြာသည်အထိ ဒီလိုထင်ပေါ်ကျော်ကြားပြီး ပရိသတ်က စိတ်ဝင်စားဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ကံလို့ပဲ အောက်မေ့ပါတယ်။

**အကယ်ဒမီ ဆွေဇင်ထိုက်။** ။ ကောင်းလို့လည်း ဖြစ်ပါတယ်။ ကြိုးစားထားလို့လည်း ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ကတော့ မြန်မာ့ရုပ်ရှင်ဟာ နှစ် ၁၀၀ အထိ ရောက်လာခဲ့ပြီ။ ပါလာတဲ့လူတွေကလည်း တောက်လျှောက်တာဝန်ကျေစွာနဲ့ လုပ်လာခဲ့တဲ့လူမှ ဆန်ခါတင်ကျန်ခဲ့တာပါ။ ကျန်ခဲ့တဲ့လူတွေလည်း အများကြီးရှိပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားကို စပြီးတော့ သူ့ဦးနှောက်ထဲကနေ ဖန်တီးလာခဲ့တဲ့ ဦးဝင်းဦးကို ကျွန်မတို့အားလုံးက လေးစားစွာ ဂါရဝပြုပါတယ်။ ယခုစကားဝိုင်းမှာလည်း လာရောက်ပါဝင်ပေးခဲ့ကြတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ အမှတ်တရတွေအများကြီးနဲ့ ဦးဝင်းဦး အလွမ်းပြေဖြစ်ပါစေလို့ ဆုတောင်းရင်းနဲ့ အဆုံးသတ်လိုက်ပါတယ်။ ။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မြလမ်း၊ အမှတ်(၁၀)၊ မြေညီထပ်/ခေါင်းရင်းခန်းတိုက်ခန်းနှင့်တကွ ရေ၊မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လှဲ့လှဲ့လင်းဦး [၁၂/စခန(နိုင်)၀၅၀၀၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်သန်း [၁၂/သဃက(နိုင်)၀၆၈၇၀၈]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲမျိုးအောင် LL.B,D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၂၃၆၃၀)**
**အမှတ်(၁၂၅၂)၊ သီရိလမ်း၊ မေတ္တာညွှန့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၁၀၂၈၈၈၄၊ ၀၉-၇၉၈၄၃၂၄၂၀**

## ဒဂုံမြို့သစ်မြေကွက်များ ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း (၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၇၊ ၈၉၊ ၆၈၊ ၆၉) ရပ်ကွက်
ဒဂုံအရှေ့ပိုင်း(၁၀၈၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၃၀၊ ၁၃၂၊ ၁၃၃၊ ၁၅၅)ရပ်ကွက်
တ/ဒဂုံ(၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၄၆၊ ၁၄၇၊ ၁၅၃၊ ၁၅၄)ရပ်ကွက်
မ/ဒဂုံ(၄၈ $U_9$,$U_{10}$)နှင့် လမ်းမတန်း မြေကွက်များ ဝယ်လိုသည်။
**မြတ်တော်ဝင် ဖုန်း-09-425015277၊ 01-7539922၊ 09-798891857**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ စာတိုက်လမ်း၊ အိမ်အမှတ်(၆၀)နေ (ဦးခင်မောင်ဦး)- ဒေါ်ရင်လှ [၇/ညလပ(နိုင်)၀၁၅၀၇၅] ၏သမီး မရင်မွန်ဦးသည် မိခင်ကြီး၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒသဘောဖြင့် ပြုလုပ်သွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ (မေးမြန်းခြင်းသည်းခံပါ)
**မိခင်- ဒေါ်ရင်လှ၊ ညောင်လေးပင်မြို့**

## မီးဘေးရှောင် မလောင်ခင်တား









## ဦးကျော်သောင်း

**ကျောင်းအုပ်ဆရာကြီး (ငြိမ်း)၊ အမက(၃) ပန်းဘဲတန်း**
**ပန်းဘဲတန်းမြို့နယ် လူငယ်ဘင်ခရာကြီးကြပ်မှုကော်မတီ**
**(အတွင်းရေးမှူး)**
**ပန်းဘဲတန်းမြို့နယ်တရားသူကြီးဟောင်း**

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ ၄/၇၀၊ မြို့ပတ်လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးစိန်-ဒေါ်အေးမျှင်)တို့၏သား၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးသန့်ဇင်-ဒေါ်မေသက်နိုင်၊ ဦးကျော်စိုးမိုး-ဒေါ်ဇင်နွယ်ထွန်း၊ ဒေါ်မေမြင့်မိုး၊ ဦးအောင်ဆန်းထွန်း-ဒေါ်အေးမြခိုင်၊ ဦးကျော်စိန်ဝင်း-ဒေါ်ခင်သန္တာထွန်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်စိုး၊ ဒေါ်မြင့်မြင့်ခင်တို့၏အစ်ကိုသည် ၁၄-၄-၂၀၂၀ (အင်္ဂါနေ့) ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၄၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသန်းလွင်

**S.A.M.E (ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက် (၈၁) နှစ်**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်တောက်ထိန်လမ်း၊ အမှတ် (၆/၄၅)နေ (ဦးဖိုးခင်-ဒေါ်စိန်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်ရင်လှ)တို့၏ သားသမက်၊ (ဒေါ်စန်းရီ)၊ ဒေါ်နော်ရှီလာတို့၏ခင်ပွန်း၊ သား/သမီး ၁၁ ယောက်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁၃-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ကွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၀ ရက် နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်မြ

**လက်ထောက်ဦးစီး (ငြိမ်း)၊ ပြည်တွင်းအခွန်**

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၅၀)၊ (၄၆)လမ်း၊ ပထမထပ်နေ [ဦးမြ(အကောက်ခွန်)-ဒေါ်ထွေး]တို့၏ သမီးကြီး၊ (ဦးစိန်လှိုင်)-ဒေါ်ခင်စောမူတို့၏ ညီမ၊ ဦးမြအေး-ဒေါ်မြင့်ရည်၊ (ဦးသောင်းဆွေ)-ဒေါ်ယဉ်ယဉ်မြ၊ ဒေါ်သင်းသင်းမြ၊ ဦးမြအောင်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ငွေးဝင်းတို့၏ အစ်မ၊ ကိုအေးမင်းသူ(JSM Shipping Co.,Ltd)-မမျိုးမျိုးကျော်၊ ကိုထင်လင်းအောင်-မမွန်မွန်ကျော် (World Connect Travel & Tour Co., Ltd)တို့၏ မွေးသမိခင်၊ မောင်သီဟနိုင်(အထက-၅၊ ဗိုလ်တထောင်)၏အဘွား၊ ဦးတင့်လွင် (ဆောက်လုပ်ရေးဘော်လီဘောနည်းပြ)၏ချစ်လှစွာသောဇနီး ဒေါ်တင်တင်မြသည် ၁၄-၄-၂၀၂၀ ရက် ည ၁၀:၄၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးဝင်းတင် (LL.B)

**အသက် (၆၁) နှစ်**

၁၀-၄-၂၀၂၀ ရက်တွင် လန်ဒန်မြို့၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ဘော် (တရားလွှတ်တော်ရှေ့နေ)**
**ဒေါ်အေးအေးစိုး (တရားလွှတ်တော်ရှေ့နေ)**
**သန္တာအောင်(M.Sc Covertry, University UK)**

---

## ဆရာမ ဒေါ်လှမြင့်

**အလက-၂ ဗဟန်း၊ ငြိမ်း**

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် (၂၅၅/၂၅၇)နေ (ဦးကြီးမောင်-ဒေါ်အေး)တို့၏ သမီး၊ (ဦးတင်ဦး-ဒေါ်သန်းကြင်)၊ (ဦးထွန်းအောင်-ဒေါ်ကြည်ကြည်ရွှေ)၊ (ဒေါ်ခင်ကြည်)၊ (ဦးသန်းတင့်-ဒေါ်စန်းရီ)၊ (ဦးဖေသိန်း)၊ (ဦးခင်လှိုင်-ဒေါ်ခင်ခင်ဝင်း)၊ (ဦးသောင်းထွန်း-ဒေါ်လှမေ)တို့၏ညီမ၊ (ဒေါ်ကြည်ကြည်နွဲ့)၊ (ဦးမောင်မောင်)တို့၏အစ်မ၊ တူ ၁၁ ယောက်၊ တူမ ၁၀ ယောက်တို့၏အဒေါ်သည် ၁၄-၄-၂၀၂၀ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**

## ဦးတင်ဝင်း (ခ) ဦးလုံး (၇၇) နှစ်

သုံးခွမြို့နေ (ဦးပါယာ-ဒေါ်ရုတ်ယို-ဒေါ်ကျင်ရီ) တို့၏ သားလတ်၊ (ဦးမောင်ရွှေ-ဒေါ်အေးမြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ရတနာမွန်(၂)လမ်း၊ ခြံအမှတ်(၆)နေ ဒေါ်နုနုရင်(ခ)ဒေါ်ရှု၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်ဇော်လတ်-ဒေါ်ရည်ရည်ဝင်း၊ (ဦးနိုင်ဝင်း)၊ ဦးကျော်မိုးဝင်း-ဒေါက်တာနွေးထိုက်မော်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုး ဦးတင်ဝင်း(ခ)ဦးလုံးသည် ၁၄-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၆:၃၆ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်လွင် (ခ) တူးတူး

**မန်နေဂျာ (ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ အမှတ်(၉၂/B)၊ သရက်တော(၂)လမ်းနေ ဒေါ်ငွေးငွေးဝင်း၏ခင်ပွန်း၊ မောင်ရဲမြတ်လွင်၏ဖခင်သည် ၁၄-၄-၂၀၂၀ ရက် မွန်းလွဲ ၂:၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းနိုင် (ခ) ကိုးအိန်ဗုက်

**(စက်လှေအသင်းဒုဥက္ကဋ္ဌ)**

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၂၅)နေ (ဦးကျော်ခိုင်-ဒေါ်ကြူး)တို့၏ သားကြီး၊ ဒေါ်ခင်မြင့်ဆွေ၏ခင်ပွန်း၊ ဦးပြုံးလွင်-ဒေါ်မိုးသဇင်ဝင်း၊ ဦးအောင်ဇော်ဦး-ဒေါ်ဖြိုးသစ္စာဝင်း၊ ဦးရန်မျိုးနိုင်-ဒေါ်နီလာရည်တို့၏ ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး ဦးဝင်းနိုင် (စက်လှေအသင်းဒုဥက္ကဋ္ဌ)သည် ၁၅-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၁၅ နာရီတွင် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးဖုကျန့်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်ထွဋ် (၇၄)နှစ်

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ အကျဉ်းဦးစီးဌာန**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းအိမ်ရာနေ ဒေါ်ပြုံးပြုံးကြည်(စာရေးဆရာမ ညိုလေး၊ ပေါင်းတည်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၄-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အကျဉ်းဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ညို (လက်ပံတန်း)

**အသက် (၉၁) နှစ်**

လက်ပံတန်းမြို့၊ ဘီးလင်းတန်းရပ်နေ (ဦးမောင်အုန်း-ဒေါ်သန်းခင်)တို့၏သမီးကြီး၊ [ဦးချစ်ထွန်း(စာတိုက်ဗိုလ်)]၏ ဇနီး၊ [ဒေါ်ခင်ခင်ထွန်း(ဒုညွှန်မှူး-ငြိမ်း၊ ကစလ)]၊ ဦးကျော်ကျော်(ဒုညွှန်မှူး-ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)-ဒေါ်မိမိလေး၊ ဒေါ်နီလာထွန်း(မြို့နယ်ပညာရေးမှူး၊ စမ်းချောင်းမြို့နယ်)၊ ဦးအောင်စိုး (ညွှန်မှူး-မြို့ပြ၊ ငြိမ်း)-ဒေါ်သီတာထွန်း၊ ဒေါ်မာလာထွန်း(ထွန်းရတနာရောင်းဝယ်ရေး+ M.D Anch Asia Co.,Ltd) တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ခြောက်ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ညို(လက်ပံတန်း)သည် ၁၅-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၃ နာရီတွင် ရန်ကုန်မြို့၊ ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးတင်ထွဋ် (ပေါင်းတည်)

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ အကျဉ်းဦးစီးဌာန**
**ပေါင်းတည်မြို့နယ်အသင်း ဥက္ကဋ္ဌဟောင်း**
**စွမ်းအားသစ်၊ သမဝါယမအသင်းဥက္ကဋ္ဌဟောင်း**

**အသက် (၇၄) နှစ်**

ပေါင်းတည်မြို့နေ (ဦးကွန်း-ဒေါ်တင်တင့်)တို့၏သားသမက်၊ ညောင်ပင်ကုန်းရွာနေ (ဦးညွန့်မောင်-ဒေါ်စိန်)တို့၏သားကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာနေ ဒေါ်ပြုံးပြုံးကြည်(ခ)ညိုလေး (ကျူရှင်ဆရာမ၊ စာရေးဆရာမ)၏ ကျေးဇူးရှင်ခင်ပွန်း၊ ဒုဗိုလ်မှူးကြီး မင်းချမ်းဟိန်း (လေတပ်စခန်းဌာနချုပ်)၊ ဦးမြင့်ထွန်းလင်း-ဒေါ်အိဖြူဖြူသိမ့်၊ ဦးကျော်ဇင်ဦး-ဒေါ်ဝင့်ကြည်ဖြူတို့၏ ကျေးဇူးရှင်ဖခင်၊ (ဦးခင်မြင့်)-ဒေါ်တင်ဝင်း၊ ဦးဇော်ဝင်း(မြေစာရင်းဦးစီးဌာန-ငြိမ်း)-ဒေါ်သင်းသင်းဆွေတို့၏အစ်ကိုကြီး၊ ခန့်တေဇ၊ သွန်းယုယလင်း၊ သဲသံစဉ်ထွဋ်၊ အိမ့်ဟေသာကျော်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၄-၄-၂၀၂၀ (အင်္ဂါနေ့)တွင် အမှတ်(၁) မင်္ဂလာဒုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသိန်းအောင်

**အသက် (၉၂) နှစ်**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသူ/သားဟောင်းများအသင်း၏ ကန်တော့ခံဆရာမကြီး ဒေါက်တာဒေါ်လှလှယဉ် (ဝိဇ္ဇာမျက်လုံးဆေးတိုက်)၏ဖခင်ကြီး ဦးသိန်းအောင်သည် ၉-၄-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ဆရာမကြီး မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒ ကျောင်းသူ/သားဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်ထွဋ် (၇၄)နှစ်

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ အကျဉ်းဦးစီးဌာန**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းအိမ်ရာနေ ဒေါ်ပြုံးပြုံးကြည်(စာရေးဆရာမ ညိုလေး၊ ပေါင်းတည်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၄-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကြည်ဝင်း**
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ အကျဉ်းဦးစီးဌာနနှင့် မိသားစု**

---

## အာနိစ္စ

**မူးယစ်ကို**
**ပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

---







# နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ၈ မြို့နယ်မှ အခြေခံလူတန်းစား အိမ်ထောင်စုများထံ စားသောက်ကုန်(၅)မျိုး ဆက်လက်ထောက်ပံ့

**နေပြည်တော်  မေ ၁၅**

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ၈ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများထံ နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန် စားသောက်ကုန်(၅)မျိုးကို မေ ၁၀ ရက်မှ စတင်ထောက်ပံ့လျက်ရှိရာ ယနေ့တွင်လည်း ဆက်လက်ထောက်ပံ့ပေးအပ်လျက်ရှိသည်။

**အိမ်အရောက်ဖြန့်ဝေ**

တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက "ကျွန်တော်တို့မြို့နယ်မှာ ဒီနေ့ အခြေခံစားကုန်(၅)မျိုးထောက်ပံ့တာ ပြီးပါပြီ။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေနဲ့ ရာအိမ်မှူးတွေကနေတစ်ဆင့် အိမ်အရောက်ဖြန့်ဝေပေးခဲ့တာပါ။ တပ်ကုန်းမြို့နယ်မှာ ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၄၉ စုက အိမ်ထောင်စု ၂၉၉၁၈ စုကို တာဝန်ရှိသူတွေ၊ ပရဟိတအဖွဲ့တွေနဲ့အတူ ဝိုင်းဝန်း စုပေါင်းဖြန့်ဝေခဲ့တဲ့အတွက် အလေအလွင့်မရှိအောင် စနစ်တကျ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေ၌ ထောက်ပံ့ရန်လျာထားသည့် အခြေခံလူတန်းစား အိမ်ထောင်စုမှာ

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❂



တောင်ညိုကျေးရွာအုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန် (၅) မျိုး ထောက်ပံ့ပေးအပ်စဉ်။



# မြဝတီမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၃၅၀၀ အတွက် အခြေခံစားသောက်ကုန်များ ဆက်လက်ထောက်ပံ့ပေးလျက်ရှိ

**မြဝတီ  မေ ၁၅**

ကရင်ပြည်နယ် မြဝတီမြို့တွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် သကြံန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် (၅)မျိုးအား မေ ၁၀ ရက်မှစတင်ပြီး အိမ်တိုင်ရာရောက် ထောက်ပံ့ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၅ ရက်တွင် အိမ်ထောင်စု ၃၅၀၀ အား ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံမှ သိရသည်။

ထိုသို့ ဖြန့်ဝေပေးရာတွင် ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက မြဝတီမြို့ မဲ့ထော်သလေး ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၈၄၈ စုအား ဖြန့်ဝေပေးခြင်းဖြစ်သည်။

အလားတူ မြဝတီမြို့ပေါ် ရပ်ကွက်ဖြစ်သည့် အမှတ်(၃) ရပ်ကွက်တွင် အိမ်ထောင်စု ၁၃၀၀၊ အမှတ်(၄) ရပ်ကွက်တွင် အိမ်ထောင်စု ၁၃၅၂ စု တို့ကိုလည်း သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများမှ တစ်ဆင့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ■

# လက်ရွေးစင်အသင်းအချို့၏ နည်းပြချုပ်နှင့် နည်းပြအဖွဲ့ဝင် ခန့်အပ်မှုများကို ကိုဗစ်-၁၉ ရောဂါ အခြေအနေပြီးဆုံးမှ ဆောင်ရွက်မည်

**ရန်ကုန်  မေ ၁၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အသင်းအချို့၏ နည်းပြချုပ်နှင့် နည်းပြအဖွဲ့ဝင်များ ခန့်အပ်မှုများကို ကိုဗစ်-၁၉ ရောဂါ အခြေအနေပြီးဆုံးမှသာ ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အသင်းအားလုံး၏ လေ့ကျင့်မှုများကို ရပ်နားထားပြီး ရောဂါအခြေအနေအပေါ်မူတည်၍ ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နည်းပြလက်မဲ့ဖြစ်နေသလို လက်ရွေးစင်အသင်းအချို့မှာလည်း နည်းပြအပြောင်းအလဲပြုလုပ်ရန် စီစဉ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခင်နည်းပြချုပ်ဟောင်း ဦးဝင်းသူမိုးနှင့် စာချုပ်သက်တမ်းကုန်ဆုံးသည့် ဒီဇင်ဘာလကုန်တွင် လမ်းခွဲခဲ့ပြီး နည်းပြသစ်ခန့်အပ်နိုင်ခြင်းမရှိသေးဘဲ နှစ်ဆန်းပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အိုလံပစ် တတိယအဆင့်ခြေစစ်ပွဲကို ယာယီနည်းပြအဖြစ်

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ❖



နည်းပြသစ် ခန့်အပ်ရန် ဆောင်ရွက်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း။

ကြေးမုံ  ယနေ့ ဖတ်စရာ

**ကိုရိုနာဗိုင်းရပ်စ်၏ စီးပွားရေးသက်ရောက်မှု၊ အကျိုးဆက်နှင့် အနာဂတ်အတွက်ပြင်ဆင်မှု**

ဆောင်းပါး စာမျက်နှာ » ၆



**ကမ္ဘာကြီးမှာ ထိခိုက်ခံစားနေရတာတွေအတွက် မျက်ရည်ကျမိကြောင်း အန်ဂျလီနာဂျိုလီ ဖွင့်ဟ**

စာမျက်နှာ » ၂၅



**ဟယ်ရီကိန်းကို ပြည်တွင်းပြိုင်ဘက်အသင်းတွေဆီ ရောင်းချမည်မဟုတ်ဟု စပါးအသင်း ပြောကြား**

စာမျက်နှာ » ၂၆